ကြေးမုံ
The Mirror Daily
၁၉၅၇ ခုနှစ်တွင် စတင်တည်ထောင်သည်။ Established in 1957

**ကောင်းမှုကိုပြုလုပ်ဆည်းပူး**

အနည်းငယ်သောကောင်းမှုသည် ငါ့အား အကျိုးရောက်လိမ့်မည်မဟုတ်ဟု မထီမဲ့မြင် မအောက်မေ့ရာ။ မိုးရေပေါက်သည် ကျဖန်များလတ်သော် ရေအိုးသည် ပြည့်ဘိသကဲ့သို့ ပညာရှိသည် အနည်းငယ်၊ အနည်းငယ်မျှသော ကောင်းမှုကို ပြုလုပ်ဆည်းပူးဖန်များလတ်သော် ကောင်းမှုဖြင့် ပြည့်၏။

ပါဝဂ်(ဓမ္မပဒ-၁၂၂)

၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၄ ရက်၊ သောကြာနေ့။ Friday, 26 March 2021 ၁၀၃၂၈

# ၂၀၂၁ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် ဆရာတော်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့ နေ့ဆွမ်းဆက်ကပ်လှူဒါန်း

နေပြည်တော် မတ် ၂၅

**၂၀၂၁ ခုနှစ်၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်ဆက်ကပ်ခံယူမည့် ဆရာတော်များအား ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က ယနေ့နံနက်ပိုင်းတွင် နေပြည်တော်၊ ဥပ္ပါတသန္တိစေတီတော်မြတ်ကြီး ပရိဝုဏ်အတွင်းရှိ သာသနာ့မဟာဗိမာန်တော်ကြီး၌ နေ့ဆွမ်းဆက်ကပ်လှူဒါန်းသည်။**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ဗန်းမော်ဆရာတော်ဘုရားကြီး၊ နိုင်ငံတော်သံဃမဟာ နာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန် စာသင်တိုက်ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသနှင့် ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဇနီး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဇနီး၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်နှင့် ဇနီး၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ မန်းငြိမ်းမောင်နှင့်ဇနီး၊ ဦးခင်မောင်ဆွေ၊ ဒေါ်အေးနုစိန်၊ Jeng Phang နော်တောင်၊ ဦးမောင်းဟာနှင့် ဇနီး၊ ဒေါက်တာဗညားအောင်မိုးနှင့် ဇနီး၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေးနှင့် ဇနီး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦးနှင့် ဇနီး၊ ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးသန်းကျော်၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးသိန်းစိုးနှင့်ဇနီး၊ ပြည်ထောင်စုဝန်ကြီးများနှင့်ဇနီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ ညှိနှိုင်းကွပ်ကဲရေးမှူး(ကြည်း၊ ရေ၊ လေ)နှင့် ဇနီး၊ **စာမျက်နှာ ၃ ကော်လံ ၁ သို့ ✳**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှတို့က နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက်ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာသဒ္ဓမ္မဇောတိက ဒေါက်တာ ဘဒ္ဒန္တကုမာရာဘိဝံသထံ လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

## ကြေးမုံ ယနေ့ ဖတ်စရာ

**ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာများအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံသို့ တင်ပြလျှောက်ထားပြီး သြဝါဒခံယူ**

စာမျက်နှာ » ၅

**(၇၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(အငြိမ်းစား)များ၏ အမှတ်တရရုပ်တုများ ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်**

စာမျက်နှာ » ၈

# နိုင်ငံတော်အနာဂတ်အတွက် မျှော်မှန်းထမ်းရွက်

မျက်မှောက်ကာလ မြန်မာနိုင်ငံတွင် ဖြစ်ပေါ်နေသော အခြေအနေအမှန်ကို ပြည်သူများအားလုံး သိရှိကြပြီးဖြစ်ပါသည်။ မည်သို့သော အခြေအနေအမျိုးမျိုးကြောင့် ဖြစ်ပေါ်နေသည်ဟုဆိုသော်လည်း ပြည်သူပြည်သားအားလုံး၏ အကျိုးစီးပွားအတွက် နိုင်ငံတော်အနာဂတ်အတွက်လည်း အလေးထားရမည် ဖြစ်သည်။ နိုင်ငံတော်၏ အနာဂတ်ဆိုသည်မှာ ပြည်သူပြည်သားအားလုံး၏ အနာဂတ်ပင်ဖြစ်သည်။

မိမိတို့၏ ကောင်းမွန်သည့်အနာဂတ်ကို လိုလားသည်၊ မလိုလားသည်ဆိုသည်မှာ မိမိတို့၏ စိတ်ခံစားချက်ကို ခေတ္တဖယ်ထား၍ ဓမ္မဓိဋ္ဌာန်ကျကျ ရှုမြင်ပါမှ မှန်ကန်သည့် အဖြေတစ်ခုကို ရနိုင်မည်ဖြစ်သည်။ လက်ရှိကာလတွင် ပြည်သူများအနေဖြင့် ဖြစ်ပေါ်နေသည့် စိတ်ခံစားချက်များကြောင့် ဖြစ်သင့်သည်များကို ဦးစားပေးနိုင်ခြင်းမရှိသေးဟု ဆိုရမည်ဖြစ်သည်။ မည်သို့ပင်ဖြစ်စေ တိုင်းပြည်၏ အနာဂတ်ကောင်းမှ မျိုးဆက်များ၏ အနာဂတ်အတွက် စိတ်အေးနိုင်မည်ဖြစ်၍ ပြုလုပ်ဆောင်ရွက်သင့်သည်များကို ဆောင်ရွက်ကြရမည်ဖြစ်သည်။

တိုင်းပြည်၏ အနာဂတ်အတွက် ဆောင်ရွက်ကြရသည့် ကဏ္ဍအမျိုးမျိုးရှိသည့်အနက် ပညာရေးကဏ္ဍသည် နိုင်ငံ၏အနာဂတ်အတွက် အဓိကရင်းနှီးမြှုပ်နှံပေးရသောကဏ္ဍဖြစ်သည်။ ယခုအခါ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှုကြောင့် ပညာရေးကဏ္ဍတွင် ပညာသင်ကြားမှု တစ်နှစ်ဆုံးရှုံးခဲ့သည်ကို တွေ့ရမည်ဖြစ်သည်။ ကျောင်းသား ကျောင်းသူ၊ လူငယ်လူရွယ်များအနေဖြင့် တစ်နှစ်တာ ပညာသင်ကြားရခြင်းမရှိဘဲ လေလွင့်ဆုံးရှုံးမှုမှာ လက်ရှိကာလ ကျောင်းသား ကျောင်းသူ၊ မိဘအုပ်ထိန်းသူတို့၏ အကျိုးစီးပွားအတွက်သာမက တိုင်းပြည်၏အနာဂတ်၊ လူငယ်များ၏အနာဂတ်အတွက်ပါ ထိခိုက်နစ်နာမှုရှိပေသည်။

ပညာကိုဦးစားပေးအလေးထားသောနိုင်ငံများတွင် အလားအလာကောင်းသော အနာဂတ်အဖြစ် အစဉ်အမြဲမြင်တွေ့နိုင်သည်။ ဧကန်မုချကြီးပွားသောနိုင်ငံဖြစ်လာ၍ စိတ်ချလက်ချကျေနပ်ကြကာ ကောင်းခြင်းမင်္ဂလာများနှင့် ပြည့်စုံကြပေသည်။ ဤသို့သောနိုင်ငံအဖြစ်ကို ပြည်သူများအားလုံးအနေဖြင့် လိုလားကြမည်ဖြစ်သည်။ အခြားအရေးအရာကိစ္စများကို ဆောင်ရွက်သလို ပညာရေးကဏ္ဍကို ပိုမိုဦးစားပေးကြရမည်ဖြစ်သည်။ ယခုအခါ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ စတင်တာဝန်ယူသည့်အချိန်မှစ၍ အခက်အခဲများ၊ စိန်ခေါ်မှုများ ကြီးမားစွာရှိနေသည့်ကြားမှ စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကို ဦးစားပေးစီစဉ်နေသည်။

ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားမှုကြောင့် စာသင်နှစ်တစ်နှစ် ရပ်ဆိုင်းခဲ့ရသဖြင့် ဆုံးရှုံးနစ်နာမှုများဖြစ်ပြီးနောက် ထပ်မံ၍ တိုင်းပြည်တည်ငြိမ်အေးချမ်းမှု မရှိသောကြောင့် နောက်ထပ်စာသင်နှစ်တစ်နှစ် ပေါင်းစာသင်နှစ် နှစ်နှစ်ဆုံးရှုံးခဲ့ပါလျှင် ပညာရေးကဏ္ဍတွင် ထိခိုက်ဆုံးရှုံးမှုအများဆုံးနိုင်ငံအဖြစ် မှတ်တမ်းဝင်သွားနိုင်ပြီး မျိုးဆက်သစ်များ၏ အနာဂတ်အတွက်၊ တိုင်းပြည်၏အနာဂတ်အတွက် အလားအလာမကောင်းသော အနုတ်လက္ခဏာများ ဖြစ်လာပေလိမ့်မည်။ ထို့ကြောင့် နိုင်ငံတော်အစိုးရက စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးကို အခက်အခဲကြားမှ မဖြစ်ဖြစ်အောင် ဆောင်ရွက်နေသည်ကို တွေ့ရမည်ဖြစ်သည်။

စာသင်ကျောင်းများ ပြန်လည်ဖွင့်လှစ်နိုင်ရေးအတွက် အထက်တန်းနှင့်အလယ်တန်းကျောင်းများမှ ကျောင်းအုပ်ကြီးများအား မွမ်းမံသင်တန်းဖွင့်လှစ်ပေးချိန်တွင် ပျက်ကွက်သည့် ဆရာ ဆရာမများရှိခဲ့သည်ကို တွေ့ရသည်။ ပျက်ကွက်ရသော အကြောင်းများတွင် အခြေခံပညာကျောင်းများမှ ဆရာ ဆရာမအချို့သည် CDM ပြုလုပ်မှုတွင် ပါဝင်သူများရှိသလို မပါဝင်သူများမှာလည်း ခြိမ်းခြောက်ခြင်းခံရသောကြောင့် ပျက်ကွက်ခြင်းဖြစ်ကြောင်း သိရသည်။ အခြေခံပညာသာမက အဆင့်မြင့်ပညာတက္ကသိုလ်၊ ကောလိပ်များနှင့် ဆေးပညာသင်ကြားရေးအပိုင်းများ၊ ကုသရေးအပိုင်းများတွင်ပါ CDM ပြုလုပ်သူများက မပြုလုပ်သူများကို ခြိမ်းခြောက်မှုများ ရှိနေသည်။

ဘာသာရပ်ဆိုင်ရာ ပညာရှင်များအနေဖြင့် ပညာရေးနှင့်နိုင်ငံရေးကို ခွဲခြားရှုမြင်လုပ်ကိုင်မှသာ တိုင်းပြည်၏ အနာဂတ်နှင့် မျိုးဆက်သစ်များ၏အနာဂတ်များအတွက် စိတ်အေးဖွယ်ဖြစ်ပေလိမ့်မည်။ နိုင်ငံ့ဝန်ထမ်း စည်းကမ်းဥပဒေများအပြင် ပညာရှင်များအဖို့ ပရော်ဖက်ရှင်နယ်စံနှုန်းများ၊ ကျင့်ဝတ်များကို အလေးထားဖို့လည်း လိုမည်ဖြစ်သည်။ ပညာရှင်တစ်ဦးသည် နိုင်ငံရေးကို စိတ်ဝင်စားသဖြင့် နိုင်ငံရေးလုပ်မည်ဆိုလျှင် ပညာရပ်ဆိုင်ရာ လောကကို စွန့်ပယ်ထားပြီး လုပ်ဆောင်နိုင်ပေသည်။ ပညာရပ်ဆိုင်ရာနယ်ပယ်တွင် တာဝန်ထမ်းဆောင်ဆဲဖြစ်ပြီး နိုင်ငံရေးတွင် ပါဝင်ဆောင်ရွက်မည်ဆိုပါက တိုင်းပြည်အနာဂတ်၊ မျိုးဆက်သစ်အနာဂတ်ကောင်းကျိုးအတွက် တာဝန်မကျေ ပျက်ကွက်ရာရောက်ပေသည်။

သို့ဖြစ်ရာ တိုင်းပြည်အနာဂတ်၊ မျိုးဆက်သစ်လူငယ်များအနာဂတ်အတွက် နိုင်ငံရေးနှင့်ပညာရေး မရောထွေးစေဘဲ မွန်မြတ်သောစေတနာကျင့်ဝတ်များဖြင့် သယ်ပိုးထမ်းဆောင်ကြရန် တိုက်တွန်းပါကြောင်း။ ။

## (၇၆)နှစ်မြောက် တပ်မတော်နေ့ဦးတည်ချက်

(၁) အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေး(၃)ပါးကို ဆက်လက်ထိန်းသိမ်းပြီး ဖွဲ့စည်းပုံအခြေခံဥပဒေပါ အခြေခံမူများနှင့်အညီ တိုင်းရင်းသား ပြည်သူတစ်ရပ်လုံး၏ဆန္ဒဖြစ်သည့် ဒီမိုကရေစီလမ်းကြောင်းမှ သွေဖည်မှု မရှိစေရန် ပြည်သူတစ်ရပ်လုံးနှင့်လက်တွဲ၍ တပ်မတော်က ကာကွယ်ထိန်းသိမ်းပေးရေး။

(၂) သဘာဝဘေးအန္တရာယ်ကျရောက်မှုအပါအဝင် ပြည်သူများအပေါ် ကျရောက်လာသည့် အန္တရာယ်မှန်သမျှကို မည်သည့်အခြေအနေ မည်သည့်အချိန်အခါတွင်မဆို ကာကွယ်စောင့်ရှောက်ရန်နှင့် ပြည်သူလူထု၏ လူနေမှုဘဝလုံခြုံရေးကိုပါ ဘက်ပေါင်းစုံက ကူညီဆောင်ရွက်ပေးရေး။

(၃) ပါတီစုံဒီမိုကရေစီစနစ်လမ်းကြောင်းကို လျှောက်လှမ်းရာတွင် လက်နက်ကိုင်ပဋိပက္ခချုပ်ငြိမ်းရေးသည် ပကတိလိုအပ်ချက်ဖြစ်သည့်အတွက် ထာဝရငြိမ်းချမ်းရေးတည်ဆောက်ရာတွင် ဒို့တာဝန်အရေး(၃)ပါးကို မသွေဖည်ဘဲ NCA အပေါ် အခြေခံ၍ အကောင်အထည်ဖော် ဆောင်ရွက်ရေး။

(၄) နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးနှင့် အချုပ်အခြာအာဏာကို ထိရောက်စွာ ကာကွယ်နိုင်ရန် တိုက်ပွဲစွမ်းရည်နှင့် တိုက်ပွဲစွမ်းအားရှိသော ကျစ်လျစ်ခိုင်မာတောင့်တင်းသည့် ခေတ်မီတပ်မတော်တည်ဆောက်ရေး။

## မနက်ဖြန်နံနက်အထိခန့်မှန်းချက်

နေပြည်တော် မတ် ၂၅

တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ် (တောင်ပိုင်း)၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် နေရာကွက်ကျားမိုးထစ်ချုန်းရွာနိုင်သည်။ ရွာရန်ရာနှုန်း ၆၀ ဖြစ်သည်။ ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် တိမ်အသင့်အတင့် ဖြစ်ထွန်းမည်။

မိုး/ဇလ

## ဘင်္ဂလားပင်လယ်အော်အခြေအနေ

နေပြည်တော် မတ် ၂၅

ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းတွင် တိမ်ထူထပ်နေပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အနည်းငယ်မှ တိမ်အသင့်အတင့် ဖြစ်ထွန်းနေသည်။

မိုး/ဇလ

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် ( ၂၅-၃-၂၀၂၁)

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၉၄၀၀ | ၉၄၀၀ | ၂ | ၁၈,၈၀၀ |
| MTSH | ၃,၅၅၀ | ၃,၅၀၀ | ၃၂ | ၁၁၂,၁၀၀ |
| MCB | ၈,၀၀၀ | ၈,၀၀၀ | ၁၅ | ၁၂၀,၀၀၀ |
| FPB | ၂၁,၅၀၀ | ၂၁,၅၀၀ | ၀ | ၀ |
| TMH | ၃,၀၀၀ | ၃,၀၀၀ | ၇၄ | ၂၂၂,၀၀၀ |
| EFR | ၃,၃၀၀ | ၃,၃၀၀ | ၃ | ၉,၉၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှ ရယူသည်။

## နိုင်ငံခြားငွေလဲလှယ်နှုန်း

နေပြည်တော် မတ် ၂၅

| နိုင်ငံခြားငွေလဲလှယ်နှုန်း | | | မြန်မာငွေကျပ် |
|---|---|---|---|
| (က)အမေရိကန် | တစ်ဒေါ်လာ | = | ၁၄၅၆.၉ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၇၂၀.၉ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၂၂၂.၉၇ |
| (ဃ)ထိုင်း | တစ်ဘတ် | = | ၄၆.၈၃၁ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၅၁.၄၄ |
| (စ) အိန္ဒိယ | တစ်ရူပီး | = | ၂၀.၀၅၈ |
| (ဆ) ဩစတြေးလျ | တစ်ဒေါ်လာ | = | ၁၁၀၇.၅ |
| (ဇ) စင်ကာပူ | တစ်ဒေါ်လာ | = | ၁၀၈၂.၀ |
| (ဈ) ဂျပန် | တစ်ရာယန်း | = | ၁၃၃၅.၆ |
| (ည) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၂၈.၅၅ |

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဗဟိုဘဏ်ဝက်ဘ်ဆိုက်မှ ရယူသည်။

စာတည်းမှူးချုပ် - ဦးစိုးစိုးနိုင်
စာတည်းမှူး - ဦးဝင်းနိုင်
သတင်းထောက်မှူး - ဦးမြင့်စိုး
စာတည်းများ - ဦးစန်းအောင်၊ ဦးအေဝမ်းစိုး၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး
ဘာသာပြန်စာတည်းများ - ဦးဇော်ဝင်း၊ ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်
အကြီးတန်းသတင်းထောက်များ - ဦးစိုးအောင်၊ ဒေါ်စန်းယဉ်ဥ၊ ဒေါ်နေဇာဇာထွန်း
အငယ်တန်းသတင်းထောက်များ - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး
ဓာတ်ပုံသတင်းထောက် - ဦးခင်မောင်ဝင်း
သုတေသန - ဒေါ်ဇင်မာဝင့်
စာပြင် - ဒေါ်ခိုင်သန္တာရွှေ၊ ဒေါ်ခင်ယုဆွေနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - ဒေါ်နွယ်နွယ်ထွန်း၊ ဒေါ်မျိုးမျိုးဝင်းနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - ဦးစိုးချစ်ဦး၊ ဦးစည်သူလွင်နှင့်အဖွဲ့

ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချီရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ယခုထက်ပိုပြီး ဆတက်ထမ်းပိုးတိုးပြီး လုပ်ကြဖို့လို



ယခုတိုင်းပြည်မှာ မငြိမ်မသက်ဖြစ်နေတဲ့ ကိစ္စ၊ ဆူဆူပူပူဖြစ်နေတဲ့ ကိစ္စတွေဟာ တိုင်းပြည်အတွက် အကျိုးရှိသလား၊ အကျိုးမရှိဘူးလားဆိုတာ ခင်ဗျားတို့ ထပ်စဉ်းစားဖို့လိုတယ်။ ဆူပူသောင်းကျန်းမှုတွေကို ဗမာပြည်ချစ်တဲ့လူတွေမှန်သမျှ ဝိုင်းဝန်းကူညီနှိမ်နင်းဖို့လိုတယ်။ ဘယ်သူ့ကိုမှ အားပေးဖို့မလိုဘူး။ တိုင်းသူပြည်သား ညီညွတ်ရေး၊ လူထုရဲ့ ညီညွတ်ရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးအတွက် ယခုထက်ပိုပြီး ဆတက်ထမ်းပိုးတိုးပြီးလုပ်ကြဖို့လိုတယ်။

*(၁၉၄၇ ခုနှစ်၊ ဇူလိုင်လ ၁၃ ရက်နေ့ မြို့တော်ခန်းမတွင် ကျင်းပသော ပြည်သူ့အစည်းအဝေး၌ ဗိုလ်ချုပ်အောင်ဆန်းပြောကြားခဲ့သည့် မိန့်ခွန်းမှကောက်နုတ်ချက်)*





နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ အမှူးပြုသော ဧည့်ပရိသတ်များက နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိက ဒေါက်တာဘဒ္ဒန္တကုမာရာဘိဝံသ ထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြစဉ်။

* ရှေ့ဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်(ရေ)နှင့် ဇနီး၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဇနီး၊ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားမစတင်မီ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌနှင့် ဇနီးတို့က သာသနာ့မဟာဗိမာန်တော်ကြီး အတွင်းရှိ ဗုဒ္ဓရုပ်ပွားတော်မြတ်အား မြသပိတ်ဆွမ်းတော်နှင့် သစ်သီး၊ ပန်းမန်၊ ရေချမ်း၊ ဆီမီးများ ကပ်လှူပူဇော်သည်။

ထို့နောက် အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆို ဘုရားကန်တော့ ဖွင့်လှစ်၍ နိုင်ငံတော် စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် ဇနီး အမှူးပြုသောဧည့်ပရိသတ်များက ဗန်းမော်ဆရာတော်ဘုရားကြီး ထံမှ ငါးပါးသီလခံယူဆောက်တည်ကြပြီး သံဃာတော်အရှင်သူမြတ်များ ရွတ်ပွားသရဇ္ဈာယ်တော်မူသောမေတ္တာသုတ်ပရိတ်တော်များကို နာယူကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် ဇနီးတို့က ဗန်းမော်ဆရာတော်ဘုရားကြီးထံသို့ လည်းကောင်း၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက သန်လျင်မင်းကျောင်းဆရာတော်ထံသို့ လည်းကောင်း၊ ကောင်စီအဖွဲ့ဝင်များနှင့် အခမ်းအနား တက်ရောက်လာသည့် အကြီးအကဲများက ဆရာတော်ကြီးများထံသို့ လည်းကောင်း လှူဖွယ်ဝတ္ထုပစ္စည်းများ အသီးသီး ဆက်ကပ်လှူဒါန်းကြသည်။

ထို့နောက် သန်လျင်မင်းကျောင်း ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုအတွက် ရေစက်သွန်းလောင်းအမျှပေးဝေကြပြီး ဗုဒ္ဓသာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆို၍ အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီး ဒေါ်ကြူကြူလှ၊ ကောင်စီဒုတိယ ဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီအဖွဲ့ဝင်များနှင့်ဇနီးများ၊ အခမ်းအနား တက်ရောက်လာကြသူများက ဆရာတော်၊ သံဃာတော်များအား နေ့ဆွမ်း ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သတင်းရရှိသည်။

သတင်းစဉ်



နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီး ချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း သန်လျင်မြို့၊ မင်းကျောင်း ပထမပြန်စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာဘဒ္ဒန္တ စန္ဒိမာဘိဝံသထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ် လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ဇနီးတို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးတင်အောင်စန်းနှင့် ဇနီးတို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်နှင့် ဇနီးတို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါ်အေးနုစိန် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် Jeng Phang နော်တောင် ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဦးမောင်းဟာနှင့် ဇနီးတို့ ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် ဒေါက်တာဗညားအောင်မိုး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးထွန်းထွန်းဦး ဆရာတော်ထံ လှူဖွယ်ပစ္စည်းများ ဆက်ကပ်လှူဒါန်းစဉ်။

**ကမ္ဘာ့အပူချိန်လျှော့ချဖို့ အိုဇုန်းလွှာကာကွယ်မှုနဲ့အတူ ဆက်လက်ဆောင်ရွက်စို့**

# ကမ္ဘာပေါ်ရှိ ထိုင်တော်မူကျောက်ဆစ်ရုပ်ပွားတော်များအနက် ဉာဏ်တော်အမြင့်ဆုံးဖြစ်လာမည့် ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာများအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံသို့ တင်ပြလျှောက်ထားပြီး ဩဝါဒခံယူ



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံမှ ဩဝါဒခံယူစဉ်။

**နေပြည်တော် မတ် ၂၅**

ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာများအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံသို့ တင်ပြလျှောက်ထားခြင်းနှင့် ဩဝါဒခံယူခြင်းအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့် ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်မင်္ဂလာနေရာ၌ ကျင်းပပြုလုပ်သည်။

**တက်ရောက်ကြည်ညို**

အခမ်းအနားသို့ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ၊ မန္တလေးမြို့၊ ဗန်းမော်ကျောင်းတိုက် ပဓာနနာယက၊ အဘိဓဇမဟာရဋ္ဌဂုရု၊ အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဒေါက်တာဘဒ္ဒန္တ ကုမာရာဘိဝံသ ဆရာတော်ကြီး၊ နိုင်ငံတော် သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင်၊ သန်လျင်မြို့၊ မင်းကျောင်းပထမပြန် စာသင်တိုက် ပဓာနနာယက အဂ္ဂမဟာပဏ္ဍိတ၊ အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ ဒေါက်တာ ဘဒ္ဒန္တစန္ဒိမာဘိဝံသနှင့် ဘွဲ့တံဆိပ်တော်ရ ဆရာတော်၊ သံဃာတော်များ ကြွရောက်ချီးမြှင့်တော်မူကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေး ဦးစီးချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကို၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဒေါက်တာမောင်မောင်နိုင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြည်ညိုကြသည်။

ဦးစွာ နမောတဿ သုံးကြိမ် ရွတ်ဆိုဘုရားကန်တော့၍ အခမ်းအနားကို ဖွင့်လှစ်ပြီး ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ပူဇော်ရေးနှင့်စပ်လျဉ်း၍ တင်ပြလျှောက်ထားရာတွင် နေပြည်တော်၌ ဉာဏ်တော် ၈၁ ပေအမြင့်ရှိ စကျင်ဆင်းတုတော်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကိုပြသရန်၊ တိုင်းပြည်အေးချမ်းသာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသတိုးတက်စည်ကားမှုဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုအထောက်အကူဖြစ်စေရန် ဟူသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန်လုပ်ဆောင်ခဲ့ခြင်းဖြစ်ပါကြောင်း။

အဆိုပါ ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီးအဖြစ် ထုဆစ်ပူဇော်မည့် စကျင်ကျောက်တော်ကြီးကို Angelo Mining Company မှ ဦးအောင်ခိုင်သန်း မိသားစုတို့က ၂၀၁၃ ခုနှစ်တွင် Shwe Foundation သို့ လှူဒါန်းခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၇ ခုနှစ်နှောင်းပိုင်းတွင် Shwe Foundation ၏ မေတ္တာရပ်ခံချက်အရ တပည့်တော် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ဦးဆောင်သည့် ခုနစ်ရက်သားသမီးဘုရားဒါယကာ၊ ဒါယိကာမတို့က သီတဂူဆရာတော်ဘုရားကြီး၊ ရွှေသုဝဏ်ဆရာတော်ဘုရားကြီးနှင့် ပါမောက္ခချုပ်ဆရာတော် ဘုရားကြီးတို့၏ ဩဝါဒများနှင့်အညီ ခေတ်မီနည်းစနစ်များဖြင့် ထုဆစ်ပူဇော်နိုင်ရန် ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ၂၀၁၈ ခုနှစ်တွင် လေ့လာရေးလုပ်ငန်းများကို စတင်ဆောင်ရွက်ခဲ့ပြီး စကျင်ကျောက်တော်ကြီးမှ ထွက်ရှိလာနိုင်သည့် အတိုင်းအတာ၊ ထုထည်နှင့် အပြစ်အနာအဆာရှိမှုအခြေအနေများကို သိရှိနိုင်ရန်ကျောက်တော်ကြီးအား တူးဖော်၍ X-Ray ရိုက် စမ်းသပ်စစ်ဆေးခဲ့ရပါကြောင်း၊ ထိုမှတစ်ဆင့် ထွက်ပေါ်လာသည့် ကျောက်တော်ကြီးအားလှဲ၍ အကြမ်းထည် ပုံဖော်ကြည့်ရှုရာတွင် ဉာဏ်တော် ၆၅ ပေ ထွက်ရှိနိုင်သည်ကို တွက်ချက်ရရှိကာ ပလ္လင်တော် ၁၈ ပေ ထပ်မံထည့်သွင်းနိုင်ရေး လုပ်ဆောင်ခဲ့ရပါကြောင်း၊ ၂၀၂၀ ပြည့်နှစ်၊ ဇူလိုင်လတွင် သီတဂူဆရာတော်ဘုရားကြီးအား ပင့်ဆောင်၍ လိုအပ်သည့် လမ်းညွှန်မှာကြားမှုများကို ဩဝါဒခံယူခဲ့ပါကြောင်း၊ ထို့အတူ ရွှေသုဝဏ်ဆရာတော်ဘုရားကြီး၊ ပါမောက္ခချုပ်ဆရာတော်ဘုရားကြီးနှင့် ပါဠိတက္ကသိုလ်ကျောင်းတိုက် ဆရာတော်ကြီးတို့ထံမှလည်း ဩဝါဒနာယူခဲ့ပါကြောင်း။

**ထုဆစ်ပူဇော်သွားမည်**

ရုပ်ပွားတော်မြတ်ကြီးကို ထုဆစ်ပူဇော်ရာတွင် မြတ်စွာဘုရားရှင်၏ သုံးဆယ့်နှစ်ပါးသော လက္ခဏာတော်ကြီး၊ ရှစ်ဆယ်သော လက္ခဏာတော်ငယ်တို့နှင့် သင့်လျော်ညီညွတ်သော ဘူမိဖဿမုဒြာဟန်ဖြင့် ထုဆစ်ပူဇော်သွားမည်ဖြစ်ပြီး ပလ္လင်တော်အမြင့် ၁၈ ပေ၊ ဉာဏ်တော်အမြင့် ၆၃ ပေ စုစုပေါင်း ၈၁ ပေ အမြင့်ရှိမည်ဖြစ်ပြီး ခန့်မှန်းအလေးချိန်အနေဖြင့် ဆင်းတုတော် ၁၇၂၀ တန်၊ ပလ္လင်တော် ၃၀၆၀ တန် စုစုပေါင်း တန်ချိန် ၄၇၈၀ တန်ရှိမည်ဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံတွင် တည်ထားကိုးကွယ်ထားရှိသည့် ကျောက်တော်ကြီးဘုရားများအနေဖြင့် မြန်မာသက္ကရာဇ် ၁၀၉၂ ခုနှစ်၊ အင်းဝမြို့တွင် တနင်္ဂနွေမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် မဟာလောကသရဖူ ကျောက်တော်ကြီးဘုရား (ဉာဏ်တော်အမြင့် ၂၇ ပေ ၆ လက်မ)၊ မြန်မာသက္ကရာဇ် ၁၁၄၈ ခုနှစ်၊ အမရပူရမြို့တွင် တောင်မင်းကြီး ကိုးကွယ်ခဲ့သည့် တောင်မင်းကြီး ကျောက်တော်ကြီးဘုရား (ဉာဏ်တော်အမြင့် ၁၃ ပေ ၉ လက်မ)၊ မြန်မာသက္ကရာဇ် ၁၂၂၇ ခုနှစ်၊ မန္တလေးမြို့တွင် မင်းတုန်းမင်းကြီး တည်ထားကိုးကွယ်ခဲ့သည့် မဟာသကျမာရဇိန်ကျောက်တော်ကြီးဘုရား (ဉာဏ်တော် အမြင့် ၂၆ ပေ ၃ လက်မ)၊ မြန်မာသက္ကရာဇ် ၁၃၆၃ ခုနှစ်၊ ခရစ်နှစ် ၂၀၀၁ ခုနှစ်၊ နိုင်ငံတော် အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီလက်ထက်တွင် ရန်ကုန်မြို့၌ တည်ထားကိုးကွယ်ခဲ့သည့် လောကချမ်းသာအဘယလာဘမုနိ ကျောက်တော်ကြီးဘုရား(ဉာဏ်တော်အမြင့် ၃၇ ပေ ၇ လက်မ)နှင့် မြန်မာသက္ကရာဇ် ၁၃၇၇ ခုနှစ်၊ ခရစ်နှစ် ၂၀၁၅ ခုနှစ်၊ နိုင်ငံတော်သမ္မတ ဦးသိန်းစိန်လက်ထက်တွင် နေပြည်တော်၌ တည်ထားကိုးကွယ်ခဲ့သည့် မဟာသကျရံသီကျောက်တော်ကြီးဘုရား (ဉာဏ်တော်အမြင့် ၃၂ ပေ) တို့ပင် ဖြစ်ပါကြောင်း၊ ပြည်ပနိုင်ငံများရှိ ထိုင်တော်မူ ဆင်းတုတော်ကြီးများကို လေ့လာခဲ့ရာတွင် ၁၉၈၉ ခုနှစ်တွင် အိန္ဒိယနိုင်ငံ၌ သဲကျောက်၊ နမ်းဖတ်ကျောက်တို့ဖြင့် တည်ထားကိုးကွယ်ခဲ့သည့် Great Buddha ဘုရား (ဉာဏ်တော်အမြင့် ၆၄ ပေ)၊ အေဒီ ၁၂၅၂ ခုနှစ်တွင် ဂျပန်နိုင်ငံ၌ ကြေးပြားသွန်းလုပ်ပူဇော်ထားရှိသည့် Kamakura Daibutsu ဘုရား (ဉာဏ်တော်အမြင့် ၄၃ ပေ ၈ လက်မ) နှင့် ၂၀၁၄ ခုနှစ်တွင်

စာမျက်နှာ ၇ သို့ ○



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ပြည်ထောင်စုနယ်မြေ၊ နေပြည်တော်၊ ဒက္ခိဏသီရိမြို့နယ်ရှိ ဗုဒ္ဓဥယျာဉ်တော်တွင် တည်ထားပူဇော်မည့် ဘူမိဖဿမုဒြာ ထိုင်တော်မူကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းဆိုင်ရာများအား နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများထံ တင်ပြလျှောက်ထားစဉ်။

# နိုင်ငံတော်၏သမိုင်းကြောင်းနှင့်အတူ ယှဉ်တွဲနေသောပြည်သူ့တပ်မတော်

**အောင်ဇေယျ**

(ယမန်နေ့မှ အဆက်)

**ဖက်ဆစ်ဂျပန်တော်လှန်ရေးနှင့် ပြည်သူ့လွတ်လပ်ရေးတပ်မတော်**

မြန်မာပြည်သူလူထု တစ်ရပ်လုံးသည် လွတ်လပ်ရေးနှင့်ပတ်သက်၍ ကတိမတည်ခြင်း၊ အတုအယောင် လွတ်လပ်ရေးကိုသာပေးခြင်း၊ ဖက်ဆစ်ပီသစွာ နှိပ်စက်ညှဉ်းပန်းခြင်းတို့ကြောင့် ဖက်ဆစ်ဂျပန်ကို ဆန့်ကျင်တော်လှန်လိုကြသည်။ ဗိုလ်ချုပ်အောင်ဆန်းသည် မြန်မာနိုင်ငံအတွင်းရှိ ဖက်ဆစ်ဆန့်ကျင်ရေးအင်အားစုများကို စုစည်းခဲ့သည်။ ၁၉၄၄ ခုနှစ် ဩဂုတ်လတွင် "ဗမာ့တပ်မတော်"၊ "ပြည်သူ့အရေးတော်ပုံပါတီ"နှင့် "ကွန်မြူနစ်ပါတီ"တို့ လျှို့ဝှက်စည်းရုံးကာ "ဖက်ဆစ်တိုက်ဖျက်ရေး ပြည်သူ့အဖွဲ့ချုပ်" (Anti–Fascist Organization) ကို ဖွဲ့စည်းခဲ့သည်။ **ဤကား ဗမာ့တပ်မတော်သည် ပါတီများနှင့်အတူ အမျိုးသားနိုင်ငံရေးတွင်ပါဝင်၍ လွတ်လပ်ရေးရရှိအောင် ကြိုးပမ်းခဲ့သော သာဓကဖြစ်၏။** ထိုအစည်းအဝေးသို့ ဗမာ့တပ်မတော်မှ ဗိုလ်ချုပ်အောင်ဆန်း၊ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးကြီးလကျ်ာ၊ ဗိုလ်မှူးကြီးဇေယျ၊ ဗိုလ်မှူးကျော်ဇော၊ ဗိုလ်မှူးရန်အောင်၊ ဗိုလ်မှူးအောင်၊ ဗိုလ်မှူးဗထူး၊ ဗိုလ်အောင်ကြီး၊ ဗိုလ်မောင်မောင်၊ ဗိုလ်ခင်မောင်ကလေး၊ ဗိုလ်စောကြာဒိုး၊ ဗိုလ်ဖိုးကွန်း၊ ပြည်သူ့အရေးတော်ပုံပါတီမှ သခင်ချစ်၊ ဦးကျော်ငြိမ်း၊ ကွန်မြူနစ်ပါတီမှ သခင်စိုး၊ သခင်သန်းထွန်းတို့ တက်ရောက်ခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းကို အဖွဲ့ချုပ်ဥက္ကဋ္ဌအဖြစ် တင်မြှောက်ခဲ့ကြသည်။ **တပ်မတော်သားများသည် စစ်ရေးတွင်သာမက အမျိုးသားနိုင်ငံရေးတွင်လည်း ပါဝင်ခဲ့ကြောင်း တွေ့ရှိရသည်။**

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၃ ခုနှစ် နိုဝင်ဘာလတွင် အိန္ဒိယမှ လျှို့ဝှက်စွာပြန်လာသော သခင်တင်ရွှေမှတစ်ဆင့် မဟာမိတ်တို့နှင့် အဆက်အသွယ်ရခဲ့သည်။ အိန္ဒိယတွင်ရှိနေသော သခင်သိန်းဖေမှတစ်ဆင့် မဟာမိတ်စစ်အာဏာပိုင်တို့နှင့် ဆက်သွယ်ကာ စစ်ပညာနှင့် ဖောက်ခွဲဖျက်ဆီးရေးပညာများသင်ယူရန် တော်လှန်ရေးရဲဘော်များကို အိန္ဒိယနိုင်ငံသို့ စေလွှတ်ခဲ့သည်။

အင်ဖာ–ကိုဟီးမား စစ်မျက်နှာ၌ ဂျပန်တပ်များ အရေးနိမ့်ဆုတ်ခွာရစဉ် ထိုးဖောက်လာသော ဗြိတိသျှတပ်များကို ခုခံတိုက်ခိုက်ရန် ဗမာ့အမျိုးသားတပ်မတော်အား စစ်မျက်နှာတစ်ခုဖွင့်၍ တိုက်ခွင့်ပြုဖို့ ဗိုလ်ချုပ်အောင်ဆန်းက ဂျပန်စစ်အာဏာပိုင်များကို တောင်းဆိုသည်။ စစ်ရေးအကျပ်အတည်းတွေ့နေသော ဂျပန်တို့ကလိုက်လျောခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်းသည် ၁၉၄၅ ခုနှစ် မတ်လဆန်းတွင် ဗမာ့တပ်မတော်မှ ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးကြီးလကျ်ာ၊ ဗိုလ်မှူးကြီးဇေယျ၊ ဗိုလ်မှူးကြီး စောကြာဒိုး၊ ဗိုလ်မှူးကျော်ဇော၊ ဗိုလ်မှူးဗထူး၊ ဗိုလ်မှူးရန်အောင်၊ ဗိုလ်မှူးရဲထွဋ်၊ ဗိုလ်မှူးဖိုးကွန်း၊ ဗိုလ်မှူးအောင်ကြီး၊ ဗိုလ်မှူးမောင်မောင်၊ ဗိုလ်စိန်မောင်၊ ဗိုလ်ခင်မောင်ကလေး၊ ပြည်သူ့အရေးတော်ပုံပါတီမှ ဦးဗဆွေ၊ ဦးကျော်ငြိမ်း၊ သခင်ချစ်၊ ကွန်မြူနစ်ပါတီမှ သခင်စိုး၊ သခင်သန်းထွန်း၊ သခင်တင်မြတို့ဖြင့် လျှို့ဝှက်အစည်းအဝေးပြုလုပ်၍ ဖက်ဆစ်တိုက်ဖျက်ရေးအဖွဲ့ချုပ်ကို "ဖက်ဆစ်တိုက်ဖျက်ရေး၊ ပြည်သူ့ လွတ်လပ်ရေးအဖွဲ့ချုပ် (ဖတပလ)"ဟုပြင်ဆင်ကာ အောက်ပါအတိုင်း စစ်တိုင်းနှင့် စစ်နယ်မြေများ သတ်မှတ်ခဲ့ကြသည်။

(၁) တိုင်း–၁၊ ပြည်၊ သာယာဝတီ၊ အင်းစိန်၊ ဟင်္သာတအရှေ့၊ (၂) တိုင်း–၂၊ ဟံသာဝတီ၊ မအူပင်၊ ဖျာပုံ၊ (၃) တိုင်း–၃၊ ပုသိမ်၊ ဟင်္သာတအနောက်၊ မြောင်းမြ၊ (၄) တိုင်း–၄၊ ပဲခူး၊ ရွှေကျင်၊ သထုံ၊ (၅) တိုင်း–၅၊ မော်လမြိုင်၊ ထားဝယ်၊ မြိတ်၊ (၆) တိုင်း–၆၊ မိတ္ထီလာ၊ ပျဉ်းမနား၊ တောင်ငူ၊ တောင်ပိုင်း ရှမ်းပြည်၊ (၇) တိုင်း–၇၊ သရက်၊ အောင်လံ၊ မကွေး၊ မင်းဘူးတို့အပြင် ရခိုင်တိုင်း၊ အထက်ဗမာပြည်တိုင်းနှင့် ရန်ကုန်တိုင်းတို့ကိုလည်း သတ်မှတ်ခဲ့သည်။ တော်လှန်မည့်ရက်ကို ၁၉၄၅ ခုနှစ် ဧပြီလ ၂ ရက်နေ့ဟု သတ်မှတ်ပေးခဲ့သည်။

ဗမာ့တပ်မတော်သည် ဖက်ဆစ်ဂျပန်ကို တော်လှန်ရန် ရက်သတ်မှတ်ပြီးသော်လည်း အခြေအနေအရ မူလစီမံချက်ကြီး မပေါက်ကြားအောင် ပြောင်းလွယ်ပြင်လွယ် လုပ်ဆောင်ရသည်များ ရှိခဲ့သည်။ ဗိုလ်မှူးဗထူး တာဝန်ယူထားသော အထက်ဗမာပြည်တိုင်းတွင် မဟာမိတ်တပ်များက စစ်ကိုင်း၊ မန္တလေးအထိ ထိုးဖောက်ဝင်ရောက်လာသည်။ ဧပြီလ ၂ ရက်နေ့အထိစောင့်လျှင် ဗိုလ်မှူးဗထူး၏ တပ်များသည် မဟာမိတ်တပ်နှင့် ဂျပန်တပ်ကြားတွင် နှစ်ဖက် ညှပ်တိုက်ခံရမည့် အန္တရာယ်ရှိသောကြောင့် ဖက်ဆစ်ဂျပန်ကို သတ်မှတ်ရက်ထက် ကြိုတင်တော်လှန်ခွင့်ပြုရန် ဗိုလ်ချုပ်အောင်ဆန်းထံ တင်ပြခဲ့သည်။ သို့ဖြင့် ဗိုလ်မှူးဗထူးက ဒေါက်တာဘမော်၏ မြန်မာနိုင်ငံအစိုးရနှင့် ဗိုလ်ချုပ်အောင်ဆန်း ဦးဆောင်သည့် ဗမာ့တပ်မတော်သည် ဂျပန်တို့၏ ညှဉ်းပန်းနှိပ်စက်မှုများကို အကာအကွယ် မပေးနိုင်သောကြောင့် ၎င်း၏လက်အောက်ရှိ တပ်များသည် ၁၉၄၅ ခုနှစ် မတ်လ ၈ ရက်မှစ၍ ဖက်ဆစ်ဂျပန်တို့အား တော်လှန်တိုက်ခိုက်ပြီးဖြစ်ကြောင်း စစ်ကြေညာခဲ့သည်။ စစ်ကြေညာချက်တွင် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာ့တပ်မတော်ကိုပါ ဆန့်ကျင်သည့်သဘောပါဝင်သဖြင့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ဗမာ့တပ်မတော်စစ်ဌာနချုပ်ကို ဂျပန်တို့က သံသယမဝင်ခဲ့ချေ။ ရခိုင်တိုင်းတွင်လည်း အခြေအနေအရ ဖက်ဆစ်ဂျပန်တော်လှန်ရေးကို စောစီးစွာပြုလုပ်ခဲ့သည်။



(၇၁)နှစ်မြောက် တပ်မတော်နေ့ စစ်ရေးပြအခမ်းအနားကျင်းပစဉ်။

၁၉၄၅ ခုနှစ် မတ်လ ၁၇ ရက်နေ့တွင် ဘောင်ဒရီလမ်းနှင့် ဦးဝိစာရလမ်းထောင့်ရှိ ကွင်းပြင် (ယခုတော်လှန်ရေးပန်းခြံ)တွင် ဗမာ့တပ်မတော် တပ်ထွက်ပွဲအခမ်းအနား ကျင်းပခဲ့သည်။ အခမ်းအနားသို့ နိုင်ငံတော်အဓိပတိ ဒေါက်တာဘမော်၊ စစ်ဝန်ကြီးဗိုလ်ချုပ်အောင်ဆန်း၊ ဗမာ့တပ်မတော် တပ်မှူးကြီးများဖြစ်ကြသည့် ဗိုလ်မှူးကြီးနေဝင်း၊ ဗိုလ်မှူးကြီးလကျ်ာ၊ ဗိုလ်မှူးကြီး ဇေယျနှင့် ဗမာ့တပ်မတော် အကြံပေးအရာရှိချုပ် ဗိုလ်ချုပ်ဆာကုရိုင်းတို့ တက်ရောက်ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းက စစ်မြေပြင်ထွက်လျှင် ဆင်းရဲပင်ပန်းပြီး အခက်အခဲများနှင့် ရင်ဆိုင်ရမည်ဖြစ်ကြောင်း၊ ဗမာပီပီ ဗမာ့သွေးကိုပြရန်လိုကြောင်းနှင့် အနီးကပ်ရန်သူကိုရှာပြီး ချေမှုန်းကြရန် ရဲရဲတောက်မိန့်ခွန်း ပြောကြားခဲ့သည်။ ထို့နောက် ဗမာ့တပ်မတော်၏တပ်များသည် တာဝန်ကျရာစစ်တိုင်းများသို့ ထွက်ခွာကြသည်။

ဗိုလ်ချုပ်အောင်ဆန်း၏ ရှေ့တန်းစစ်ဌာနချုပ်သည် တိုင်း(၇)စစ်နယ်မြေထဲရှိ သရက်မြို့ အနောက်ဘက် သရက်ချောင်းရွာတွင် ရုံးစိုက်သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးစစ်ကြောင်းများကို ထိုနေရာမှကွပ်ကဲသည်။

မတ်လ ၂၄ ရက်နေ့တွင် ဗိုလ်ချုပ် ရွှေတောင်၌ ရှိနေစဉ် တိုင်း(၄)၏တိုင်းမှူး ဗိုလ်မှူးကျော်ဇောက ပဲခူးရှိ ၎င်း၏တပ်များကို ဂျပန်များက မသင်္ကာဖြစ်နေကြောင်း၊ ရန်ကုန်မှ ဂျပန်အရာရှိများ ပဲခူးလာ၍ ၎င်းတပ်များ၏အခြေအနေကို စစ်ဆေးကြောင်း၊ ထို့ကြောင့် ဖက်ဆစ်ဂျပန်တော်လှန်ရေးကို ၁၉၄၅ ခုနှစ် မတ်လ ၂၇ ရက်နေ့တွင် စတင်ခွင့်ပြုပါရန် စာရေးသားပေးပို့သဖြင့် ဗိုလ်ချုပ်အောင်ဆန်းက အခြေအနေအရပ်ရပ်ကိုသုံးသပ်ကာ ခွင့်ပြုခဲ့သည်။ ဤသို့ဖြင့် ဖက်ဆစ်ဂျပန်တော်လှန်မည့်ရက်ကို ဧပြီလ ၂ ရက်နေ့အစား မတ်လ ၂၇ ရက်နေ့သို့ ပြောင်းရွှေ့ကြောင်း စစ်ကြောင်းအသီးသီးသို့ အကြောင်းကြားခဲ့သည်။

**ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် ဗမာ့တပ်မတော်သည် "ပြည်သူ့လွတ်လပ်ရေး တပ်မတော်" အမည်ခံယူခဲ့သည်။** ပြည်သူ နှင့်မကင်းကွာဘဲ ပြည်သူ့အကျိုးကိုကာကွယ်မည့် အဓိပ္ပာယ်ကို ထိုစဉ်ကပင် ဖော်ဆောင်ခဲ့သည်။ ဤတော်လှန်ရေးတွင် တပ်မတော်သားများသာမက ပြည်သူတစ်ရပ်လုံး လှည်းနေလှေအောင်း မြင်းဇောင်းမကျန် ပါဝင်ခဲ့ကြသည်။ ပြည်သူ့လွတ်လပ်ရေးတပ်မတော်သည် ဗြိတိသျှတပ်များကို တိုက်ထုတ်ခဲ့စဉ်က သမားရိုးကျ စစ်ဆင်ရေးကို သုံးခဲ့သည်။ ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင်မူ ပြောက်ကျားစစ်ဆင်ရေးကို အသုံးပြုခဲ့သည်။ ပြည်သူတစ်ရပ်လုံး ပါဝင်သောကြောင့် ပြည်သူ့စစ်လည်း ဖြစ်သည်။

စာမျက်နှာ ၇ သို့ ❖

**ဗမာ့လွတ်လပ်ရေးတပ်မတော်က နယ်ချဲ့ဗြိတိသျှတပ်များကို တိုက်ထုတ်ခဲ့သော စစ်ဆင်ရေးသည်လည်းကောင်း၊ ပြည်သူ့လွတ်လပ်ရေးတပ်မတော်က ဖက်ဆစ်ဂျပန်တပ်များကို တိုက်ထုတ်ခဲ့သော တော်လှန်ရေးသည်လည်းကောင်း၊ မြန်မာနိုင်ငံကို ကျွန်တွင်းမှဆွဲထုတ်ရာတွင် အဓိကဆွဲတင်ပေးခဲ့သော လက်ချောင်းကြီးနှစ်ချောင်းဖြစ်သည်။ ယင်းတို့က တွင်းနှုတ်ခမ်းဝရောက်အောင် ဆွဲတင်မှေးထားပြီးမှ နိုင်ငံရေးလှုပ်ရှားမှု၊ တိုင်းရင်းသားညီညွတ်မှုအားဖြင့် လွတ်လွတ်ကျွတ်ကျွတ် ဆွဲထုတ်ကယ်တင်နိုင်ခဲ့ခြင်းဖြစ်၏။**

❍ စာမျက်နှာ ၅ မှ
ထိုင်းနိုင်ငံ ဖူးခက်မြို့၌ အာစီကွန်ကရစ်ဖြင့် တည်ဆောက်ထားပြီး စကျင်ကျောက်ကပ်ထားသည့် Phuket Big Buddha ဘုရား (ဉာဏ်တော်အမြင့် ၁၄၈ ပေ)တို့ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ ထို့ကြောင့် ယခုဆင်းတုတော်ကြီး တည်ထားကိုးကွယ်ပြီးစီးပါက မြန်မာတွင်သာမက ကမ္ဘာ့နိုင်ငံများတွင်ပါ စကျင်ကျောက်တော်ကြီးဖြင့် ထုဆစ်သည့် ဆင်းတုတော်ကြီးများအနက် အကြီးဆုံး၊ ဉာဏ်တော်အမြင့်မားဆုံး ဆင်းတုတော်ကြီးဖြစ်လာမည်ဖြစ်ပါကြောင်း။

ဆင်းတုတော်ကြီးအား နေပြည်တော်တွင် တည်ထားကိုးကွယ်နိုင်ရေးအတွက် ပင့်ဆောင်ရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာတွင် ထုထည်ပမာဏကြီးမားသောကြောင့် မူလဉာဏ်တော်အမြင့်ကို မထိခိုက်စေဘဲ အစိတ်အပိုင်း လေးပိုင်းခွဲ၍လည်းကောင်း၊ ပလ္လင်တော်ကို အစိတ်အပိုင်း ငါးပိုင်းခွဲ၍လည်းကောင်း အပိုင်းလိုက်ဖြတ်တောက်၍ သယ်ယူနိုင်ရန် စီစဉ်ဆောင်ရွက်ခဲ့ရပါကြောင်း၊ သယ်ဆောင်နိုင်ရေးအတွက် စကျင်ကျောက်တော်ကြီးတည်ရှိရာ မတ္တရာမြို့နယ် စကျင်တောင်မှ မြောင်မြစ်အထိ မြေကြီးကျင်းပေါင်း ၉၂၅၀၇ ကျင်းပါရှိသည့် တူးမြောင်းဖောက်လုပ်ကာ Barge ရေယာဉ်ပေါ်သို့ တင်ဆောင်နိုင်ရေးလုပ်ဆောင်ခဲ့ရပါကြောင်း၊ ယင်းမှတစ်ဆင့် ဧရာဝတီမြစ်ကြောင်းအတိုင်း မြင်းခြံမြို့နယ်ရှိ ဆီမီးခုံဆိပ်ကမ်းသို့ ပထမအဆင့် ပင့်ဆောင်ပူဇော်ရပါကြောင်း၊ ဆီမီးခုံဆိပ်ကမ်းတွင် အလေးချိန်လျှော့ချခြင်းလုပ်ငန်းများကို လုပ်ဆောင်ခဲ့ပြီး ယင်းမှတစ်ဆင့် မန္တလေး-ရန်ကုန် အမြန်လမ်းအတိုင်း Modular Trailer များဖြင့် နေပြည်တော်သို့ ဆက်လက်ပင့်ဆောင်ခဲ့ရခြင်းဖြစ်ပါကြောင်း။

**တန်ချိန် ၇၆၃၂ တန်**

လက်ရှိအချိန်ထိ နေပြည်တော်သို့ စုစုပေါင်း ငါးကြိမ် သယ်ဆောင်ပြီးစီးခဲ့ပြီး ထပ်မံသယ်ယူပင့်ဆောင်ရန် နှစ်ကြိမ်ကျန်ရှိမည်ဖြစ်ကာ စုစုပေါင်း အလေးချိန် တန်ချိန် ၇၆၃၂ တန်ကို သယ်ဆောင်ရမည်ဖြစ်ပါကြောင်း၊ နေပြည်တော်သို့ အားလုံးရောက်ရှိပါက အစိတ်အပိုင်းများအားလုံး ပြန်လည်တွဲဆက်ခြင်းလုပ်ငန်းများကို ခိုင်ခိုင်မာမာဖြစ်အောင် အဆင့်မြင့်နည်းပညာများဖြင့် လုပ်ဆောင်မည်ဖြစ်ပြီး CNC Machine များဖြင့် ပုံဖော်ထုဆစ်ခြင်းလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ဆင်းတုတော်ကြီးတည်ထားမည့် ဥယျာဉ်တော်အတွင်း၌ ရပ်နီးရပ်ဝေးမှ ဘုရားဖူးလာပြည်သူများ အဆင်ပြေစေရေးအတွက် ဂန္ဓကုဋိတိုက်များ၊ ဓမ္မာရုံများ၊ မော်ကွန်းတိုက်များ၊ သုဓမ္မာဇရပ်၊ ဘုတ်တလုတ်ရေကန်၊ ရေပန်းများကို ရတနာပုံခေတ်လက်ရာများအတိုင်း ထည့်သွင်းတည်ဆောက်သွားမည်ဖြစ်ပါကြောင်း၊ ဂန္ဓကုဋိတိုက်အတွင်း၌လည်း ဗုဒ္ဓယဉ်ကျေးမှုများ၊ ဗုဒ္ဓဝင်များကို စကျင်ကျောက်များဖြင့် ထုဆစ်ပူဇော်သွားမည်ဖြစ်ပါကြောင်း၊

**နေပြည်တော်၌ ဉာဏ်တော် ၈၁ ပေအမြင့်ရှိ စကျင်ဆင်းတုတော်ကြီးကို မြန်မာနိုင်ငံတွင် ထေရဝါဒဗုဒ္ဓသာသနာတော်ကြီး ခိုင်မာစွာ ထွန်းလင်းတောက်ပလျက်ရှိသည်ကို ကမ္ဘာကို ပြသရန်၊ တိုင်းပြည်အေးချမ်း သာယာမှုရှိစေရန်၊ ရုပ်ပွားတော်မြတ်ကြီးအား ပြည်တွင်းပြည်ပ ဘုရားဖူးများ လာရောက်ခြင်းဖြင့် ဒေသ တိုးတက် စည်ကားမှုဖြစ်စေရန်၊ နိုင်ငံတော်ဖွံ့ဖြိုး တိုးတက်မှုအထောက်အကူဖြစ်စေရန် စသည့် ရည်ရွယ်ချက် ၄ ရပ်ဖြင့် တည်ထားကိုးကွယ်ရန် လုပ်ဆောင်ခဲ့ခြင်းဖြစ်**



ဘူမိဖသံဃမုဒြာထိုင်တော်မူ ကျောက်ဆစ် ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့်ပုံစံအတိုင်း ပြုလုပ်ပုံဖော်ထားသည့် ဥယျာဉ်တော် အကွက်ချပုံစံငယ်များ၊ ရုပ်ပွားတော်ကြီး ပုံစံငယ်များအား လှည့်လည်ကြည့်ရှုကြသည့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ ဆရာတော်ကြီးများကို နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် တာဝန်ရှိသူများက ရှင်းလင်းတင်ပြစဉ်။


ခန့်မှန်းကုန်ကျစရိတ်အနေဖြင့် ငွေကျပ်သန်းပေါင်း ၃၅၃၇၈ ဒသမ ၆ သန်း၊ အမေရိကန်ဒေါ်လာ ၉ ဒသမ ၇၄ သန်းခန့်ကုန်ကျမည်ဖြစ်ပြီး လက်ရှိအချိန်ထိ အလှူငွေလက်ခံခြင်းမရှိသေးဘဲ ဆရာတော်ကြီးများကို တင်ပြလျှောက်ထားပြီးချိန်မှသာ အလှူငွေများကို လက်ခံသွားမည်ဖြစ်ပါကြောင်း Powerpoint Presentation များ၊ အထူးပြုလုပ်ချက် Video Clip များဖြင့် အကျယ်တဝင့် တင်ပြလျှောက်ထားသည်။

**ခိုင်ခိုင်ခံ့ခံ့နှင့် ကြည်ညိုဖွယ်ဖြစ်အောင်**

လျှောက်ထားတင်ပြမှုအပေါ် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ဥက္ကဋ္ဌ ဗန်းမော်ဆရာတော်ဘုရားကြီးက အကြီးဆုံးဖြစ်လာမည်ဖြစ်သည့်အတွက် ခိုင်ခိုင်ခံ့ခံ့နှင့် ကြည်ညိုဖွယ်ဖြစ်အောင် ထုဆစ်လုပ်ဆောင်ကြစေလိုကြောင်းဖြင့် လည်းကောင်း၊ နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အကျိုးတော်ဆောင် သန်လျင်မင်းကျောင်းဆရာတော်ကြီးက တင်ပြလျှောက်ထားမှုများအရ ပြည့်စုံမှုရှိပြီး ရဟန်းရှင်လူအများပြည်သူတို့ ဖူးမြော်ကြည်ညိုကြရာတွင် လေးစားယုံကြည်စွာ ဖူးမြော်နိုင်ရေးအတွက် မျက်နှာတော်ကို သပ္ပာယ်အောင် လုပ်ဆောင်သင့်ကြောင်း၊ ဂုဏ်တော်ကို အာရုံပြု၍ ဖူးမြော်သည်ဆိုသော်လည်း ရုပ်ပွားတော်က သပ္ပာယ်ဖွယ်ဖြစ်ပါက ဝမ်းမြောက်ဝမ်းသာဖြစ်ပြီး ပိုမိုကုသိုလ်ဖြစ်စေသောကြောင့် မျက်နှာတော်ကို ဂရုစိုက်ထုဆစ်ကြစေလိုကြောင်းဖြင့် လည်းကောင်း၊ ဘွဲ့တံဆိပ်တော်ရဆရာတော်ကြီးများကိုယ်စား ပဲခူးမြို့မကျောင်းတိုက်ဆရာတော် ဘဒ္ဒန္တ ဂန္ဓမာက ပြောဆိုရန်မရှိအောင် ပြည့်စုံမှုရှိသော်လည်း အကောင်းဆုံးဖြစ်အောင်လုပ်ဆောင်သကဲ့သို့ အခိုင်မာဆုံး၊ အရှည်ကြာဆုံးအထိ တည်တံ့အောင် လုပ်ဆောင်ရမည်ဖြစ်ကြောင်း၊ သဒ္ဓါတရားများကို တည်တံ့အောင်၊ ဘာသာသာသနာကို တည်တံ့ခိုင်မြဲတိုးပွားအောင် လုပ်ဆောင်သွားကြစေလိုကြောင်းဖြင့် လည်းကောင်း အကြံပြုမိန့်ကြားတော်မူကြသည်။

မိန့်ကြားမှုများအပေါ် ဦးဆောင်ဘုရားဒါယကာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ပြန်လည်ဆွေးနွေးတင်ပြလျှောက်ထားပြီး ဗုဒ္ဓ သာသနံ စိရံ တိဋ္ဌတု သုံးကြိမ်ရွတ်ဆိုဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းခဲ့ကြသည်။

ထို့နောက် ဘူမိဖသံဃမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ထားကိုးကွယ်မည့် ပုံစံအတိုင်း ပြုလုပ်ပုံဖော်ထားသည့် ဥယျာဉ်တော်အကွက်ချပုံစံငယ်များ၊ ရုပ်ပွားတော်ကြီး ပုံစံငယ်များ၊ ရောက်ရှိပြီးဖြစ်သည့် ကျောက်တော်ကြီးများ နေရာချထားမှုနှင့် တည်ဆောက်ရေးလုပ်ငန်းများ ဆောင်ရွက်ထားရှိမှု အခြေအနေများကို ဆရာတော်ကြီးများက လိုက်လံကြည့်ရှုကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြခဲ့ကြကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



ဘူမိဖသံဃမုဒြာထိုင်တော်မူ ကျောက်ဆစ်ဗုဒ္ဓရုပ်ပွားတော်မြတ်ကြီး တည်ဆောက်ရေးလုပ်ငန်းခွင်ကို တွေ့ရစဉ်။

❖ စာမျက်နှာ ၆ မှ
ဖက်ဆစ်ဂျပန်တော်လှန်ရေးတွင် ဗိုလ်ချုပ်အောင်ဆန်းဦးစီးသည့် ရှေ့တန်းဦးစီးဌာနချုပ်တွင် ဗိုလ်မှူးကြီးဇေယျက စစ်ဦးစီးမှူးအဖြစ်တာဝန်ယူခဲ့သည်။ တိုင်းတာဝန်ခံများမှာ တိုင်း(၁) ဗိုလ်မှူးမောင်မောင်၊ တိုင်း(၂) ဗိုလ်မှူးကြီးနေဝင်း၊ တိုင်း(၃) ဗိုလ်မှူးကြီးစောကြာဒိုး၊ တိုင်း(၄) ဗိုလ်မှူးကျော်ဇော၊ တိုင်း(၅) ဗိုလ်ကြီးတင်ထွန်း၊ တိုင်း(၆) ဗိုလ်ကြီးရဲထွဋ်၊ တိုင်း(၇) ဗိုလ်မှူးအောင်နှင့် ရန်ကုန်တိုင်းစစ်ရေးခေါင်းဆောင်မှာ ဗိုလ်မှူးခင်ညိုဖြစ်သည်။ တိုင်းများသည် သီးခြားလွတ်လပ်စွာ စစ်ဆင်နိုင်သည်။ ဗိုလ်မှူးဗလ ဦးစီးသော တပ်ရင်း(၇)သည် ရှေ့တန်းကွပ်ကဲမှုဌာနချုပ်၏ တိုက်ရိုက်ကွပ်ကဲမှုအောက်တွင်ရှိပြီး တိုင်း(၆)နှင့် တိုင်း(၇)နယ်မြေအတွင်း လှုပ်ရှားခဲ့သည်။

ပြည်သူ့လွတ်လပ်ရေး တပ်မတော်သည် တိုင်းခုနစ်တိုင်း၌ ဖက်ဆစ်ဂျပန်တပ်များအား တော်လှန်တိုက်ခိုက်ခဲ့ရာတွင် အချို့ဒေသများ၌ မဟာမိတ်တို့၏ အကူအညီကိုရရှိသကဲ့သို့ အချို့ဒေသများတွင် မဟာမိတ်အကူအညီမပါဘဲ မိမိဘာသာတိုက်ခိုက်ခဲ့သည်။ ၁၉၄၅ ခုနှစ် မေလအတွင်း ဗိုလ်ချုပ်အောင်ဆန်းနှင့် ဒုတိယဗိုလ်ချုပ်ကြီးဆလင်းတို့ မိတ္ထီလာတွင် တွေ့ဆုံဆွေးနွေးပြီးနောက် ပြည်သူ့လွတ်လပ်ရေးတပ်မတော်နှင့် မဟာမိတ်တပ်များသည် ဖက်ဆစ်ဂျပန်များကို တရားဝင်ပူးတွဲတိုက်ခိုက်ခဲ့ကြသည်။

၁၉၄၅ ခုနှစ် ဧပြီလ ၂၈ ရက်နေ့တွင် ဂျပန်တပ်များသည် အင်အားအနည်းငယ်သာထားခဲ့ပြီး ရန်ကုန်မြို့မှ ထွက်ခွာသွားသောအခါ ဧပြီလ ၃၀ ရက်နေ့တွင် ဗိုလ်မှူးခင်ညို၊ ဗိုလ်မှူးသိန်းဟန်၊ ဗိုလ်စိန်တင်တို့ဦးဆောင်၍ ဖက်ဆစ်တိုက်ဖျက်ရေးပြည်သူ့အဖွဲ့ချုပ်ဝင်များ၏ အကူအညီဖြင့် ရန်ကုန်မြို့ကို သိမ်းပိုက်ခဲ့သည်။ ဗိုလ်မှူးကြီး နေဝင်း၏တပ်များက မေလ ၆ ရက်နေ့တွင် ရန်ကုန်သို့ဝင်သည်။

**ဗမာ့လွတ်လပ်ရေးတပ်မတော်က နယ်ချဲ့ဗြိတိသျှတပ်များကို တိုက်ထုတ်ခဲ့သော စစ်ဆင်ရေးသည်လည်းကောင်း၊ ပြည်သူ့လွတ်လပ်ရေးတပ်မတော်က ဖက်ဆစ်ဂျပန်တပ်များကို တိုက်ထုတ်ခဲ့သော တော်လှန်ရေးသည်လည်းကောင်း၊ မြန်မာနိုင်ငံကို ကျွန်တွင်းမှဆွဲထုတ်ရာတွင် အဓိကဆွဲတင်ပေးခဲ့သော လက်ချောင်းကြီး နှစ်ချောင်းဖြစ်သည်။ ယင်းတို့က တွင်းနှုတ်ခမ်းဝရောက်အောင် ဆွဲတင်ပေးထားပြီးမှ နိုင်ငံရေးလှုပ်ရှားမှု၊ တိုင်းရင်းသားညီညွတ်မှုအားဖြင့် လွတ်လွတ်ကျွတ်ကျွတ် ဆွဲထုတ်ကယ်တင်နိုင်ခဲ့ခြင်းဖြစ်သည်။**

အကယ်၍ နိုင်ငံရေး၊ စည်းလုံးညီညွတ်ရေးဖြင့် လွတ်လပ်ရေးမရခဲ့သော်..... တတိယအကြိမ် စစ်ပွဲဆင်နွှဲရန် အသင့်စောင့်ကြည့်နေသော "ဗမာ့တပ်မတော်သစ်"နှင့် စစ်မှုထမ်းဟောင်း အရန်တပ်ဖွဲ့ များ၏ အင်အားနှင့် အတွေ့အကြုံကို ဒုတိယကမ္ဘာစစ်ကြောင့် စစ်ပန်းနေပြီးဖြစ်သော ဗြိတိသျှတို့အတွက် အလေးအနက်ထည့်သွင်း စဉ်းစားစရာပါပေ။

ဤကား နိုင်ငံတော်၏သမိုင်းတွင် မည်သို့မျှ ဖျောက်ဖျက်၍မရနိုင်သော တပ်မတော်ပါဝင်ခဲ့သည့် ပဏာမအခန်းကဏ္ဍပင် ဖြစ်သည်။ ။

(ဆက်လက်ဖော်ပြပါမည်)

# (၇၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(အငြိမ်းစား)များ၏ အမှတ်တရရုပ်တုများ ဖွင့်ပွဲအခမ်းအနား ကျင်းပပြုလုပ်





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(အငြိမ်းစား) ခုနစ်ဦး၏ ပုံစံတူရုပ်တုများကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

**နေပြည်တော် မတ် ၂၅**

မြန်မာ့တပ်မတော်တွင် ခေတ်အဆက်ဆက်တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် (အငြိမ်းစား) ခုနစ်ဦး၏ ပုံစံတူရုပ်တုများဖွင့်ပွဲ အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော် တပ်မတော်စစ်သမိုင်းပြတိုက်ရှိ မော်ကွန်းတိုက်မှူးရုံးပြခန်း၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်၍ စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ၊ ကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း၊ ကောင်စီဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီးမြထွန်းဦး၊ ဗိုလ်ချုပ်ကြီးတင်အောင်စန်း၊ ဗိုလ်ချုပ်ကြီးမောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီးမိုးမြင့်ထွန်း၊ ကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးအောင်လင်းဒွေး၊ ကောင်စီတွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများဖြစ်ကြသည့် ဒုတိယဗိုလ်ချုပ်ကြီးစိုးထွဋ်၊ ဒုတိယဗိုလ်ချုပ်ကြီးထွန်းထွန်းနောင်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ) ဗိုလ်ချုပ်ကြီးမောင်မောင်အေး၊ ကာကွယ်ရေးဦးစီးချုပ်(ရေ) ဗိုလ်ချုပ်ကြီးမိုးအောင်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ တပ်မတော်အရာရှိကြီးများ၊ အငြိမ်းစားတပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူးနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

**ဘုန်းမီးနေလတောက်ပ**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က အမှာစကား ပြောကြားရာတွင် နိုင်ငံတစ်နိုင်ငံ၏ လွတ်လပ်ရေးနှင့် အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးသည် အဆိုပါနိုင်ငံ၏ တပ်မတော်အပေါ်တွင် လုံးဝတည်မှီနေပါကြောင်း၊ တပ်မတော်တစ်ရပ် ရေရှည်တည်တံ့ခိုင်မြဲရေးတွင် တပ်မတော်၏အစဉ်အလာကောင်းများကို တစိုက်မတ်မတ် ဆက်လက်ထိန်းသိမ်းနိုင်ခြင်းအပေါ်တွင်သာ အဓိက မူတည်နေပါကြောင်း၊ နှစ်ပေါင်း ၁၀၀၀ ကျော် မြန်မာ့သမိုင်းတစ်လျှောက်ကို ပြန်ကြည့်မည်ဆိုပါက တပ်မတော်အင်အား တောင့်တင်းချိန်များတွင် နိုင်ငံ၏ ဘုန်းမီးနေလ တောက်ပလေ့ရှိပြီး တပ်မတော် အင်အားချည့်နဲ့ပြီး စည်းလုံးညီညွတ်မှုပြိုကွဲချိန်များတွင် တိုင်းပြည် ဖရိုဖရဲဖြစ်လေ့ရှိသည်ကို သမိုင်းကြောင်းက အထင်အရှားပြဆိုလျက်ရှိကြောင်း၊ မြန်မာနိုင်ငံအတွက် **“တပ်မတော်အင်အားရှိမှ တိုင်းပြည်အင်အားရှိမည်”** ဟူသည့်အချက်ကို မည်သူမျှငြင်းပယ်၍ ရနိုင်မည် မဟုတ်ဘဲ ပကတိတရား အရှိတရားတစ်ခုဖြစ်သည်ကို တွေ့ရှိရမည်ဖြစ်ကြောင်း၊ တပ်မတော်ကြီးကို စတင်ဖွဲ့စည်းခဲ့သည့်နေ့မှစ၍ ယနေ့အထိ ၇၅ နှစ်ကျော်ကာလအတွင်း အမည်နာမ အမျိုးမျိုးပြောင်းလဲခဲ့သကဲ့သို့ ဦးစီးကွပ်ကဲသည့် ခေါင်းဆောင်များ၊ တပ်မှူးများ၊ အရာရှိ စစ်သည်များလည်း ပြောင်းလဲခဲ့ပါကြောင်း၊ ခေတ်အဆက်ဆက် ပခုံးပြောင်းတာဝန်ယူခဲ့ကြသော်လည်း တပ်မတော်၏ဂုဏ်သည် မှေးမှိန်ခြင်းမရှိဘဲ တောက်ပြောင်နေခြင်းမှာ ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ ဦးဆောင်သည့် တပ်မတော်၏ ကောင်းမြတ်သော အစဉ်အလာများကြောင့်ပင်ဖြစ်ပါကြောင်း၊ ယင်းအစဉ်အလာကောင်းများကို တပ်မတော်ကို စတင်တည်ထောင်ခဲ့သည့် ဗိုလ်ချုပ်အောင်ဆန်းနှင့် ရဲဘော်သုံးကျိပ်တို့မှ စတင်မျိုးစေ့ချပေးခဲ့ကြပြီး အဆင့်ဆင့် တာဝန်ယူခဲ့ကြသည့် ခေါင်းဆောင်များ၊ တပ်မှူးများက အစဉ်တစိုက် ဆက်လက်ပြုစုပျိုးထောင်ထိန်းသိမ်းခဲ့ကြသောကြောင့် ယနေ့တိုင် မတိမ်ကောမပျောက်ပျက်ဘဲ အမျိုးသားအင်အားစုကြီးတစ်ရပ်အဖြစ် ဆက်လက်တည်ရှိနေခြင်းဖြစ်ပါကြောင်း။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(အငြိမ်းစား)များ၏ ပုံစံတူရုပ်တုများကို ကြည့်ရှုစဉ်။

မြန်မာနိုင်ငံ လွတ်လပ်ရေးရရှိချိန်မှစ၍ ယနေ့ကာလအထိ ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ရှစ်ဦး တာဝန်ထမ်းဆောင်ခဲ့ပါကြောင်း၊ အဆိုပါပုဂ္ဂိုလ်များမှာ ဒုတိယဗိုလ်ချုပ်ကြီးစမစ်ဒွန်း၊ ဗိုလ်ချုပ်ကြီးနေဝင်း၊ ဗိုလ်ချုပ်ကြီးစန်းယု၊ ဗိုလ်ချုပ်ကြီးတင်ဦး၊ ဗိုလ်ချုပ်ကြီးသူရကျော်ထင်၊ ဗိုလ်ချုပ်မှူးကြီးစောမောင်၊ ဗိုလ်ချုပ်မှူးကြီးသန်းရွှေနှင့် လက်ရှိတာဝန်ထမ်းနေသည့် မိမိတို့ပင်ဖြစ်ပါကြောင်း၊ ရှေ့တွင် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များ၏ တာဝန်ထမ်းဆောင်မှုများကို

**စာမျက်နှာ ၉ သို့** ❒





နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် (၇၆)နှစ်မြောက် တပ်မတော်နေ့ အထိမ်းအမှတ်အဖြစ် ခေတ်အဆက်ဆက် တာဝန်ထမ်းဆောင်ခဲ့ကြသည့် ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(အငြိမ်းစား)များ၏ အမှတ်တရရုပ်တုများ ဖွင့်ပွဲအခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

❐ စာမျက်နှာ ၈ မှ

အကျဉ်းချုပ်ပြောရမည်ဆိုပါက ဒုတိယဗိုလ်ချုပ်ကြီး စမစ်ဒွန်းသည် ၁၉၂၄ ခုနှစ် နိုဝင်ဘာလ ၈ ရက်တွင် တပ်မတော်သို့ဝင်ရောက်၍အဆင့်ဆင့်တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ၁၉၄၅ ခုနှစ်တွင် စစ်ဦးစီးချုပ်(ကာကွယ်ရေးဦးစီးချုပ်) တာဝန်ထမ်းဆောင်ခဲ့ကာ ၁၉၄၉ ခုနှစ် ဇန်နဝါရီလ ၃၁ ရက်နေ့တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့ပါကြောင်း။

### ဗိုလ်ချုပ်ကြီးနေဝင်း

ဒုတိယကမ္ဘာစစ်ကြီး စတင်ဖြစ်ပွားပြီးနောက် ဂျပန်တို့နှင့် အဆက်အသွယ်ရယူကာ ရဲဘော်သုံးကျိပ်ကိုဖွဲ့စည်း၍စစ်ပညာကို အလျှင်အမြန်သင်ယူခဲ့ကြရာတွင် သခင်ရှုမောင် (ခေါ်) ဗိုလ်ချုပ်ကြီးနေဝင်းသည်လည်း တစ်ဦးအပါအဝင်ဖြစ်ခဲ့ပါကြောင်း၊ ၁၉၄၁ ခုနှစ် ဒီဇင်ဘာလ ၂၇ ရက်နေ့ ထိုင်းနိုင်ငံ ဗန်ကောက်မြို့တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်ကို ဖွဲ့စည်းခဲ့ပြီးနောက် မြန်မာနိုင်ငံသို့ စစ်ကြောင်းကြီးလေးကြောင်းဖြင့် ဝင်ရောက်ခဲ့ရာတွင် ဗိုလ်နေဝင်းသည် အတွင်းသူပုန်စစ်ကြောင်း၏ ခေါင်းဆောင်အဖြစ် တာဝန်ယူခဲ့ပါကြောင်း၊ ထို့နောက် တော်လှန်ရေးဆောင်ရွက်ချိန်များတွင် အဆင့်ဆင့်သော တာဝန်များထမ်းဆောင်ခဲ့ပြီး ၁၉၅၈ ခုနှစ်မှ ၁၉၆၀ ပြည့်နှစ်အထိ အိမ်စောင့်အစိုးရလက်ထက်တွင် နိုင်ငံတော်ဝန်ကြီးချုပ်တာဝန်၊ ၁၉၆၂ ခုနှစ်တွင် တော်လှန်ရေးကောင်စီဥက္ကဋ္ဌ တာဝန်တို့ကို ထမ်းဆောင်ခဲ့ပြီး ၁၉၇၂ ခုနှစ် ဧပြီလ ၂၀ ရက်နေ့တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့ပါကြောင်း၊ ထို့နောက် ၁၉၇၄ ခုနှစ်မှ ၁၉၈၁ ခုနှစ်အထိ နိုင်ငံတော်သမ္မတတာဝန်၊ ၁၉၈၁ ခုနှစ် နိုဝင်ဘာလ ၁၀ ရက်မှ ၁၉၈၈ ခုနှစ် ဇူလိုင်လ ၂၃ ရက်နေ့အထိ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဥက္ကဋ္ဌ တာဝန်တို့ကို ထမ်းဆောင်ခဲ့ပြီး အငြိမ်းစားယူခဲ့ပါကြောင်း။

ဗိုလ်ချုပ်ကြီးစန်းယုသည် ၁၉၄၂ ခုနှစ်တွင် ဗမာ့လွတ်လပ်ရေးတပ်မတော်သို့ ဝင်ရောက်ခဲ့ပြီး အဆင့်ဆင့်တာဝန်များကို ထမ်းဆောင်ခဲ့ကာ ၁၉၆၃ ခုနှစ်တွင် ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)၊ ၁၉၇၂ ခုနှစ် ဧပြီလ ၂၀ ရက်နေ့မှ ၁၉၇၄ ခုနှစ် မတ်လ ၇ ရက်နေ့အထိ ဗိုလ်ချုပ်ကြီးအဆင့်ဖြင့် ကာကွယ်ရေးဦးစီးချုပ်၊ ကာကွယ်ရေးဝန်ကြီးဌာနဝန်ကြီးနှင့် ဒုတိယဝန်ကြီးချုပ်တာဝန်များကို ထမ်းဆောင်ခဲ့ပါကြောင်း၊ ၁၉၇၄ ခုနှစ် မတ်လ ၇ ရက်နေ့တွင် တပ်မတော်မှအငြိမ်းစားယူခဲ့ပြီး နိုင်ငံတော်ကောင်စီအတွင်းရေးမှူး၊ ဘဏ္ဍာရေးနှင့် အခွန်ဌာနဝန်ကြီး၊ အမျိုးသားစီမံကိန်းဌာနဝန်ကြီး၊ မြန်မာ့ဆိုရှယ်လစ်လမ်းစဉ်ပါတီဗဟိုကော်မတီ အထွေထွေအတွင်းရေးမှူး၊ ၁၉၈၁ ခုနှစ်တွင် ပါတီလုပ်ငန်းစိစစ်ရေးဥက္ကဋ္ဌ၊ ၁၉၈၁ ခုနှစ်တွင် နိုင်ငံတော်ကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်သမ္မတတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ၁၉၈၈ ခုနှစ် ဇူလိုင်လ ၂၅ ရက်နေ့တွင် အငြိမ်းစားယူခဲ့ပါကြောင်း။

ဗိုလ်ချုပ်ကြီးတင်ဦးသည် ၁၉၄၆ ခုနှစ် ဖေဖော်ဝါရီ ၂၆ ရက်မှစ၍ တပ်မတော်သို့စတင်ဝင်ရောက်ခဲ့ပြီး အဆင့်ဆင့်သော တာဝန်များကိုထမ်းဆောင်ခဲ့ကြောင်း၊ ၁၉၇၄ ခုနှစ် မတ်လ ၈ ရက်တွင် ဗိုလ်ချုပ်ကြီးအဆင့်ဖြင့် ကာကွယ်ရေးဦးစီးချုပ်တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ၁၉၇၆ ခုနှစ် မတ်လ ၆ ရက်နေ့တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့ပါကြောင်း၊ ဗိုလ်ချုပ်ကြီးသူရကျော်ထင်သည် ၁၉၄၃ ခုနှစ်တွင် ဗမာ့ကာကွယ်ရေးတပ်မတော်(BDA) သို့ တပ်သားအဆင့်ဖြင့် စတင်ဝင်ရောက်၍ အဆင့်ဆင့်သော တာဝန်များကို ထမ်းဆောင်ခဲ့ပြီး ၁၉၆၉ ခုနှစ်တွင် ရန်ကုန်တိုင်းစစ်ဌာနချုပ်တိုင်းမှူးတာဝန်၊ ဒုတိယကာကွယ်ရေးဦးစီးချုပ်(ကြည်း)တာဝန်၊ ၁၉၇၆ ခုနှစ် မတ်လ ၆ ရက်နေ့တွင် ဗိုလ်ချုပ်ကြီးအဆင့်ဖြင့် ကာကွယ်ရေးဦးစီးချုပ်တာဝန်တို့ကို ထမ်းဆောင်ခဲ့ပြီး ၁၉၈၅ ခုနှစ် နိုဝင်ဘာလ ၄ ရက်တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့ကြောင်း။

### ဗိုလ်ချုပ်မှူးကြီး စောမောင်

ဗိုလ်ချုပ်မှူးကြီးစောမောင်သည် ၁၉၄၉ ခုနှစ် ဒီဇင်ဘာလ ၂၃ ရက်တွင် တပ်မတော်သို့ စတင်ဝင်ရောက်ခဲ့ပြီး အဆင့်ဆင့်သော တာဝန်များကို ထမ်းဆောင်ကာ ၁၉၈၅ ခုနှစ် နိုဝင်ဘာလ ၄ ရက်နေ့မှစတင်၍ ဒုတိယဗိုလ်ချုပ်ကြီး အဆင့်ဖြင့် ကာကွယ်ရေးဦးစီးချုပ်တာဝန် ထမ်းဆောင်ခဲ့ပါကြောင်း၊ ၁၉၈၆ ခုနှစ်တွင် ဗိုလ်ချုပ်ကြီးအဆင့် ရာထူးတိုးမြှင့်ခံရပြီး ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့မှစတင်ကာ နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ်တာဝန်တို့ကို ထမ်းဆောင်ခဲ့ပါကြောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် ဗိုလ်ချုပ်မှူးကြီးအဆင့်သို့ တိုးမြှင့်ရရှိခဲ့ပြီး ၁၉၉၂ ခုနှစ် ဧပြီ ၂၄ ရက်နေ့တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့ပါကြောင်း။

> ❍ **တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(အငြိမ်းစား)များ၏ ပုံတူရုပ်တုများ ထုဆစ်နိုင်ရေးအတွက် ဓာတ်ပုံကိုအခြေခံပြီး 3D Graphic ဖြင့် Computer Design ရေးဆွဲခြင်း၊ Software ရေးသားပြီး CNC Machine များဖြင့် ထွင်းထုခြင်းများ၊ လက်မှုပညာဖြင့် အချောသပ်ခြင်းများကို အနုစိတ်ဆောင်ရွက်ခဲ့ရခြင်းဖြစ်**
>
> ❍ **ရုပ်တုများ၏ အတိုင်းအတာများအနေဖြင့် အလျား ၁၂ လက်မ၊ အနံ ၁၀ ဒသမ ၅ လက်မနှင့် အမြင့် ၂၄ လက်မရှိ**

ဗိုလ်ချုပ်မှူးကြီးသန်းရွှေသည် ၁၉၅၂ ခုနှစ်တွင် ဗိုလ်လောင်းသင်တန်းအမှတ်စဉ်(၉) သို့ တက်ရောက်ခဲ့ပြီး အဆင့်ဆင့်သော တာဝန်များကိုထမ်းဆောင်၍ ၁၉၈၃ ခုနှစ်တွင် အနောက်တောင်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ၁၉၈၅ ခုနှစ်တွင် ဒုတိယကာကွယ်ရေးဦးစီးချုပ် (ကြည်း)အဖြစ် တာဝန်ထမ်းဆောင်ခဲ့ကာ ၁၉၈၆ ခုနှစ်တွင် ဗိုလ်ချုပ်အဆင့်၊ ၁၉၈၇ ခုနှစ်တွင် ဒုတိယဗိုလ်ချုပ်ကြီးအဆင့်သို့ တိုးမြှင့်ခံခဲ့ရကြောင်း၊ ထို့နောက် ၁၉၈၈ ခုနှစ်တွင် ကာကွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီးအဖြစ်လည်းကောင်း၊ ၁၉၈၈ ခုနှစ် စက်တင်ဘာလ ၁၈ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှု တည်ဆောက်ရေးအဖွဲ့ ဒုတိယဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ ၁၉၉၀ ပြည့်နှစ်တွင် ဗိုလ်ချုပ်ကြီးအဆင့်သို့ ရာထူးတိုးမြှင့်ခန့်အပ်ခြင်းခံရပြီး ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ်(ကြည်း) တာဝန်များကိုလည်းကောင်း၊ ၁၉၉၂ ခုနှစ် ဧပြီ ၂၄ ရက်နေ့တွင် နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့ဥက္ကဋ္ဌ တာဝန်ကို စတင်ထမ်းဆောင်ခဲ့ပြီး ကာကွယ်ရေးဝန်ကြီးတာဝန်၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်များကို ထမ်းဆောင်ခဲ့ပါကြောင်း၊ ၁၉၉၃ ခုနှစ် ဧပြီလ ၂၃ ရက်နေ့တွင် ဗိုလ်ချုပ်မှူးကြီးအဆင့်သို့ တိုးမြှင့်ခန့်အပ်ခြင်းခံရပြီး ၂၀၁၁ ခုနှစ် မတ်လ ၃၀ ရက်နေ့တွင် တပ်မတော်မှ အငြိမ်းစားယူခဲ့ပါကြောင်း။

တပ်မတော်၏ အမျိုးသားရေးဦးဆောင်ဦးရွက်ပြုခဲ့သည့် အစဉ်အလာသည် မည်သည့်အဖွဲ့အစည်းနှင့်မျှ နှိုင်းယှဉ်၍မရနိုင်အောင် မြင့်မားခဲ့ပါကြောင်း၊ တပ်မတော်သည် နိုင်ငံတော်ထူထောင်ရေးနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင် အစဉ်တစိုက် ဦးဆောင်ဦးရွက်ပြုခဲ့ပြီး နိုင်ငံတော်၏ လိုအပ်ချက်မှန်သမျှကို ဖြည့်ဆည်းပေးနိုင်သော အဖွဲ့အစည်းအဖြစ် ပြည်သူများက ယုံကြည်အားကိုးရသည့် အဖွဲ့အစည်းတစ်ရပ်ဖြစ်ပါကြောင်း၊ ထိုကဲ့သို့ တပ်မတော်၏ ကြီးမားသည့် အမျိုးသားရေးအစဉ်အလာကို တည့်မတ်အောင် ထိန်းကျောင်းခဲ့သူများသည် မြန်မာ့တပ်မတော်တွင် ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်များအဖြစ် တာဝန်ထမ်းဆောင်ခဲ့ကြသူများပင်ဖြစ်ပါကြောင်း။

### ချီးကျူးဂုဏ်ပြု

တပ်မတော်အား အင်အားတောင့်တင်းခိုင်မာစေရန် ဦးဆောင်ဦးရွက်ပြုခဲ့သည့် ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် တာဝန်ထမ်းဆောင်ခဲ့သည့် ပုဂ္ဂိုလ်များကို ချီးကျူးဂုဏ်ပြုပြီး နောင်လာနောက်သား မျိုးဆက်သစ်များက အမြဲအမှတ်ရနေစေရန်အတွက် ယခုကဲ့သို့ခန့်ညားထည်ဝါစွာ ထုဆစ်ဂုဏ်ပြု၍ ယခုကဲ့သို့ တပ်မတော်စစ်သမိုင်းပြတိုက်တွင် ခင်းကျင်းပြသခြင်းဖြင့် အမိမြန်မာနိုင်ငံတော်၏ လွတ်လပ်ရေးကို တန်ဖိုးထားမြတ်နိုးလိုစိတ်၊ မျိုးချစ်စိတ်ဓာတ်များ ရှင်သန်ထက်မြက်ပြီး နိုင်ငံတော်ကြီး တိုးတက်ခေတ်မီအောင် ဆောင်ရွက်လိုစိတ်များ ပွားများလာကာ အေးချမ်းသာယာပြီး ဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကြီးဖြစ်ပေါ်လာအောင် စွမ်းဆောင်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ အဆက်မပြတ်ရှင်သန်လာစေရန်အတွက် ဆန္ဒပြုအပ်ပါကြောင်းဖြင့် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်က ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(အငြိမ်းစား) ၇ ဦး၏ ရုပ်တုများကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ဂုဏ်ပြုတပ်ဖွဲ့က စစ်ခရာမှုတ်၍ အလေးပြုသည်။

### လိုက်လံကြည့်ရှု

ယင်းနောက် နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ကာကွယ်ရေးဦးစီးချုပ်၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(အငြိမ်းစား)များ၏ ရုပ်တုများနှင့် တပ်မတော်စစ်သမိုင်းပြတိုက်အတွင်း ခင်းကျင်းပြသထားသည့် (၇၆)နှစ်မြောက် တပ်မတော်နေ့အထိမ်းအမှတ်ပြခန်းများ ပြင်ဆင်ထားရှိမှုကို လိုက်လံကြည့်ရှုခဲ့ကြသည်။

အဆိုပါ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်(အငြိမ်းစား)များ၏ ပုံတူရုပ်တုများ ထုဆစ်နိုင်ရေးအတွက် ဓာတ်ပုံကိုအခြေခံပြီး 3D Graphic ဖြင့် Computer Design ရေးဆွဲခြင်း၊ Software ရေးသားပြီး CNC Machine များဖြင့် ထွင်းထုခြင်းများ၊ လက်မှုပညာဖြင့် အချောသပ်ခြင်းများကို အနုစိတ်ဆောင်ရွက်ခဲ့ရခြင်းဖြစ်ကြောင်းနှင့် ရုပ်တုများ၏ အတိုင်းအတာများအနေဖြင့် အလျား ၁၂ လက်မ၊ အနံ ၁၀ ဒသမ ၅ လက်မနှင့် အမြင့် ၂၄ လက်မရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ်(၅)ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများ စစ်ဆေးခြင်းများ အပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလောဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှ နည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ်(NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ လုံခြုံချောမွေ့စွာ သွားလာနိုင်မှသာ ပြည်သူများ၏ နေ့စဉ်နှင့်အမျှ လူမှုရေး၊ စီးပွားရေး အဆင်ပြေစွာ ဆောင်ရွက်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်မည်



**နေပြည်တော် မတ် ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့် မြန်မာ့မီးရထားမှ ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ ဒုတိယ အထွေထွေမန်နေဂျာများ၊ တိုင်းတာဝန်ခံများ တွေ့ဆုံဆွေးနွေးခြင်းကို ယမန်နေ့ နံနက် ၈ နာရီခွဲတွင် နေပြည်တော်ရှိ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေး ဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေး စည်းမျဉ်းစည်းကမ်းများနှင့်အညီ ကျင်းပသည်။

အစည်းအဝေးသို့ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း၊ ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ ဒုတိယအထွေထွေမန်နေဂျာများ၊ မြန်မာ့မီးရထား တိုင်း (၁၁) တိုင်းမှ တိုင်းတာဝန်ခံများနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီးက မဲစာရင်းရှုပ်ထွေးမှု၊ ကွာဟမှုများကြောင့် နိုင်ငံတော်၏ ဒီမိုကရေစီခရီးစဉ်လမ်းတွင် ဖြစ်ပေါ်လာမည့် အခက်အခဲများကို ဥပဒေနှင့်အညီ ဖြေရှင်းရန်နှင့် စစ်မှန်ပြီး စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ကို ထိန်းသိမ်းစောင့်ရှောက်နိုင်ရေး ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈) ခုနှစ်နှင့်အညီ အရေးပေါ်အခြေအနေကြေညာပြီး နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီကို ဖွဲ့စည်း၍ ရှေ့လုပ်ငန်းစဉ် (၅) ရပ်ကို ထုတ်ပြန်ဆောင်ရွက်ခဲ့ရကြောင်း၊ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာနတွင် ဌာနကြီး ၁၉ ခုရှိပြီး မြန်မာ့မီးရထားသည် ရထားပြေးဆွဲရေးလုပ်ငန်းကို တာဝန်ယူဆောင်ရွက်နေရသည့် ဌာနဖြစ်၍ လုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် လမ်းပန်းဆက်သွယ်ရေး လုပ်ငန်း၏ ပို့ဆောင်ရေးကဏ္ဍတွင် မော်တော်ကား၊ သင်္ဘော၊ လေယာဉ်နှင့် မီးရထား စသည့် နည်းလမ်း လေးမျိုးဖြင့် ခရီးသည်နှင့် ကုန်စည်များကို သယ်ယူပို့ဆောင်ပေးရကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် မီးရထားကဏ္ဍသည် အရေးကြီးကြောင်းကို ထောက်ပြလိုကြောင်း၊ ပို့ဆောင်ရေးဆိုင်ရာ မူဝါဒ၏ ရည်မှန်းချက် (၅)ချက်ကိုလည်း သိရှိလိုက်နာဆောင်ရွက်ရန်လိုကြောင်း၊ လမ်းပန်းဆက်သွယ်ရေး လုပ်ငန်းများ လုံခြုံချောမွေ့စွာ သွားလာနိုင်မှသာ ပြည်သူများ၏ နေ့စဉ်နှင့်အမျှ လူမှုရေး၊ စီးပွားရေး အဆင်ပြေစွာ ဆောင်ရွက်နိုင်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အထောက်အကူဖြစ်မည်ဖြစ်ကြောင်း၊ ရထားပြေးဆွဲရေးလုပ်ငန်းများနှင့် ပတ်သက်၍ သွားလာပို့ဆောင်ရေးဌာန၊ မြို့ပြအင်ဂျင်နီယာဌာန၊ စက်မှုနှင့် လျှပ်စစ်အင်ဂျင်နီယာဌာန၊ စီးပွားရေးဌာန၊ ဆက်သွယ်ရေးဌာနများအနေဖြင့် ဌာနအလိုက် တာဝန်ယူဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များ သတ်မှတ်ထားရှိပြီးဖြစ်၍ ရထားပြေးဆွဲနိုင်ရေး ပူးပေါင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

### တိုးတက်ပြေးဆွဲနိုင်ခဲ့

ဆက်လက်၍ ရထားပြေးဆွဲရေးနှင့်ပတ်သက်၍ ပြောကြားရာတွင် မြန်မာ့မီးရထားအနေဖြင့် ကိုဗစ်ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးအမျိုးသားအဆင့်ဗဟိုကော်မတီ၏ လမ်းညွှန်ချက်နှင့်အညီ ရထားပြေးဆွဲရေးလုပ်ငန်းများကို ၂၀၂၀ ပြည့်နှစ် စက်တင်ဘာလမှ ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီ ၃ ရက်အထိ မန္တလေး-မြစ်ကြီးနား လူစီးရထား နှစ်စင်း၊ ပုသိမ်-ကြံခင်းလမ်းပိုင်းတွင် လူစီးရထား နှစ်စင်း၊ နေပြည်တော်-ချောက်လမ်းပိုင်းတွင် လူစီးရထား နှစ်စင်း၊ စုစုပေါင်းလူစီးရထား ခြောက်စင်းနှင့် ရန်ကုန်မြို့ပတ်နှင့် ဆင်ခြေဖုံးလမ်းပိုင်းတွင် ရထား ၁၂ ခေါက်သာ ပြေးဆွဲခဲ့ကြောင်း၊ မိမိတို့အစိုးရအဖွဲ့တာဝန်ယူပြီး ဖေဖော်ဝါရီ ၄ ရက်မှစ၍ မြန်မာ့မီးရထားလမ်းပိုင်း အသီးသီးတွင် ရထားများစတင်ပြေးဆွဲစေခဲ့ရာ ဖေဖော်ဝါရီ ၇ ရက်အထိ လူစီးရထား ၉၇ စင်း၊ မြို့ပတ်နှင့် ဆင်ခြေဖုံး ၁၄၆ စင်း စုစုပေါင်း ၂၄၃ စင်းထိ တိုးတက်ပြေးဆွဲနိုင်ခဲ့ပြီး ဖေဖော်ဝါရီ ၈ ရက် နံနက် ၉ နာရီခန့်တွင် ရန်ကုန်ဘူတာကြီး Control Tower သို့ အမည်မသိ လူစုရောက်ရှိလာပြီး တာဝန်ထမ်းဆောင်နေသော ဝန်ထမ်းများ ဆန္ဒပြမှုအစီအစဉ်တွင် ပူးပေါင်းပါဝင်ရန်နှင့် အလုပ်မဆင်းရန် ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်းများကြောင့် ဝန်ထမ်းများ အလုပ်ဆင်းခြင်းရပ်တန့်ပြီး နံနက် ၉ နာရီ မိနစ် ၂၀ မှစတင်၍ ဆက်သွယ်မှုများ ပြတ်တောက်ပြီး ရထားပြေးဆွဲမှုများ ရပ်တန့်ခဲ့ရကြောင်း။

ဖေဖော်ဝါရီ ၁၃ ရက် မှစ၍ ရန်ကုန်-မော်လမြိုင်လမ်းပိုင်းရထားပြေးဆွဲခြင်း၊ ဖေဖော်ဝါရီ ၁၆ ရက် မြို့ပတ်ရထား အင်းစိန်-ရန်ကုန်-မင်္ဂလာဒုံ-အင်းစိန် ခရီးစဉ်ပြေးဆွဲခြင်း၊ ဖေဖော်ဝါရီ ၁၇ ရက် မန္တလေး-သာစည် ခရီးတို RBE ရထားပြေးဆွဲနိုင်ရေး ကြိုးပမ်းဆောင်ရွက်ခဲ့ရာတွင် ဆူပူဆန္ဒပြသူများ၊ CDM ပြုလုပ်သည့်ဝန်ထမ်းများ၊ ဝန်ထမ်းမိသားစုများ၊ ပြင်ပပုဂ္ဂိုလ်၊ အဖွဲ့အစည်းများ ပူးပေါင်း၍ ရထားပြေးဆွဲမှုများကို ဟန့်တားနှောင့်ယှက်ခဲ့ကြကြောင်း၊ သို့ရာတွင် မြန်မာ့မီးရထား၏ ကြိုးပမ်းဆောင်ရွက်မှု၊ တပ်မတော်၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ရထားရဲတပ်ဖွဲ့များ၏ လုံခြုံရေးဆောင်ရွက်ပေးခဲ့မှုများကြောင့် ဖေဖော်ဝါရီ ၁၈ ရက်မှစတင်၍ RBE ရထားများကို နေပြည်တော်-တောင်ငူ၊ နေပြည်တော်-သာစည်-မန္တလေး၊ မန္တလေး-ခင်ဦးလမ်းပိုင်းများတွင် အစုန်/ အဆန် ပြေးဆွဲနိုင်ခဲ့ပြီး လက်ရှိတွင် နေပြည်တော်-သာစည်-မန္တလေးလမ်းပိုင်း၌ RBE ခရီးတိုရထားများကို ပြေးဆွဲနိုင်ခဲ့ကြောင်း၊ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းရှိ ကုန်ရထား နှစ်စင်းကိုလည်း ရန်ကုန်သို့ပို့ဆောင်ပေးနိုင်ခဲ့ကြောင်း၊ မြန်မာ့မီးရထားဝန်ထမ်းများ၏ ကြိုးပမ်းဆောင်ရွက်ခဲ့မှုများအပေါ် အသိအမှတ်ပြုပါကြောင်း၊ မိမိတို့သည် နိုင်ငံ့ဝန်ထမ်းများဖြစ်၍ နိုင်ငံ့ဝန်ထမ်းသစ္စာအဓိဋ္ဌာန် (၆) ချက်ကို လိုက်နာပြီး မှန်ကန်သောစိတ်ဓာတ်ဖြင့် တာဝန်ကျေပွန်စွာ ထမ်းဆောင်ကြရန်လိုအပ်ပြီး ရထားလမ်းပိုင်း အသီးသီး၌ ရထားများ အမြန်ဆုံး ပုံမှန်ပြန်လည်ပြေးဆွဲနိုင်ရေး ကြိုးပမ်းအားထုတ် ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် တိုင်း (၁)မှ တိုင်း (၁၁)အထိ တိုင်းတာဝန်ခံများက မိမိတို့ တိုင်းအလိုက် လုပ်ငန်းဆောင်ရွက်မှုအခြေအနေများ၊ CDM လှုပ်ရှားမှုများတွင် ပါဝင်ဆောင်ရွက်နေသော ဝန်ထမ်းများ အခြေအနေ၊ CDM လှုပ်ရှားမှုတွင် မပါဝင်ဘဲ လုပ်ငန်းများဆောင်ရွက်နေမှု အခြေအနေနှင့် ရထားပြေးဆွဲရေးအတွက် လိုအပ်ချက်များ ဖြည့်ဆည်းဆောင်ရွက်ပေးရမည့် အခြေအနေများကို တင်ပြဆွေးနွေးသည်။

ဆက်လက်၍ တိုင်းတာဝန်ခံများ၏ တင်ပြချက်များအပေါ် အထွေထွေမန်နေဂျာ (အောက်မြန်မာပြည်)၊ အထွေထွေမန်နေဂျာ (အထက်မြန်မာပြည်) တို့က ဖြည့်စွက်တင်ပြရာ ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်ဆည်းဖြည့်စွက်မှာကြားသည်။

ထို့နောက် အစည်းအဝေးတက်ရောက်လာသည့် မြန်မာ့မီးရထား ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ ဒုတိယအထွေထွေမန်နေဂျာများက လုပ်ငန်းလိုအပ်ချက်များ ဖြည့်ဆည်း ဆောင်ရွက်ပေးနေမှုများ ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ ဆွေးနွေးချက်များနှင့် ပတ်သက်၍ ဒုတိယဝန်ကြီးများက ဖြည့်စွက် တင်ပြကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက တိုင်းအဆင့်အရာထမ်းများအနေဖြင့် လုပ်ငန်းများ ပုံမှန်ဆောင်ရွက်နိုင်ရေး၊ ကိုယ့်တိုင်းကိုယ့်နယ်မြေအတွင်း အောက်ခြေအဆင့်ထိ ထိတွေ့ပြီး လိုအပ်ချက်များ ဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ဖိအားပေးနေသည့် အဖျက်အမှောင့်သမားများသည် မိမိဌာန၏ ဝန်ထမ်းရပ်ကွက်အတွင်း၌ ရှိနေခြင်း၊ အဖျက်လုပ်ရပ်များ လုပ်ဆောင်နေခြင်းများကို ဖော်ထုတ်၍ ဒေသအာဏာပိုင်အဖွဲ့အစည်းများထံသို့ သတင်းပေးကာ ဖမ်းဆီးထိန်းသိမ်းခြင်း၊ အရေးယူခြင်းများဖြင့် ဆောင်ရွက်နေရမည်ဖြစ်ကြောင်း၊ လက်ရှိအခြေအနေ၌ မြန်မာ့မီးရထားနယ်မြေ၊ ဘူတာလမ်းပိုင်း၊ စက်ရုံ၊ အိမ်ရာများအတွင်း ကျူးကျော်ဝင်ရောက်အခြေချသူများ၊ အဖျက်လုပ်ရပ်များကို လုပ်ကိုင်နေသူများကို နယ်မြေခံလုံခြုံရေးတပ်ဖွဲ့များ အကူအညီယူ၍ ရှင်းလင်းဆောင်ရွက်ရမည်ဖြစ်ကြောင်း။

အရေးပေါ်ကာလအတွင်း အချို့ဝန်ထမ်းများ မိမိတာဝန်ကို ပြန်လည် ထမ်းဆောင်မှုမပြုခြင်းသည် ဝန်ထမ်းစည်းမျဉ်းစည်းကမ်း ဖောက်ဖျက်ခြင်းဖြစ်သောကြောင့် နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအတိုင်း အရေးယူဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ CDM လှုပ်ရှားမှုတွင် ခေါင်းဆောင်ပါက ဥပဒေအရ တရားစွဲခံရမည်ဖြစ်ကြောင်း၊ အကြောင်းအမျိုးမျိုးကြောင့် တာဝန်ထမ်းဆောင်ရန် ပျက်ကွက်နေသော ဝန်ထမ်းများကိုလည်း နိုင်ငံ့ဝန်ထမ်းနည်းဥပဒေများအတိုင်း အရေးယူဆောင်ရွက်ရန် ညွှန်ကြားထားပြီးဖြစ်၍ စိစစ်အရေးယူ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ အကြောင်းမဲ့ ပျက်ကွက်နေသော ဝန်ထမ်းများကိုလည်း တာဝန်ရှိသူများက ဆက်သွယ်ပြီး အမြန်ဆုံးလုပ်ငန်းခွင်သို့ ပြန်လည်ရောက်ရှိရေး ဆောင်ရွက်ကြရန် လိုအပ်ကြောင်း၊ လက်ရှိရထားပြေးဆွဲချိန်များတွင် ရထားလမ်းများကို မသမာသူများက အတားအဆီးချထားခြင်း၊ သံလမ်းများဖြုတ်ထားခြင်း၊ ကွန်ကရစ်ဇလီဖားတုံးကလစ်များ ဖြုတ်ထားခြင်း၊ သံလမ်းဆက်များ ဖြုတ်ထားခြင်းများကို ဆောင်ရွက်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ ရထားသံလမ်းလုံခြုံရေးအတွက် သက်ဆိုင်ရာဌာနများက လုံခြုံမှုရှိစေရေး စစ်ဆေးကြပ်မတ်ဆောင်ရွက်ရန်လိုအပ်ကြောင်း၊ မြန်မာ့မီးရထား ဝန်ထမ်းများအနေဖြင့် နိုင်ငံ့ဝန်ထမ်းများဖြစ်သည့်အတွက် နိုင်ငံ့ဝန်ထမ်း သစ္စာအဓိဋ္ဌာန် (၆) ချက်ကို လိုက်နာပြီး မိမိ၏လုပ်ငန်းတာဝန်များ ရပ်တန့်မှု မဖြစ်ပေါ်စေရေး တာဝန်ခံမှု၊ တာဝန်ယူမှုအပြည့်ဖြင့် ကြိုးပမ်းဆောင်ရွက်ကြရန်နှင့် ရထားလမ်းပိုင်းများတွင် ရထားများ အမြန်ဆုံးပြန်လည်ပြေးဆွဲနိုင်ရေး ကြိုးပမ်းအားထုတ် ဆောင်ရွက်ကြရန် တိုက်တွန်း မှာကြားလိုကြောင်း၊ ဝန်ကြီးဌာနအနေဖြင့် အခြားဌာနများနှင့် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးရမည့်ကိစ္စရပ်များ၊ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးမည်ဖြစ်ကြောင်း မှာကြားသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်း မူပိုင်ခွင့်ဆိုင်ရာဥပဒေများအရ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီ၏ လုပ်ငန်းဆောင်ရွက်မှုအခြေအနေများနှင့်စပ်လျဉ်းသည့် ရှင်းလင်းဆွေးနွေးပွဲသို့ တက်ရောက်

**နေပြည်တော် မတ် ၂၅**
မူပိုင်ခွင့်ဦးစီးဌာန၏ မူပိုင်ခွင့်ဆိုင်ရာဥပဒေများအရ မူပိုင်ခွင့်ဆိုင်ရာဗဟိုကော်မတီမှ ဆောင်ရွက်ရမည့် ကိစ္စရပ်များ၊ ဆောင်ရွက်ပြီးစီးမှုအခြေအနေနှင့် ဆက်လက်ဆောင်ရွက်ရမည့် ကိစ္စရပ်များကို ယနေ့ နံနက်၁၀ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ(၁)၌ ကျင်းပသည်။

ဆွေးနွေးပွဲသို့ ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက မူပိုင်ခွင့်ဦးစီးဌာနသည် ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလတွင် စတင်ဖွဲ့စည်းခဲ့သည့် ဌာနသစ်တစ်ခုဖြစ်ကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာဥပဒေ (၄) ရပ်ကို စတင်အကောင်အထည်ဖော်နိုင်ရန် ဆောင်ရွက်လျက်ရှိကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာဥပဒေများသည် အသစ်ဖြစ်သည့်အားလျော်စွာ အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ဌာနအချင်းချင်းညှိနှိုင်းဆောင်ရွက်သွားရန်လိုအပ်ပါကြောင်း၊ လူ့စွမ်းအားအရင်းအမြစ်ဆိုင်ရာများ၊ ရုံးအဆောက်အဦနှင့် ဘတ်ဂျက်ဆိုင်ရာ ကိစ္စများကို ပံ့ပိုးဖြည့်ဆည်းပေးနိုင်ရေးအတွက် ဆောင်ရွက်ပေးသွားမည်ဖြစ်ပါကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာဥပဒေများ အာဏာသက်ဝင်ရန်ဆောင်ရွက်ခြင်းနှင့် ကုန်အမှတ်တံဆိပ်မှတ်ပုံတင်ခြင်းလုပ်ငန်းများ ဆောင်ရွက်ရာတွင်လည်း လိုအပ်သည်များ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ မူပိုင်ခွင့်ဆိုင်ရာကိစ္စများနှင့်စပ်လျဉ်း၍ ပြည်သူများ ကျယ်ကျယ်ပြန့်ပြန့်သိရှိနိုင်ရေးနှင့် အသိပညာပေးလုပ်ငန်းများ ဆောင်ရွက်သွားရန် လိုအပ်ကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးက လိုအပ်သည်များကို ဖြည့်စွက်ဆွေးနွေးပြီး အမြဲတမ်းအတွင်းဝန်နှင့် မူပိုင်ခွင့်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးချုပ်တို့က မူပိုင်ခွင့်ဆိုင်ရာ ဥပဒေ(၄) ရပ် အကောင်အထည်ဖော်ဆောင်ရွက်နေမှုများ၊ နည်းဥပဒေရေးဆွဲခြင်း၊ ကုန်အမှတ်တံဆိပ် မှတ်ပုံတင်ခြင်းအတွက်ပုံစံများ၊ အခကြေးငွေသတ်မှတ်နိုင်ရေးကိစ္စများနှင့် ဥပဒေအာဏာသက်ဝင်ရန် ဆောင်ရွက်နေမှုများနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြပြီး



ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းပေးခဲ့သည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး၊ အမြဲတမ်းအတွင်းဝန်၊ ဒုတိယအမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီ၊ ရန်ပုံငွေ စီမံခန့်ခွဲရေးအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကျင်းပ

**နေပြည်တော် မတ် ၂၅**
လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီ၊ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ညှိနှိုင်းအစည်းအဝေးကို ယနေ့နံနက်ပိုင်းက ဝန်ကြီးဌာနအစည်းအဝေးခန်းမ၌ ကျင်းပသည်။




အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာသက်သက်ခိုင်က ပြန်လည်ထူထောင်ရေးဦးစီးဌာနက ဆောင်ရွက်လျက်ရှိသော လုပ်ငန်းများနှင့်ပတ်သက်၍ မူလလုပ်ငန်းတာဝန်များ အရှိန်အဟုန်မပျက် ဆက်လက်ဆောင်ရွက်နိုင်ရန်အတွက် ပူးပေါင်းညှိနှိုင်းဆောင်ရွက်ခြင်းဖြစ်ပါကြောင်း၊ ယခင်မသန်စွမ်းမှု အဆင့်သတ်မှတ်ခြင်းနှင့် မှတ်ပုံတင်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့ရာတွင် ကိုဗစ်-၁၉ ကပ်ရောဂါကြောင့် လုပ်ငန်းများ ခေတ္တဆိုင်းငံ့ထားခဲ့ရပါကြောင်း၊ မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ မဟာဗျူဟာ (၅) နှစ်စီမံကိန်းကို အတည်ပြုပြဋ္ဌာန်းနိုင်ရေးလုပ်ငန်းများကိုလည်း အရှိန်အဟုန်မပျက်ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ဦးစီးဌာနများအနေဖြင့် မည်သည့်လုပ်ငန်းများတွင် စိန်ခေါ်မှုများရှိနေသည်ကို ပြန်လည်သုံးသပ်ပြီး ဖြေရှင်းရမည့်နည်းလမ်းများကို ဖော်ထုတ်၍ ဆက်လက်ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ပါကြောင်း၊ ရှေ့ဆက်ဆောင်ရွက်ရမည့် လုပ်ငန်းအစီအစဉ်များနှင့်ပတ်သက်၍ ပါဝင်အကြံပြုဆွေးနွေးနိုင်ပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဦးအောင်ထွန်းခိုင်က မိမိတို့ဝန်ကြီးဌာနသည် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများကို အမြဲမပြတ်ဆောင်ရွက်ရသော ဌာနဖြစ်သဖြင့် ဆောင်ရွက်နေရသည့် လုပ်ငန်းများကို ရပ်တန့်၍မရပါကြောင်း၊ ပုံမှန်ဝန်ဆောင်မှုလုပ်ငန်းများကို ဆက်လက်ဆောင်ရွက်ခြင်း၊ အကြောင်းအမျိုးမျိုးကြောင့် ခေတ္တရပ်တန့်နေသော လုပ်ငန်းများရှိပါကလည်း ပြန်လည်သုံးသပ်၍ နည်းလမ်းဖော်ထုတ်ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနနှင့်အတူ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် ဆက်စပ်ဝန်ကြီးဌာနများ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများ၊ စေတနာ့ဝန်ထမ်းအဖွဲ့အစည်းများနှင့်ညှိနှိုင်းကာ လုပ်ငန်းများကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထိုသို့ ဆောင်ရွက်ရာတွင် ရေရှည်ဆောင်ရွက်ရမည့်လုပ်ငန်းများကို ဥပဒေ၊ နည်းဥပဒေများနှင့်အညီ အဖွဲ့အစည်းအားလုံးနှင့် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် ပြန်လည်ထူထောင်ရေးဦးစီးဌာန ထိခိုက်လွယ်အုပ်စုများဌာနခွဲမှ ဒုတိယညွှန်ကြားရေးမှူး ဦးရဲမျိုးဝင်းက မသန်စွမ်းသူများ၏ အခွင့်အရေးများဆိုင်ရာ အမျိုးသားကော်မတီ၊ လုပ်ငန်းကော်မတီ၊ ရန်ပုံငွေစီမံခန့်ခွဲရေးအဖွဲ့များ ပြင်ဆင်ဖွဲ့စည်းခြင်းနှင့်ပတ်သက်၍ ယခင်ဖွဲ့စည်းထားရှိခဲ့သည့် ကော်မတီ၊ အဖွဲ့များ၏ ဖွဲ့စည်းပုံ၊ လုပ်ငန်းတာဝန်များ၊ ပါဝင်ဖွဲ့စည်းထားသော ဝန်ကြီးဌာန၊ လူပုဂ္ဂိုလ်၊ အသင်းအဖွဲ့များ၏ ပါဝင်မှုအခြေအနေနှင့် ယခုပြင်ဆင်ဖွဲ့စည်းလိုသည့် ဖွဲ့စည်းပုံနှင့် လုပ်ငန်းတာဝန်များကို ရှင်းလင်းတင်ပြခဲ့ရာ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဖြည့်စွက်ညှိနှိုင်းဆွေးနွေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများအစည်းအဝေး ကျင်းပ

**နေပြည်တော် မတ် ၂၅**
အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများအစည်းအဝေး (AFCDM+3) ကို ယနေ့နံနက် ၁၁ နာရီတွင် ဗီဒီယိုကွန်ဖရင့်ဖြင့် ကျင်းပသည်။



အစည်းအဝေးသို့ အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများနှင့်အတူ မြန်မာနိုင်ငံတော်ဗဟိုဘဏ်ဒုတိယဥက္ကဋ္ဌဒေါ်သန်းသန်းဆွေ တက်ရောက်သည်။

အစည်းအဝေးတွင် ဇင်းမယ်နိုင်ငံစုံ ပါဝင်ခြင်း အစီအစဉ် (Chaing–Mai Initiative Multilateralization–CMIM) အကောင်အထည်ဖော်မှုနှင့်စပ်လျဉ်း၍ ရည်ညွှန်းနိုင်ငံခြားငွေလဲလှယ်နှုန်း၊ အတိုးနှုန်း၊ ချေးငွေထုတ်ယူမှုအတွက် လမ်းညွှန်စည်းကမ်းသတ်မှတ်ချက်များ၊ ပြည်တွင်းသုံး ငွေကြေးထည့်ဝင်မှုများ စသည်တို့ကို ဆွေးနွေးခဲ့ကြသည်။

ထို့ပြင် အစည်းအဝေးတက်ရောက်သူ ဒုတိယအကြီးအကဲများက အာဆီယံ+၃ မေခရို စီးပွားရေးသုတေသနရုံး (ASEAN+3 Macroeconomic Research Office – AMRO) ၏ ၂၀၂၂ ခုနှစ် ဘတ်ဂျက်နှင့် ဝန်ထမ်းခန့်ထားရေးဆိုင်ရာကိစ္စရပ်များနှင့် CMIM အစီအစဉ်အတွက် ဆွေးနွေးခဲ့ကြပြီး ကာလတို၊ ကာလလတ်နှင့် ကာလရှည်ဆက်လက်ဆောင်ရွက်မည့် အစီအစဉ်များကို ဆွေးနွေးအတည်ပြုခဲ့ကြသည်။

အစည်းအဝေး၌ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ ဒေါ်သန်းသန်းဆွေက LIBOR Rate မှာ ၂၀၂၃ ခုနှစ်အထိ သက်တမ်းတိုးမြှင့်ထားသော်လည်း အစားထိုးသုံးစွဲရန်အတွက် CMIM Reference Rate နှင့်စပ်လျဉ်း၍ U.S Treasury Bill Rate (UST) ကို အသုံးပြုရန် ထောက်ခံပါကြောင်း၊ သို့သော် သတင်းအချက်အလက်ရရှိရေးမှာ လွယ်ကူရန်နှင့် လက်တွေ့ကျင့်သုံးရန် လိုအပ်ပါကြောင်း၊ CMIM အတွက် ငွေကြေးဖလှယ်မှုပြုရာ၌ ပထမအဆင့်အနေဖြင့် အဖွဲ့ဝင်နိုင်ငံများ၏ ပြည်တွင်းသုံး ငွေကြေး (Local Currency) ကို နှစ်နိုင်ငံငွေကြေးဖလှယ်မှု (Bilateral Local Currency Swap) အဖြစ် အသုံးပြု၍ အတွေ့အကြုံများ ယူသင့်ပါကြောင်းနှင့် ထိုမှတစ်ဆင့် အာဆီယံ +၃ အဖွဲ့ဝင်နိုင်ငံ မဟုတ်သောနိုင်ငံများ၏ ငွေကြေးဖြင့် ဖလှယ်ရာတွင် Settlement Currency အဖြစ်သာ အသုံးပြုသင့်ပါကြောင်း အကြံပြုဆွေးနွေးခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်း အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများအစည်းအဝေးသို့ တက်ရောက်

**နေပြည်တော် မတ် ၂၅**

စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းသည် ယနေ့နံနက် ၁၁ နာရီတွင် ဘရူနိုင်းဒါရုဆလမ်နိုင်ငံမှ Virtual Meeting ဖြင့် အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေးသို့ နေပြည်တော်ရှိ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာနမှ တက်ရောက်သည်။




အစည်းအဝေးတွင် အာဆီယံ+၃ နိုင်ငံများတွင် အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည့် ဇင်းမယ်အစီအစဉ်တွင် နိုင်ငံစုံပါဝင်လာရေး (Chiang Mai Initiative Multilateralisation–CMIM) လုပ်ငန်းအစီအစဉ်အရ ဆောင်ရွက်လျက်ရှိသည့် လုပ်ငန်းစဉ်များ၏ တိုးတက်မှုများ၊ CMIM Agreement ပြင်ဆင်ချက်ကို အတည်ပြုဆောင်ရွက်နိုင်ရေးဆိုင်ရာ ကိစ္စရပ်များ၊ အာဆီယံ+၃ မက်ခရို စီးပွားရေးသုတေသနရုံး (ASEAN+3 Macroeconomic Research Office – AMRO) ၏ ၂၀၂၂ ခုနှစ် ရသုံးခန့်မှန်းခြေငွေစာရင်းနှင့် ဝန်ထမ်းအင်အား တိုးမြှင့်ဆောင်ရွက်သွားမည့်အခြေအနေများ၊ AMRO ၏ လုပ်ငန်းဆောင်ရွက်မှုအပေါ် ပြန်လည်သုံးသပ်ခြင်းဆိုင်ရာ ကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကပ်ရောဂါအလွန်တွင် ဆောင်ရွက်မည့် ပြန်လည်ထူထောင်ရေးအစီအစဉ်များနှင့်စပ်လျဉ်း၍ AMRO က ပြုစုသည့် ASEAN+3 Regional Economic Outlook 2021 အပေါ် ရှုမြင်သုံးသပ်ချက်များ၊ အာဆီယံ+၃ နိုင်ငံများ၏ မူဝါဒရေးရာကိစ္စရပ်များနှင့် အကောင်အထည်ဖော်မှု အခြေအနေများ၊ ရှေ့ဆက်ဆောင်ရွက်မည့်လုပ်ငန်းစဉ်များကို ညှိနှိုင်းဆွေးနွေးသည်။

အစည်းအဝေးတွင် မြန်မာနိုင်ငံမှ သက်ဆိုင်ရာခေါင်းစဉ်အလိုက် ပါဝင်ဆွေးနွေးရာ၌ AMRO တွင် ကမ္ဘောဒီးယား၊ လာအို၊ မြန်မာနှင့် ဗီယက်နမ်နိုင်ငံများမှ အရာထမ်းများက ဒေသဆိုင်ရာ မက်ခရိုစီးပွားရေးသုတေသန လုပ်ငန်းစဉ်များ၌ ပါဝင်ဆောင်ရွက်နေမှုအား တိုးမြှင့်ဆောင်ရွက်နိုင်ရေးဆိုင်ရာကိစ္စရပ်များ၊ လုပ်ငန်းအဖွဲ့များတွင် မြန်မာနိုင်ငံမှ ပါဝင်ဆောင်ရွက်လျက်ရှိသည့် financial resilience against climate and natural disasters လုပ်ငန်းအဖွဲ့၏ စွမ်းဆောင်ရည်တိုးမြှင့်ရေးဆိုင်ရာကိစ္စရပ်များ၊ ကိုဗစ်-၁၉ ကပ်ရောဂါ၏ သက်ရောက်မှုအပေါ် မြန်မာအစိုးရမှ တုံ့ပြန်ဆောင်ရွက်နေသည့် အခြေအနေများနှင့် စီးပွားရေးဦးတည်ချက်များ ချမှတ်ဆောင်ရွက်နေမှုအခြေအနေများကို ပါဝင်ဆွေးနွေးခဲ့သည်။

အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်ဒုတိယအကြီးအကဲများ အစည်းအဝေးကို အာဆီယံနိုင်ငံများနှင့် အပေါင်းသုံးနိုင်ငံများဖြစ်ကြသည့် တရုတ်၊ ဂျပန်နှင့် ကိုရီးယားသမ္မတနိုင်ငံများတွင် အိမ်ရှင်အဖြစ် အလှည့်ကျ ကျင်းပလျက်ရှိရာ ယခုနှစ်အတွက် အိမ်ရှင်အဖြစ် အာဆီယံနိုင်ငံများဘက်မှ ဘရူနိုင်းဒါရုဆလမ်နိုင်ငံနှင့် အပေါင်းသုံးနိုင်ငံများဘက်မှ ကိုရီးယားသမ္မတနိုင်ငံတို့က Co-Chairs များအဖြစ် လက်ခံကျင်းပလျက်ရှိသည်။ လက်ရှိအခြေအနေတွင် ကိုဗစ်-၁၉ ဖြစ်ပွားမှုများကြောင့် အာဆီယံ+၃ အစည်းအဝေးများအား Virtual Meeting ပုံစံဖြင့် ကျင်းပဆောင်ရွက်လျက်ရှိသည်။

ယခုကျင်းပသည့် အာဆီယံ+၃ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ် ဒုတိယအကြီးအကဲများ အစည်းအဝေးမှ ဆွေးနွေးဆုံးဖြတ်ချက်များကို အတည်ပြုနိုင်ရေးအတွက် မတ် ၃၀ ရက်တွင် ကျင်းပမည့် အာဆီယံ+၃ ဘဏ္ဍာရေးဝန်ကြီးများနှင့် ဗဟိုဘဏ်ဥက္ကဋ္ဌများ အစည်းအဝေးသို့ ဆက်လက်တင်ပြဆောင်ရွက်မည်ဖြစ်သည်။

ယခုအစည်းအဝေးသို့ အာဆီယံ+၃ နိုင်ငံများ၏ ဘဏ္ဍာရေးနှင့် ဗဟိုဘဏ်တို့မှ ဒုတိယဝန်ကြီးများနှင့် ဒုတိယဥက္ကဋ္ဌများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း အချိန်ပြောင်းလဲထုတ်လွှင့်မည်

**နေပြည်တော် မတ် ၂၅**

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများ ရုပ်သံလိုင်းထုတ်လွှင့်မှုကို တိုင်းရင်းသားဘာသာအလိုက် ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၊ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်းထုတ်လွှင့်မှုကို ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာ ၁ ရက်မှစပြီး ၂၀၂၁ ခုနှစ် မတ် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှစ၍ 'ဝ'၊ ကချင်၊ ကယား၊ စကောကရင်၊ အနောက်ပိုးကရင်၊ အရှေ့ပိုးကရင်၊ ချင်း(လိုင်ဇိုး)၊ ချင်း(ချိုး)၊ မွန်၊ ရခိုင်၊ ရှမ်းဘာသာ အစီအစဉ်များကို ည ၁၁ နာရီအထိ ထုတ်လွှင့်လျက်ရှိသည်။

ယခု NRC ရုပ်သံလိုင်း ထုတ်လွှင့်ချိန် ပြောင်းလဲထုတ်လွှင့်မှုကို ၂၀၂၁ ခုနှစ် ဧပြီ ၁ ရက်မှ ၂၀၂၁ ခုနှစ် ဇူလိုင် ၃၁ ရက်အထိ နေ့စဉ် နံနက် ၆ နာရီမှ ၈ နာရီအထိ ကချင်ဘာသာ အစီအစဉ်၊ နံနက် ၈ နာရီမှ ၁၀ နာရီအထိ ကယားဘာသာအစီအစဉ်၊ နံနက် ၁၀ နာရီမှ နံနက် ၁၁ နာရီအထိ စကောကရင်ဘာသာ အစီအစဉ်၊ နံနက် ၁၁ နာရီမှ မွန်းတည့် ၁၂ နာရီအထိ အနောက်ပိုးကရင်ဘာသာ အစီအစဉ်၊ မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၁ နာရီအထိ အရှေ့ပိုးကရင်ဘာသာ အစီအစဉ်၊ မွန်းလွဲ ၁ နာရီမှ ၂ နာရီအထိ ချင်း(လိုင်ဇိုး) ဘာသာ အစီအစဉ်၊ မွန်းလွဲ ၂ နာရီမှ ၃ နာရီအထိ ချင်း(ချိုး)ဘာသာ အစီအစဉ်၊ မွန်းလွဲ ၃ နာရီမှ ညနေ ၅ နာရီအထိ မွန်ဘာသာ အစီအစဉ်၊ ညနေ ၅ နာရီမှ ည ၇ နာရီအထိ ရခိုင်ဘာသာ အစီအစဉ်၊ ည ၇ နာရီမှ ၉ နာရီအထိ ရှမ်းဘာသာ အစီအစဉ်၊ ည ၉ နာရီမှ ၁၁ နာရီအထိ 'ဝ' ဘာသာအစီအစဉ်တို့ကို ဘာသာအလိုက် အချိန်ပြောင်းလဲထုတ်လွှင့်သွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

(၁-၄-၂၀၂၁)မှ (၃၁-၇-၂၀၂၁)ထိ တိုင်းရင်းသားလူမျိုးများရုပ်သံလိုင်း ထုတ်လွှင့်ချိန်စာရင်း

| စဉ် | ဘာသာ | ထုတ်လွှင့်ချိန် |
|---|---|---|
| ၁ | ကချင် | ၀၆:၀၀-၀၈:၀၀ နာရီ |
| ၂ | ကယား | ၀၈:၀၀-၁၀:၀၀ နာရီ |
| ၃ | စကောကရင် | ၁၀:၀၀-၁၁:၀၀ နာရီ |
| ၄ | အနောက်ပိုးကရင် | ၁၁:၀၀-၁၂:၀၀ နာရီ |
| ၅ | အရှေ့ပိုးကရင် | ၁၂:၀၀-၁၃:၀၀ နာရီ |
| ၆ | ချင်း(လိုင်ဇိုး) | ၁၃:၀၀-၁၄:၀၀ နာရီ |
| ၇ | ချင်း(ချိုး) | ၁၄:၀၀-၁၅:၀၀ နာရီ |
| ၈ | မွန် | ၁၅:၀၀-၁၇:၀၀ နာရီ |
| ၉ | ရခိုင် | ၁၇:၀၀-၁၉:၀၀ နာရီ |
| ၁၀ | ရှမ်း | ၁၉:၀၀-၂၁:၀၀ နာရီ |
| ၁၁ | 'ဝ' | ၂၁:၀၀-၂၃:၀၀ နာရီ |


❖ တိုင်းရင်းသားအစီအစဉ် ၁၁ ဘာသာအား နေ့စဉ် နံနက် (၆:၀၀)နာရီမှ ည (၂၃:၀၀) နာရီထိ ထုတ်လွှင့်ချိန် (၁၇:၀၀) နာရီ ထုတ်လွှင့်လျက်ရှိပါသည်။

❖ (၄)လ တစ်ကြိမ် နာရီလက်တံအတိုင်း အချိန်ပြောင်းလဲထုတ်လွှင့်လျက်ရှိရာ ယခုပြောင်းလဲခြင်းမှာ (၂၂)ကြိမ်မြောက် ဖြစ်ပါသည်။

## ရွှေသွေးဂျာနယ်ထွက်ရှိ

**နေပြည်တော် မတ် ၂၅**

ပြန်ကြားရေးဝန်ကြီးဌာန ပုံနှိပ်ရေးနှင့်ထုတ်ဝေရေးဦးစီးဌာန စာပေဗိမာန်ရုံးက အပတ်စဉ် စနေနေ့တိုင်း ရွှေသွေးဂျာနယ်ကို ထုတ်ဝေဖြန့်ချိလျက်ရှိသည်။




မတ်လ ၂၇ ရက် (စနေနေ့)တွင် ထုတ်ဝေမည့် ရွှေသွေးဂျာနယ်တွင် ဆရာကို ကာပြန်၍ ဒုက္ခရောက်သွားသော တပည့်မိုက်အကြောင်းကို ပညာပေးတင်ဆက်ထားသည့် ကာတွန်းဒစ်ဂျစ်တယ်၏ "ဆရာကို အန်တုသူ" မျက်နှာဖုံးဇာတ်လမ်း၊ ကိုဗစ်-၁၉ ရောဂါကြောင့် စိတ်ဖိစီးမှုကို ဖြေဖျောက်နိုင်ရန် နည်းလမ်းအချို့ကို တင်ဆက်ထားသည့် ဆရာမညိုညို၏ "ကိုဗစ်ရောဂါကြောင့် စိတ်ဖိစီးမှုလျော့ပါးစေရန်" သုတဆောင်းပါးနှင့် မိမိတို့ပတ်ဝန်းကျင်ရှိ မြေထု၊ ရေထုနှင့် လေထုအပါအဝင် သဘာဝအရင်းအနှီးများအကြောင်းကို သိရှိနိုင်စေရန်နှင့် ထိန်းသိမ်းစောင့်ရှောက်နိုင်စေရန်အတွက် ဗဟုသုတဖြစ်ဖွယ် တင်ဆက်ထားသည့် ဒေါက်တာဇော်မြင့်နီ၏ "သဘာဝအရင်းအနှီးများ" သုတဆောင်းပါး၊ ရှေးပညာရှိများ၏ ဆုံးမစကားများကို ကလေးများ အလေးထားလိုက်နာမှတ်သားနိုင်စေရန် တင်ဆက်ထားသည့် ဆရာမ သဇင်ဦး၏ "ကောင်းကျိုးကိုယ်၌ တည်စေမင်း" ဆုံးမစကား၊ မိမိတတ်မြောက်ထားသည့် ပညာရပ်များကို မိမိနှင့် သူတစ်ပါးအတွက် အကျိုးရှိသောနေရာများတွင် အသုံးပြုသင့်ကြောင့် တင်ဆက်ထားသည့် ကာတွန်းထိန်သာ၏ "စေပိုင်ရှင်လေး ဇု" နှစ်မျက်နှာကာတွန်း၊ သူတစ်ပါးအပေါ်၌ မကောင်းကြံစည်ပါက မိမိတွင်လည်း ဒုက္ခရောက်နိုင်ပုံအကြောင်းကို တင်ဆက်ထားသည့် ဆရာငွေးကျော်ဦး၏ "ပန်းသီးနှင့် မျောက်" ကလေးဝတ္ထု၊ နာမ်ရှေ့တွဲသုံးစကားလုံးများ (Determiner) အကြောင်းကို လေ့ကျင့်ခန်းများနှင့်တကွ ဖော်ပြထားသည့် ဆရာ KML ၏ "ရွှေသွေးအင်္ဂလိပ်သဒ္ဒါ" အင်္ဂလိပ်စာသင်ခန်းစာ ကဏ္ဍ၊ ဉာဏ်စမ်းကဏ္ဍ၊ ကဗျာကဏ္ဍ စုံလင်စွာဖြင့် ဖတ်စရာမှတ်စရာများ ပါရှိကြောင်း သိရှိရသည်။

**သတင်းစဉ်**

**ကိုဗစ်-၁၉ ရောဂါကာကွယ်ဖို့
မိမိကစ၍ စည်းကမ်းများကို လိုက်နာစို့**

# လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာကျန်းမာရေးစည်းမျဉ်းများနှင့်အညီ နှစ်သစ်ကူးပွဲတော် ကျင်းပမည်

**ဗီယင်ကျန်း မတ် ၂၅**
လာအိုနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများနှင့်အညီ နှစ်သစ်ကူးပွဲတော်ကို ကျင်းပရန် အစိုးရက ယနေ့ ခွင့်ပြုလိုက်ကြောင်း သိရသည်။

နိုင်ငံသားများအနေဖြင့် နှစ်သစ်ကူးပွဲတော်ကို ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရေးနှင့် ထိန်းချုပ်ရေးဆိုင်ရာ စည်းမျဉ်းများနှင့်အညီ ကျင်းပနိုင်ကြောင်း ဝန်ကြီးချုပ်ရုံးမှ ထုတ်ပြန်သော ညွှန်ကြားချက်တွင် ဖော်ပြသည်။ နှစ်သစ်ကူးပွဲတော်အချိန်တွင် နိုင်ငံသားများအနေဖြင့် မိသားစုတွေ့ဆုံပွဲများ ပြုလုပ်ကြကြောင်း သိရသည်။

နိုင်ငံသားများအနေဖြင့် နှစ်သစ်ကူးပွဲတော်ကို ၎င်းတို့၏ အလုပ်ခွင်နှင့် ဘုရားကျောင်းကန်များတွင် ရိုးရာယဉ်ကျေးမှုနှင့်အညီ ဆင်နွှဲကြကြောင်း သိရသည်။ သို့သော် ယခုနှစ်ပွဲတော်တွင် အများပြည်သူဆိုင်ရာ နေရာများတွင် ဂီတဖျော်ဖြေပွဲများကျင်းပခြင်းနှင့် ဈေးရောင်းပွဲတော်များ ကျင်းပခြင်းကို တားမြစ်ထားကြောင်း သိရသည်။

နှစ်သစ်ကူးပွဲတော် ကာလအတွင်း နယ်စပ်ဒေသများရှိ ဖြတ်သန်းသွားလာမှုများကို စောင့်ကြည့်သွားမည်ဖြစ်သည်။ နှစ်သစ်ကူးပွဲတော်ကာလအတွင်း တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ နှာခေါင်းစည်းများ ဝတ်ဆင်ခြင်းနှင့် လက်ဆေးခြင်းတို့ကဲ့သို့သော ကိုဗစ်- ၁၉ ရောဂါ တားဆီးရေးနည်းလမ်းများကို အစိုးရက တင်းတင်းကျပ်ကျပ် ချမှတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

ယမန်နှစ်အတွင်းက နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ အသွားအလာကန့်သတ်မှုများကို ချမှတ်ထားခြင်းကြောင့် နှစ်သစ်ကူးပွဲတော်ကို မကျင်းပနိုင်ခဲ့ကြောင်း သိရသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**



# အာဂျင်တီးနားနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၃၀၀ ထပ်မံတွေ့ရှိ



**ဗျူနိုအေးရိစ် မတ် ၂၅**
အာဂျင်တီးနားနိုင်ငံတွင် ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၈၃၀၀ ထပ်မံတွေ့ရှိသဖြင့် နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၂၂၆၉၈၇၇ ဦးရှိလာပြီး အဆိုပါ ရောဂါကြောင့် သေဆုံးသူ ၅၄၉၄၆ ဦးရှိလာကြောင်း ယနေ့သိရသည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပြီးသူ ၃၃၅၇၇၇၂ ဦးရှိရာ ပထမအကြိမ် ကာကွယ်ဆေးထိုးနှံပြီးသူ ၂၇၂၂၆၂၂ ဦးနှင့် ဒုတိယအကြိမ်ကာကွယ်ဆေးထိုးနှံပြီးသူ ၆၃၅၁၅၀ ရှိကြောင်း သိရသည်။ နိုင်ငံအတွင်း ကာကွယ်ဆေးထိုးနှံရေးလုပ်ငန်းစတင်သော ယမန်နှစ် ဒီဇင်ဘာလ ၂၉ ရက်မှ စတင်ပြီး ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေး ၄၁၉၀၀၁၅ လုံးကို နိုင်ငံအတွင်း ဖြန့်ဖြူးပေးခဲ့သည်။

နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုထိန်းချုပ်ရန် နိုင်ငံသားများ၏ သွားလာမှုကန့်သတ်ခြင်းကဲ့သို့သော စည်းကမ်းချက်ကို အချိန်အတိုင်းအတာတစ်ခုအထိ ချမှတ်သွားမည်ဖြစ်ကြောင်း ကျန်းမာရေးဝန်ကြီးကာလာဗီဇိုတီက သတင်းစာရှင်းလင်းပွဲတွင် ပြောကြားသည်။

မိမိတို့က အာဂျင်တီးနားနိုင်ငံတစ်ခုတည်းကိုသာ မဟုတ်ဘဲ တစ်ကမ္ဘာလုံးရှိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ပျံ့နှံ့မှုများကို သတိထားစောင့်ကြည့်နေကြောင်း ၎င်းက ပြောကြားသည်။

**ကိုးကား-ဆင်ဟွာ**
**ဘာသာပြန်-စိုးသူရ**

# အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါကူးစက်ခံရသူ သန်း ၃၀ အထိ မြင့်တက်လာ

**ဝါရှင်တန် မတ် ၂၅**
လက်ရှိအချိန်တွင် အမေရိကန်နိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူပေါင်း သန်း ၃၀ အထိ မြင့်တက်လာပြီဖြစ်ကြောင်း ဂျွန်ဟော့ကင်းစ်တက္ကသိုလ်၏ နောက်ဆုံးရကိန်းဂဏန်းများအရ သိရသည်။

နိုင်ငံအတွင်းရှိ ပြည်နယ်အများအပြား၌ ဗိုင်းရပ်စ်ကာကွယ်ရေး စည်းမျဉ်းများ ပြန်လည်ဖြေလျှော့လျက်ရှိသည့်အတွက် ရောဂါကူးစက်မှု စတုတ္ထလှိုင်း ထပ်မံကူးစက်လာမည်ကို ပြည်သူများက စိုးရိမ်လျက်ရှိသည်။

အမေရိကန်နိုင်ငံ၏ နေ့စဉ် ရောဂါကူးစက်မှုအရေအတွက်သည် ဇန်နဝါရီအစောပိုင်းနှင့် နှိုင်းယှဉ်လျှင် လျော့ကျလာခဲ့သည်။ ဇန်နဝါရီလအစောပိုင်းတွင် နေ့စဉ် ရောဂါကူးစက်ခံရသူ သုံးသိန်းခန့်ရှိခဲ့သည်။

သို့သော် အမေရိကန် ရောဂါကာကွယ်ထိန်းချုပ်ရေးစင်တာ၏ ဒါရိုက်တာ ဒေါက်တာ ရှိချီလီဝက်လန်စကီက နိုင်ငံအတွင်း နေ့စဉ် ရောဂါကူးစက်မှုအရေအတွက်မှာ သိသိသာသာ ကျဆင်းခြင်းမရှိသေးသည့်အတွက် ၎င်းအနေဖြင့် စိုးရိမ်ပူပန်မိပါကြောင်း ပြောကြားခဲ့သည်။

လွန်ခဲ့သော ရက်သတ္တပတ်အတွင်း နေ့စဉ်ရောဂါကူးစက်မှု အရေအတွက်သည် ၅၅၀၀၀ နီးပါးရှိခဲ့ပြီး ဆေးရုံသို့ တင်ပို့ကုသရသည့် လူနာအရေအတွက်သည် တစ်ရက်လျှင် ၄၆၀၀ ရှိကြောင်း ဒေါက်တာ ရှိချီလီ ဝက်လန်စကီက ဆိုသည်။

ထို့ပြင် ရောဂါကာကွယ်ရေးကဏ္ဍတွင် ရင်းနှီးမြှုပ်နှံမှုများ ပိုမိုလုပ်ဆောင်မည်ဆိုပါက အမေရိကန်နိုင်ငံအနေဖြင့် ရောဂါကူးစက်မှုမှ အမြန်ဆုံး လွတ်မြောက်သွားနိုင်မည်ဖြစ်ကြောင်း ဒေါက်တာ ရှိချီလီ ဝက်လန်စကီက ပြောကြားခဲ့သည်။

မစ်ချီဂန်နှင့် နယူးဂျာစီပြည်နယ်များသည် ရောဂါကာကွယ်ရေးဆိုင်ရာ စည်းမျဉ်းများဖြေလျှော့ခဲ့ပြီးနောက် ရောဂါကူးစက်မှုနှုန်းများ မြင့်တက်လာခဲ့သည့် ပြည်နယ်များစာရင်းတွင်ပါဝင်ကြောင်း သိရသည်။

ဗိုင်းရပ်စ်ကာကွယ်ရေးစည်းမျဉ်းများ လျင်မြန်စွာ ဖြေလျှော့ခြင်းသည် ရောဂါကူးစက်မှုနှုန်းကို ပိုမိုမြင့်တက်စေကြောင်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက သတိပေးပြောကြားခဲ့သည်။

ထို့ပြင် ယခုလနှောင်းပိုင်းတွင် စတင်သော နွေရာသီအားလပ်ရက်ကာလအတွင်း ရောဂါကူးစက်မှုနှုန်းများ သိသိသာသာ မြင့်တက်လာနိုင်ကြောင်း ဆေးဘက်ဆိုင်ရာ ကျွမ်းကျင်ပညာရှင်များက ပြောကြားခဲ့သည်။

**ကိုးကား- အင်န်အိတ်ချ်ကေ၊ ဘာသာပြန်- အောင်ကျော်ကျော်**

## ကမ္ဘာတစ်ဝန်း ကိုဗစ်-၁၉ ရောဂါဆိုင်ရာ နောက်ဆုံးအခြေအနေ

| | | |
|---|---|---|
| ဗိုင်းရပ်စ်ပိုးကူးစက်ခံရသူ | ၁၂၅၅၇၅၀၁၂ | ဦး |
| သေဆုံးသူ | ၂၇၅၉၁၉၇ | ဦး |
| ပြန်လည်ကျန်းမာလာသူ | ၁၀၁၃၈၇၀၉၈ | ဦး |

# အိန္ဒိယနိုင်ငံ၌ တစ်ရက်အတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၃၀၀၀ ကျော်နှင့် သေဆုံးသူ ၂၅၁ ဦးရှိ

**နယူးဒေလီ မတ် ၂၅**
အိန္ဒိယနိုင်ငံ၌ လွန်ခဲ့သည့် ၂၄ နာရီအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၅၃၄၇၆ ဦး ထပ်မံတွေ့ရှိခဲ့ပြီးနောက် အဆိုပါရောဂါ ကူးစက်ခံရသူပေါင်း ၁၁၇၈၇၅၃၄ ဦးရှိလာကြောင်း အိန္ဒိယကျန်းမာရေးဝန်ကြီးဌာနမှ ယနေ့ထုတ်ပြန်သည့် ကိန်းဂဏန်းများအရ သိရသည်။

ထို့အတူ အိန္ဒိယနိုင်ငံတွင် မတ် ၂၄ ရက်နံနက်ပိုင်းမှစ၍ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါဖြင့် ၂၅၁ ဦး ထပ်မံသေဆုံးခဲ့ခြင်းကြောင့် ထိုရောဂါဖြင့် သေဆုံးသူပေါင်း ၁၆၀၆၉၂ ဦး ရှိလာကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။ အိန္ဒိယ၌ တစ်ရက်တာအတွင်း ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရမှုနှင့် ထိုရောဂါဖြင့် သေဆုံးမှုပမာဏသည် ယခုနှစ်အတွင်း အများဆုံးဖြစ်သည်။

ထို့အပြင် အိန္ဒိယနိုင်ငံရှိ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ၁၁၂၃၁၆၅၀ သည် ဆေးဝါးကုသမှုခံယူခဲ့ပြီးနောက် ရောဂါကင်းစင်ပြီး ဆေးရုံများမှ ပြန်ဆင်းခဲ့ကြသဖြင့် လတ်တလောအချိန်တွင် နိုင်ငံတစ်ဝန်းရှိ ဆေးရုံများ၌ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာ ၃၉၅၁၉၂ ဦး ကျန်ရှိသေးကြောင်း သိရသည်။

အိန္ဒိယနိုင်ငံ၌ ယခုနှစ် ဇန်နဝါရီလက ကိုဗစ်-၁၉ ရောဂါ နေ့စဉ်ကူးစက်မှုနှုန်း ၁၀၀၀၀ အောက်အထိ သိသိသာသာ ကျဆင်းလာခဲ့သော်လည်း မကြာသေးမီရက်များမှစ၍ ရောဂါကူးစက်မှုနှုန်း ပြန်လည်မြင့်မားလာခဲ့သည်။

အိန္ဒိယအစိုးရသည် ယခုနှစ် ဇန်နဝါရီ ၁၆ ရက်က နိုင်ငံအတွင်း ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှုအစီအစဉ်ကို စတင်ဆောင်ရွက်ခဲ့ပြီး ထိုအချိန်မှစ၍ လက်ရှိအချိန်ထိ ပြည်သူ ၅၃ သန်းကျော်အား ကိုဗစ်-၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံပေးနိုင်ခဲ့သည်။

**ကိုးကား - ဆင်ဟွာ၊ ဘာသာပြန် - ဂျေတီ**

# သာစည်မြို့နယ်၌ ငွေကျပ်သိန်း ၄၆၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၃ ရက် ည ၉ နာရီခွဲတွင် သာစည်မြို့နယ် တောင်ကြီး-သာစည် သွားကားလမ်း ကွဲတပ်ဆုံ ပူးပေါင်းစစ်ဆေးရေးစခန်းတွင် တောင်ကြီး-မြဝတီ ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရာဖွေရာ ယာဉ်ပေါ်တွင် လိုက်ပါလာသည့် ခရီးသည် ခွန်မောင်သိန်းနှင့် သက်ဦးတို့၏ခရီးဆောင်အိတ်များ အတွင်းမှ ငွေကျပ်သိန်း ၄၆၈၀ တန်ဖိုးရှိ စိတ်ကြွရူးသွပ်ဆေးပြား ၃၁၂၀၀၀ ကို သိမ်းဆည်းရမိခဲ့သည်။



ခွန်မောင်သိန်းနှင့် သက်ဦးတို့အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

စစ်ဆေးပေါ်ပေါက်ချက်အရ သိမ်းဆည်းရမိသော စိတ်ကြွရူးသွပ်ဆေးပြားများအား ရှမ်းပြည်နယ် (တောင်ပိုင်း) ဆီဆိုင်မြို့နယ်မှ ကရင်ပြည်နယ် မြဝတီမြို့နယ်သို့ သယ်ဆောင် ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်တရားခံများ စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

သတင်းစဉ်

# အင်းတော်နှင့် နောင်ချိုမြို့နယ်တို့၌ မူးယစ်ဆေးဝါးများ သိမ်းဆည်းရမိ

နေပြည်တော် မတ် ၂၅

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မတ် ၂၄ ရက် နံနက် ၉ နာရီ ၄၅ မိနစ်တွင် မအေးငယ်(ခ)အားလီ မောင်းနှင်လာသော ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ဘိန်းဖြူ သုည ဒသမ ၄၄ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၃၉၅ ပြား တို့ကိုလည်းကောင်း။



မအေးငယ်(ခ)အားလီ အား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

ထို့အတူ ယင်းနေ့ နံနက် ၉ နာရီခွဲတွင် နောင်ချိုမြို့နယ် အိုရီယမ်တယ်တိုးဂိတ်အနီးတွင် စစ်ဆေးရေး ဆောင်ရွက်နေစဉ် အမျိုးသား တစ်ဦး(စိစစ်ဆဲ)မှာ ဆိုင်ကယ်ကို ရပ်တန့်ခြင်းမရှိဘဲ မောင်းနှင်ထွက်ပြေးသွားသဖြင့် လိုက်လံဖမ်းဆီးရာ နောင်ချိုမြို့ ဘူတာရပ်ကွက် နောင်ချိုဘူတာ အနီး၌ အဆိုပါ ဆိုင်ကယ်ကို တွေ့ရှိခဲ့ပြီး ဘိန်းဖြူ ၁ ဒသမ ၂၁ ကီလို သိမ်းဆည်းရမိခဲ့သဖြင့် အမျိုးသား တစ်ဦး(စိစစ်ဆဲ)အား မူးယစ်ဆေးဝါးနှင့် စိတ်ကို ပြောင်းလဲစေသော ဆေးဝါးများ ဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။ ရဲပြန်ကြား




# တရားမဝင် ကျွန်းသစ်ခွဲသားများ သိမ်းဆည်းရမိ

ကျိုက်ထို မတ် ၂၅

ကျိုက်ထိုမြို့နယ် မရမ်းချောင်ကျေးရွာ ရန်ကုန်-မော်လမြိုင် ကားလမ်းဘေးရှိ မရမ်းချောင် အမြဲတမ်းစစ်ဆေးရေးစခန်း၌ တာဝန်ထမ်းဆောင်လျက်ရှိသည့် မူးယစ်တပ်ဖွဲ့စု(မော်လမြိုင်)မှ ရဲအုပ် သုမောင်၊ အကောက်ခွန်ဌာနမှ အကောက်ခွန်မှူး ဦးသန့်ထူးအောင်၊ မြို့နယ်သစ်တောဦးစီးဌာနမှ တောအုပ်ကြီး ဦးဝင်းဗိုလ်တို့ပါဝင်သော စစ်ဆေးရေးအဖွဲ့သည် ယနေ့နံနက် ၇ နာရီခန့်တွင် ပဲခူးတိုင်းဒေသကြီးမှ မွန်ပြည်နယ်သို့ မြင့်ဦး မောင်းနှင်လာသည့် ၁၈ ဘီး တွဲယာဉ်အား သတင်းအရရပ်တန့်စစ်ဆေးခဲ့ရာ ယာဉ်ပေါ်တွင် တရားမဝင်သယ်ဆောင်လာသော ကျွန်းသစ် ၁၂ တန်ခန့် ရှာဖွေတွေ့ရှိရသဖြင့် သစ်တောဥပဒေအရ အရေးယူနိုင်ရန် စစ်ဆေးလျက်ရှိကြောင်း သိရသည်။

ဝင်းမောင်(ကျိုက်ထို)

**သစ်ပင်စိုက်မှ အရိပ်ရ၏ ရိပ်ခိုနားနေ အပန်းဖြေ၏**

# ရခိုင်ပြည်နယ် မောင်တောမြို့နယ် မှူဝင်ရွာအနီး ပင်လယ်ပြင်၌ တရားမဝင်သစ်များ တင်ဆောင်လာသော သစ်မှောင်ခိုလှေတစ်စင်းအား ဖမ်းဆီးရမိ

မောင်တော မတ် ၂၅

ရခိုင်ပြည်နယ် မောင်တောမြို့နယ် မှူဝင်ရွာအနီး ပင်လယ်ပြင်၌ တရားမဝင်သစ်များ တင်ဆောင်လာသော လှေတစ်စင်းအား မတ် ၂၃ ရက် ညနေ ၇ နာရီခန့်က ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် ငါးမန်း၊ ဖိုက်ဘာလှေနှစ်စင်းဖြင့် တိုက်ကင်းလှည့် တာဝန်ထမ်းဆောင်နေစဉ် မှူဝင်ရွာ၏ အနောက်တောင်ဘက် တောစပ်တွင် စက်လှေတစ်စင်းသည် အခြားသစ်ခွဲသားဆိုဒ်စုံ ခန့်မှန်း ၁၂ တန်ခန့် တင်ဆောင်လာသည့် သစ်မှောင်ခိုလှေတစ်စင်းနှင့်အတူ ဦးသကြိန်အောင်(ပဲ့နင်း)၊ ဦးသန်းနိုင်(စက်ဆရာ)၊ လှေလုပ်သားများဖြစ်သော ဦးအောင်ဆန်းသိန်း၊ ဦးလှကျော်၊ ဦးမဲချေ၊ ခင်မောင်လှ(လမ်းပြ)နှင့် ဦးအောင်ကျော်မြင့်(ခ) မောင်တင် (ဘင်္ဂလားဒေ့ရှ်နိုင်ငံ၊ တက္ကနာဖ်မြို့နယ်၊ မဟာဖိုးရွာ) စုစုပေါင်း ပြစ်မှုကျူးလွန်သူ ခုနစ်ဦးတို့အား ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။



အဆိုပါ ဖမ်းဆီးရမိသော ပြစ်မှုကျူးလွန်သူများအား စစ်ဆေးမေးမြန်းချက်များအရ စက်လှေပိုင်ရှင်မှာ စစ်တွေမြို့ ကုန်တန်းရပ်ကွက်နေ ဦးတင်အေးနှင့် သစ်ပိုင်ရှင်မှာ စစ်တွေမြို့ ရွာကြီးတောင်ရပ်ကွက်နေ ဦးကျော်သန်းဖြစ်ပြီး ၎င်းစက်လှေသည် တောင်ကုတ်မြို့ ကမ်ဒဲအောက်ရွာမှ သစ်များတင်ဆောင်မောင်းနှင်လာရာ မှူဝင်ရွာ၏ အနောက်တောင်ဘက် တောစပ်တွင် ဖမ်းဆီးခံရခြင်းဖြစ်ကြောင်းနှင့် အဆိုပါသစ်များအား ဘင်္ဂလားဒေ့ရှ်နိုင်ငံ တက္ကနာဖ်မြို့သို့ သွားရောက်ရောင်းချမည်ဖြစ်ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)




ဝိဝိနှင့် ဖိဖိ မိသားစု လုံခြုံစေချင်ပါသလား။ တတ်နိုင်သမျှ အိမ်တွင်နေပါ။ မဖြစ်မနေ အပြင်ထွက်တိုင်း ပါးစပ်နှင့်နှာခေါင်းစည်း ကို စနစ်တကျအသုံးပြုပါ။ အသုံးပြုပြီး ပါးစပ်နှင့်နှာခေါင်းစည်းကို အမှိုက်ပုံးထဲသို့ စနစ်တကျစွန့်ပစ်ပါ။ ပြီးလျှင် လက်ကို စနစ်တကျပြန်ဆေးပါ။

# ပုထုဇဉ်

**သမားအို**

တစ်နေ့က ရုပ်မြင်သံကြားအစီအစဉ်တစ်ခုမှ စာဆိုစစ်သည်ကြီးတစ်ဦးနဲ့ တွေ့ဆုံဆွေးနွေးခန်းကို ကြည့်လိုက်ရတယ်။ မှတ်မှတ်သားသား သူ့စကားထဲမှာ သူဟာ အငြိမ်းစားစစ်သည်လို့ မခံယူဘဲ သက်ကြီးစစ်သည်တစ်ဦးအဖြစ် ရပ်တည်နေတယ်။ အချိန်မရွေး တိုင်းပြည်တာဝန်ကို အသက်ပေးထမ်းဆောင်မယ်လို့ နေ့စဉ်သစ္စာအဓိဋ္ဌာန်လေးချက်ကို ရွတ်ဆိုဆဲဖြစ်တယ်ဆိုတာ ကြားရတော့ ကိုယ့်ဘဝကိုယ် ပြန်ကြည့်မိတယ်။ အသက်ခြောက်ဆယ်ပြည့်လို့ အငြိမ်းစားယူခဲ့တဲ့အချိန်ကို တောင် မေ့လောက်အောင်ရှိပေမယ့် ငြိမ်းငြိမ်း မစားလောက်တဲ့ ပင်စင်လစာလေးကိုဖြည့်ဖို့ အလုပ်တွေရှာလုပ်ရင်း လူတွေရဲ့ကျန်းမာရေးအတွက် မသေမချင်းပေးဆပ်နေရတဲ့ သမားအိုတစ်ယောက်ရဲ့ဘဝကို သက်ကြီးစစ်သည်လိုပဲ တွယ်တာနေမိတယ်။

**ချင့်ချိန်စာနာဖို့အတွက် ဥပမာတစ်ခုကို တင်ပြလိုပါတယ်။ "နှလုံးရောဂါ အသည်းအသန်ခံစားနေရတဲ့ ခင်ပွန်းသည်ကို ဆေးရုံအချိန်မီပို့ခဲ့ပေမယ့် ဆရာဝန်တွေ CDM လုပ်နေလို့ ကြည့်မယ့်သူမရှိဘူး။ တစ်ခါရောက်လာတဲ့သူကလည်း အရေးပေါ်အလုပ်တွေကို မလုပ်တတ်ဘူး။ ဒီလိုနဲ့ မနက် ၄ နာရီခွဲ (၅-၂-၂၁) မှာ ကျွန်မရဲ့ခင်ပွန်းသည် ကွယ်လွန်သွားခဲ့တယ်။ ကိုဗစ်-၁၉ ရောဂါပိုးရှိတယ်ဆိုပြီး အလောင်းကို ချက်ချင်းသယ်သွားကြပေမယ့် အသုဘပို့လို့မရဘဲ ကွယ်လွန်သူရဲ့ပစ္စည်းတွေကိုပိုက်ပြီး မနက် ၁၀ နာရီအထိ စောင့်ပြီးမှ ကွာရန်တင်းလုပ်ဖို့ ခေါ်သွားခဲ့တယ်။ ကွာရန်တင်းစင်တာမှာ တစ်ပတ်လုံးထားခဲ့ပေမယ့် ပိုးစစ်ပေးမယ့်သူလည်းမရှိဘူး။ အဲဒီအချိန်မှာ ကျွန်မရဲ့သားသမီးတွေနဲ့မြေးတွေဟာ အိမ်မှာနေရာကနေ နောက်ကွာရန်တင်းစင်တာကို ထပ်မံအပို့ခံလိုက်ရတယ်။ ပိုးမတွေ့ဘူးဆိုပြီး တစ်ပတ်နေမှအိမ်ပြန်ရတယ်။ ကွယ်လွန်သူအတွက် ပြုသင့်ပြုထိုက်တာတွေလည်း ဘာမှမလုပ်လိုက်ရဘူး" လို့ ကိုယ်တွေ့ကြုံခဲ့ရတဲ့သူမှ ရန်ကုန်ဆေးရုံကြီးက CDM အကြောင်းကို ပြောပြလာခဲ့။**

### ဘွဲ့နှင်းသဘင်ခန်းမထဲမှာ သစ္စာဆို

ကွာခြားချက်တစ်ခုတော့ ရှိပါတယ်။ သစ္စာအဓိဋ္ဌာန်ဆိုတဲ့ ကိစ္စကတော့ တစ်သက်မှာ တစ်ခါပဲ ဆိုခဲ့ဖူးတာပါပဲ။ ဆရာဝန်ဆိုတဲ့ဘွဲ့ယူတဲ့နေ့က ဘွဲ့နှင်းသဘင်ခန်းမထဲမှာ သစ္စာဆိုခဲ့တာ ခပ်ရေးရေးမှတ်မိနေတယ်။ လိုရင်းအချက်အလက်တွေကိုပဲ စွဲမှတ်ထားရင်း လုပ်ကိုင်စားသောက်လာခဲ့တာ ဒီကနေ့အထိပါ။ အဆင့်အတန်းမခွဲခြားဘဲ ကိုယ့်ရဲ့သွေးသားအရင်းကဲ့သို့ သဘောထားကာ လူနာတွေကို ကုသပေးတယ်ဆိုတဲ့ စိတ်ကလေးကို မွေးထားရင်း ဆေးကျောင်းသားဘဝ၊ အလုပ်သင်ဘဝ၊ ဝန်ထမ်းဆရာဝန်ဘဝကနေပြီး သမားအိုဘဝ ရောက်လာခဲ့တယ်။ ရှေးစကား "သမားဆို-အိုမှ" ဆိုတာလေးကို တခြားသူတွေ မေ့သွားပေမယ့် ကိုယ့်ကိုယ်ကိုယ် အားပေးနေရတယ်။

**"ကျွန်ုပ်တို့သည် ဆည်းပူးတတ်မြောက်ထားသော ဆေးပညာဖြင့် ဂိလာနပုဂ္ဂိုလ်များ၏ ကျန်းမာရေးကို စေတနာမေတ္တာရှေ့ထား၍ လူမျိုး၊ ဘာသာ၊ ဆင်းရဲ၊ ချမ်းသာမရွေး စွမ်းစွမ်းတမံ စောင့်ရှောက်ကုသပါအံ့"** လို့ ဆိုခဲ့ဖူးတဲ့ ကတိသစ္စာကိုတော့ အနှစ်သာရမပျောက်အောင် ထိန်းခဲ့တယ်။ ဆရာဝန်တစ်ယောက်ရဲ့ အဓိဋ္ဌာန်ပြု ကတိသစ္စာ (၂၄ x ၇ x ၃၆၅) မပျက်စေရဘဲ တစ်သက်တာ အလုပ်လုပ်နေခဲ့တယ်။ ၂၄ နာရီ၊ ခုနစ်ရက်လုံး၊ တစ်နှစ်တာလုံး၊ ပြီးတော့ တစ်သက်တာလုံး။ နားချိန်၊ စားချိန်မရှိတော့ဘူးလားလို့ မေးရင်လည်း အများကြီးရှိပါတယ်လို့ ပြောရမှာပဲ။ ညဂျူတီကျတဲ့အချိန်တွေမှာ အိပ်ရေးပျက်ပေမယ့် အားတိုင်းစားနေကြတာမို့ အာဟာရမပျက်၊ လူနာတွေရဲ့အသက်တွေကို ကယ်လိုက်နိုင်တဲ့အခါမှာဖြစ်ရတဲ့ "ပီတိ"နဲ့ အားရှိပါတယ်။ ဒါပေမဲ့ လူနာတွေရဲ့ ဝေဒနာတွေ၊ လူနာဆွေမျိုးတွေရဲ့ ဆင်းရဲဒုက္ခတွေ၊ ကိုယ့်လူနာတွေကို သေမင်းလက်ထဲက ဆွဲမထုတ်နိုင်တဲ့ အခြေအနေတွေမှာတော့ ပြောမပြနိုင်တဲ့ ဝေဒနာတွေ ခံစားခဲ့ရပါတယ်။

ဒါပေမဲ့ "ကတိသစ္စာပြုသည့်အတိုင်း ဆောင်ရွက်ပါသော် ကျွန်ုပ်သည် ကောင်းကျိုးမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံပါစေသား" ဆိုတဲ့တောင်းဆုကိုတော့ အခုဒီစာရေးနေတဲ့အချိန်အထိ ပြည့်စုံနေပါတယ်။

**"ကတိသစ္စာ၊ တည်သောအခါဝယ်**
**ဩဇာလေးနက်၊ ပေါ်ဆီတက်၍**
**နွယ်မြက်သစ်ပင်၊ ဆေးဖက်ဝင်၏"** ဆိုစကားအတိုင်းပဲ လူနာတွေကိုလူကောင်းတွေဖြစ်လာအောင်၊ လူကောင်းတွေကို လူနာမဖြစ်အောင် စောင့်ရှောက်နေဆဲဖြစ်ပေမယ့် နွယ်မြက်သစ်ပင်တွေဟာ အလကားနေရင်း ဆေးဖက်မဝင်ဘူးဆိုတာရယ်၊ အဲဒီဆေးပင်ဆိုတာဟာလည်း မြေဆီဩဇာမရှိတဲ့နေရာမှာပေါက်ရင် အသုံးမဝင်ဘူးဆိုတာရယ်၊ ဒါတွေဟာ ကတိသစ္စာတည်တဲ့သမားတော်တွေရဲ့ လက်ထဲမှာသာ ဖြစ်နိုင်တယ် ဆိုတာတွေကို ဘဝပေးအသိနဲ့ သိခဲ့ရပါတယ်။

အရေးကြီးတဲ့သစ္စာကတိကတော့-**"ဆေးပညာဖြင့် လူသားတို့၏ ဘဝနှင့်အသက်ကို တန်ဖိုးထားလေးစား၍ ကာကွယ်စောင့်ရှောက်ပါအံ့။"** ဆိုတဲ့ကတိပါပဲ။ ချင့်ချိန်စာနာဖို့အတွက် ဥပမာတစ်ခုကို တင်ပြလိုပါတယ်။ "နှလုံးရောဂါ အသည်းအသန်ခံစားနေရတဲ့ ခင်ပွန်းသည်ကို ဆေးရုံအချိန်မီပို့ခဲ့ပေမယ့် ဆရာဝန်တွေ CDM လုပ်နေလို့ ကြည့်မယ့်သူမရှိဘူး။ တစ်ခါရောက်လာတဲ့သူကလည်း အရေးပေါ်အလုပ်တွေကို မလုပ်တတ်ဘူး။ ဒီလိုနဲ့ မနက် ၄ နာရီခွဲ (၅-၂-၂၁)မှာ ကျွန်မရဲ့ခင်ပွန်းသည် ကွယ်လွန်သွားခဲ့တယ်။ ကိုဗစ်-၁၉ ရောဂါပိုးရှိတယ်ဆိုပြီး အလောင်းကို ချက်ချင်းသယ်သွားကြပေမယ့် အသုဘပို့လို့မရဘဲ ကွယ်လွန်သူရဲ့ ပစ္စည်းတွေကို ပိုက်ပြီး မနက် ၁၀ နာရီအထိစောင့်ပြီးမှ ကွာရန်တင်းလုပ်ဖို့ ခေါ်သွားခဲ့တယ်။ ကွာရန်တင်းစင်တာမှာ တစ်ပတ်လုံးထားခဲ့ပေမယ့် ပိုးစစ်ပေးမယ့်သူလည်း မရှိဘူး။ အဲဒီအချိန်မှာ ကျွန်မရဲ့သားသမီးတွေနဲ့ မြေးတွေဟာ အိမ်မှာနေရာကနေ နောက်ကွာရန်တင်းစင်တာကို ထပ်မံအပို့ခံလိုက်ရတယ်။ ပိုးမတွေ့ဘူးဆိုပြီး တစ်ပတ်နေမှ အိမ်ပြန်ရတယ်။ ကွယ်လွန်သူအတွက် ပြုသင့်ပြုထိုက်တာတွေလည်း ဘာမှမလုပ်လိုက်ရဘူး" လို့ ကိုယ်တွေ့ကြုံခဲ့ရတဲ့သူမှ ရန်ကုန်ဆေးရုံကြီးက CDM အကြောင်းကို ပြောပြလာခဲ့ပါတယ်။

### စိတ်ထိခိုက်မိ

သမားအိုတစ်ယောက်အနေနဲ့ သမားပျိုတွေရဲ့ လုပ်ရပ်တွေကို ကာကွယ်ဖြေရှင်းပေးချင်ပေမယ့် ဘယ်လိုပြောရမလဲမသိ။ ဒီဆေးရုံတစ်ရုံတည်း မဟုတ်ဘဲ နေရာတော်တော်များများမှာ ဆရာဝန်တွေဟာ တာဝန်ကျရာ ဆေးရုံ၊ ဆေးခန်းတွေကို စွန့်ခွာသွားတာ ကြားရ၊ မြင်ရတော့ စိတ်ထိခိုက်မိတယ်။

ဆရာဝန်တွေဆိုရတဲ့ ကတိသစ္စာဟာ ဟစ်ပိုကရေးတီးဆိုတဲ့ သမားတော်ကြီးက စတင်ချပေးလိုက်တဲ့ (Hippocratic Oath)ကို အခြေခံပါတယ်။ ဒါကြောင့်လည်း ကျွန်တော်တို့ သစ္စာဆိုတဲ့အခါမှာ "ကမ္ဘာတစ်လွှား ထင်ရှားကျော်ကြားခဲ့သော သမားဟူးရားကြီးများအား သက်သေထား၍" သစ္စာဆိုခဲ့ကြတာပါ။ ဒီလိုသက်သေထားပြီး ဆရာဝန်တွေ ဖြစ်လာကြပေမယ့် နောက်ထပ်ကျော်လွှားရမယ့် လုပ်ငန်းနှစ်ရပ်ရှိပါတယ်။ အဲဒါတွေကတော့-

❖ ဆရာဝန်မှတ်ပုံတင် ရဖို့အတွက် "မြန်မာနိုင်ငံဆေးကောင်စီဥပဒေ" အတိုင်း သတ်မှတ်ထားတာတွေကို လိုက်နာပြီး ဆရာဝန်မှတ်ပုံတင် (ဆ/မ) ရပြီးမှ ဆေးကုသပိုင်ခွင့်။

❖ အစိုးရဝန်ထမ်းအဖြစ် ဆောင်ရွက်မယ်ဆိုရင် ဝန်ထမ်းစည်းမျဉ်း၊ စည်းကမ်းတွေကို သစ္စာရှိရှိ လိုက်နာရမယ့်တာဝန်။

ဒီလိုမျိုး ကြီးလေးတဲ့ဝန်ကို ထမ်းနိုင်မှ ဝန်ထမ်းဆရာဝန်ဖြစ်နိုင်တယ်ဆိုတာပါ။

ဆေးပညာဘွဲ့ကိုလည်း လွယ်လွယ်ကူကူ မရနိုင်ပါဘူး။ ကျွန်တော်တို့ခေတ်က ဆေးကျောင်းမှာ ရှစ်နှစ် အစွမ်းကုန်ကြိုးစားရတယ်။ အချို့သမားပျိုတွေဆိုရင် ဆေးကုတဲ့အလုပ်ကို မလုပ်ဖြစ်ကြဘူး။ အဲဒါဆိုရင် ဆရာဝန်မှတ်ပုံတင် မရဘူး။ ဆရာဝန်မှတ်ပုံတင်ရတဲ့သူတွေကလည်း ဝန်ထမ်းဘဝရဲ့ ဒုက္ခတွေကို မခံနိုင်ဘူး။ ကိုယ်ပိုင်ဆေးခန်းတွေဖွင့်ပြီး အောင်မြင်နေကြသူတွေလည်း အများသားပါ။ ဘယ်သူ့အမိန့်အာဏာမှ နာခံစရာမလိုဘူး၊ (Civil Disobedience Movement-CDM) လုပ်စရာမလိုဘူး။

ဒါပေမဲ့ အစိုးရဝန်ထမ်းတွေဖြစ်လာပြီဆိုရင်တော့ စည်းသုံးစည်း တားပြီးဖြစ်နေတာကို သတိချပ်ရပါမယ်။

☆ ပထမစည်းက - ဆရာဝန်အဓိဋ္ဌာန်ပြုကတိသစ္စာ။

☆ ဒုတိယစည်းက - မြန်မာနိုင်ငံဆေးကောင်စီဥပဒေ။

☆ တတိယစည်းက - အစိုးရဝန်ထမ်း စည်းမျဉ်း၊ စည်းကမ်းတွေ။

ဆရာဝန်လိုင်စင် (ဆမ) မရတဲ့သူတွေကတော့ ကြိုက်တာလုပ်နိုင်တယ်ဆိုတာတောင် လူ့အဖွဲ့အစည်းရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးစံ၊ ဥပဒေတွေကိုတော့ မလိုက်နာလို့မရဘူး။

### စည်းသုံးစည်းကိုတော့ ကျော်လို့မရ

ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း ဖွင့်ထားတဲ့သူတွေကျပြန်တော့လည်း မြန်မာနိုင်ငံဆေးကောင်စီက ပြဋ္ဌာန်းထားတဲ့ ဥပဒေကို မလိုက်နာလို့မရဘူး။ အစိုးရဝန်ထမ်း (Government Staff) လို့ပဲ ခေါ်ခေါ်၊ ပြည်သူ့ဝန်ထမ်း (Civil Servant) လို့ပဲ ခေါ်ခေါ်၊ ဝန်ထမ်းဆရာဝန်တွေအနေနဲ့ စည်းသုံးစည်းကိုတော့ ကျော်လို့မရပါဘူး။ ဒီစည်းသုံးစည်းထဲမှာ မြန်မာနိုင်ငံဆေးကောင်စီအနေနဲ့ သူ့ရဲ့ဥပဒေကို ဖောက်ဖျက်ကျူးလွန်ရင် အရေးယူနိုင်တဲ့ ပြစ်ဒဏ်တွေကိုလည်း အတိအလင်းပြဋ္ဌာန်းထားပြီး ဖြစ်ပါတယ်။

ဒါပေမဲ့ ဆရာဝန်ဆိုတာလည်း "ပုထုဇဉ်" ပဲလေ။ စိတ်ခံစားချက်တွေရှိတယ်။ ကြေကွဲတာတွေ၊ ပေါက်ကွဲတာတွေဆိုတဲ့ ဒေါသနှစ်မျိုးကိုလည်း ထိန်းရတာခက်တယ်။ ကိုယ့်ကိုယ်ကိုယ် ဂရုမစိုက်ရင်တောင်မှ ထိတွေ့ဆက်ဆံနေရတဲ့လူတွေရဲ့ ဒုက္ခတွေ၊ ဝေဒနာတွေကို မျှဝေခံစားပေးရင်း မနိုင်မနင်း ဖြစ်ရတယ်ဆိုတာ ကျွန်တော့်ကိုယ်တွေ့ပါ။

အရာရာဟာ ပြောင်းလဲပါတယ်။ ဝေဒနာတွေ၊ ခံစားချက်တွေကို တစ်သက်တာပိုက်ထွေးမထားဘဲ သတိတရားနဲ့ ဆင်ခြင်ပြီး ကိုယ်တာဝန်ရှိတဲ့ လုပ်ငန်းခွင်၊ ကိုယ့်ကို အသက်အပ်ထားရတဲ့ ဂိလာနဝေဒနာရှင်တွေအတွက် တစ်ချက်ကလေး ငဲ့ကွက်ပြီး ကြည့်ပေးပါ။ စဉ်းစားနိုင်ဖို့ အချိန်ရပြီဆိုရင်တော့ ဆိုခဲ့တဲ့ ကတိသစ္စာနံပါတ်(၄) **"ကျွန်ုပ်သည် သမားကောင်းတစ်ဦး၏ ကိုယ့်ကိုယ်ကျင့်တရားနှင့် မွန်မြတ်သည့် ဂုဏ်သိက္ခာအစဉ်အလာကို ထိန်းသိမ်းပါအံ့"** ကို အဖန်ဖန်စဉ်းစားကြပါ။ မိမိကိုယ်ကို ထိန်းသိမ်းရင်း မြန်မာနိုင်ငံကြီးရဲ့ ကျန်းမာရေးအခြေခံအဆောက်အအုံ (Health Infrastructure) ကြီးကိုလည်း မယိုင်မလဲ ခိုင်မြဲအောင် စောင့်ရှောက်ကြစေချင်ပါတယ်။

ဆရာဝန်ဆိုတာ သာမန်ဆရာမဟုတ်ပါဘူး။ လူသားထုကြီးရဲ့အသက်ကို ကယ်တင်နိုင်စွမ်းရှိတဲ့ မြင့်မြတ်တဲ့ ပညာရှင်တွေပါ။ ပညာတွေတတ်နေရုံသာမက "နိူင်းနိူင်းချိန်ချိန် သုခမိန်" ဆိုတဲ့အတိုင်း ပညာရှိသုခမိန်တွေအဖြစ်နဲ့ ရပ်တည်ကြစေချင်ပါတယ်။ ခေတ်အဆက်ဆက်မှာ အစိုးရအမျိုးမျိုးကတော့ ရှိနေမှာပါပဲ။ အစိုးရနဲ့ လူနာကို ခွဲမြင်နိုင်အောင် ကြိုးစားကြပါ။ ပုထုဇဉ်ဘဝကနေ ပါရမီရှင်ဖြစ်လာအောင် အခွင့်အရေးအပြည့်ရှိတဲ့ ဆေးရုံ၊ ဆေးခန်း လုပ်ငန်းခွင်ထဲ ပြန်ဝင်ကြပါစို့။ ။

**ပုဂ္ဂလိကဆေးရုံ၊ ဆေးခန်း ဖွင့်ထားတဲ့သူတွေကျပြန်တော့လည်း မြန်မာနိုင်ငံဆေးကောင်စီက ပြဋ္ဌာန်းထားတဲ့ဥပဒေကို မလိုက်နာလို့မရဘူး။ အစိုးရဝန်ထမ်း (Government Staff) လို့ပဲ ခေါ်ခေါ်၊ ပြည်သူ့ဝန်ထမ်း (Civil Servant) လို့ပဲ ခေါ်ခေါ်၊ ဝန်ထမ်းဆရာဝန်တွေအနေနဲ့ စည်းသုံးစည်းကိုတော့ ကျော်လို့မရပါဘူး။ ဒီစည်းသုံးစည်းထဲမှာ မြန်မာနိုင်ငံဆေးကောင်စီအနေနဲ့ သူ့ရဲ့ဥပဒေကို ဖောက်ဖျက်ကျူးလွန်ရင် အရေးယူနိုင်တဲ့ ပြစ်ဒဏ်တွေကိုလည်း အတိအလင်းပြဋ္ဌာန်းထားပြီးဖြစ်။**

# တစ်ဘဝလုံးပုန်းအောင်းနေရမယ့်သူတွေ၊ ကိုယ့်နိုင်ငံအတွင်းမှာတောင် မနေရဲတဲ့သူတွေရဲ့ စကားတွေကို နားယောင်ပြီး ဥပဒေမဲ့လုပ်ရပ်တွေလုပ်တယ်။ ကိုယ်လုပ်တဲ့လုပ်ရပ်တိုင်း အမှန်လို့ပဲထင်နေကြတာတွေကို ရပ်တန့်ကြဖို့ အချိန်တန်ပါပြီ

**ဒေါ်မေရှင် (အမည်လွှဲ)**

**လက်ရှိအချိန်တွင် ဆူပူအကြမ်းဖက်ဆန္ဒပြမှုများကြောင့် နေ့စဉ်ကြုံတွေ့နေရသည့် ပြည်သူများ၏ အခက်အခဲများ၊ ဝန်ထမ်းအချင်းချင်း ဝေဖန်တိုက်ခိုက်ခံရမှုများ၊ ဈေးရောင်းဈေးဝယ်များ၏ ခက်ခဲစွာ ရုန်းကန်နေရမှုများနှင့် စပ်လျဉ်း၍ ၎င်းတို့၏ သဘောထားအမြင်များကို ဆက်သွယ်မေးမြန်း ရေးသားလိုက်ရပါသည်။**

**ပြည်သူတစ်ဦး ဒေါ်မေရှင် (အမည်လွှဲ)**

ကျွန်မကတော့ ရန်ကုန်ကပါ။ ပြည်သူတွေအနေနဲ့ ဥပဒေဘောင်အတွင်းမှာ နေမယ်ဆိုရင် ဘယ်သူ့ဘယ်သူကိုမှ ကြောက်နေစရာမလိုဘူးလို့ မြင်ပါတယ်။။ ဒီလိုမဟုတ်ဘဲ လမ်းပေါ်ထွက်ပြီး ဆူပူအကြမ်းဖက်ဆန္ဒပြနေရင်တော့ လန့်နေရမှာ၊ ကြောက်နေရမှာပဲလေ။ ကိုယ့်အိမ်မှာနေလည်း ကြောက်နေရမှာပဲ။ ဒီလိုပြောရင်လည်း ဒါကနိုင်ငံ့အရေးအတွက် တိုက်ပွဲဝင်နေတာလို့ သူတို့တွေက ပြောကြလိမ့်ဦးမယ်။ နိုင်ငံ့အရေး၊ နိုင်ငံ့အရေးလို့သာ ပါးစပ်တွေက တဖွဖွအော်နေကြတာ လုပ်ရပ်တွေကတော့ တလွဲတွေပဲတွေ့နေရတယ်။ အဆောက်အအုံတွေကို မီးရှို့တယ်၊ ကျောင်းတွေကို မီးရှို့တယ်၊ ဆီဆိုင်တွေကို မီးရှို့တယ် ဒါတွေဟာ နိုင်ငံ့အရေးလား။ အမြင်မတူသူတွေကို ရန်ပြုတယ်၊ ရိုက်တယ်၊ ဓားနဲ့ထိုးတယ်၊ သတ်တယ် ဒါတွေဟာ နိုင်ငံ့အရေးလား။ ပြည်သူပိုင်ပစ္စည်းတွေနဲ့ အဆောက်အအုံတွေကို ဖျက်ဆီးတယ် ဒါတွေဟာ နိုင်ငံ့အရေးလား။ ပြောရမယ်ဆိုရင် ကုန်မယ်တောင်မထင်ပါဘူး။ သူတို့တွေပြောသလို နိုင်ငံ့အရေးကိုကောင်းမွန်လာအောင် ရှေးရှုပြီးလုပ်နေတယ်ဆိုရင် ဒီလိုကိစ္စရပ်တွေကို လုပ်မယ်မထင်ပါဘူး။ အခုလို ဆူပူအကြမ်းဖက်ဆန္ဒပြနေတာတွေဟာ မင်းမဲ့စရိုက်ဆန်လွန်းပါတယ်။ ကိုယ်လုပ်တဲ့လုပ်ရပ်တွေက တကယ်ပဲနိုင်ငံ့အရေးကို လုပ်နေတာလားဆိုတာကို သတိချပ်စေချင်ပါတယ်။

အခုဆိုရင် နောက်ကွယ်ကနေ ဝါဒမှိုင်းဖြန့်လှုံ့ဆော်ဆောင်ရွက်ပေးသူတွေ၊ ထောက်ပံ့ပေးသူတွေ ထွက်ပြေးနေရတယ်။ ဒီလိုပဲ တစ်ဘဝလုံးပုန်းအောင်းနေရမယ့်သူတွေ၊ ကိုယ့်နိုင်ငံအတွင်းမှာတောင် မနေရဲတဲ့သူတွေရဲ့ စကားတွေကို နားယောင်ပြီး ဥပဒေမဲ့လုပ်ရပ်တွေလုပ်တယ်။ ကိုယ်လုပ်တဲ့လုပ်ရပ်တိုင်း အမှန်လို့ပဲ ထင်နေကြတာတွေကို ရပ်တန့်ကြဖို့ အချိန်တန်ပါပြီလို့ ပြောပါရစေ။

**နိုင်ငံ့ဝန်ထမ်းတစ်ဦးဖြစ်သူ ဦးချစ်မောင်(အမည်လွှဲ)**

ကျွန်တော်ကတော့ နေပြည်တော်မှာ တာဝန်ထမ်းဆောင်နေတဲ့ နိုင်ငံ့ဝန်ထမ်းတစ်ဦးပါ။ ကျွန်တော်တို့ဌာနက လုပ်ငန်းသဘောသဘာဝအရ စုပေါင်းလုပ်ကိုင်ရတဲ့လုပ်ငန်းမျိုးပါ။ အခုလောလောဆယ်တော့ CDM လုပ်သွားတဲ့ ဝန်ထမ်းတချို့ကြောင့် လုပ်အားအနည်းငယ် လျော့နည်းသွားပေမယ့်လည်း အခက်အခဲတစ်စုံတစ်ရာမရှိပါဘူး။ အဲဒီအခက်အခဲကလည်း အချိန်အတိုင်းအတာတစ်ခုအထိပဲ ဖြစ်မယ်လို့ထင်ပါတယ်။

ကျွန်တော်တို့ဌာနက CDM လုပ်သွားကြတဲ့ လုပ်ဖော်ကိုင်ဖက်ဟောင်း သူငယ်ချင်းတွေကို ကျန်နေခဲ့သူတွေအားလုံးက မေတ္တာမပျက်ဘဲရှိနေပါတယ်။ အခုဆိုရင် CDM သမားတွေကို ဌာနမှအရေးယူအပြစ်ပေးလို့ အလုပ်ပြုတ်ခဲ့ကြပါပြီ။ ဒီလိုအလုပ်ထုတ်ပယ်လိုက်တော့ သူတို့တွေက ကိုယ်လုပ်ခဲ့တဲ့ဌာနနဲ့ လုပ်ဖော်ကိုင်ဖက်တွေကို လိုင်းပေါ်မှာ တိုက်ခိုက်တယ်၊ ဝေဖန်တယ်၊ အရှက်ခွဲတယ်၊ ရှုတ်ချတယ်၊ ဆဲဆိုတယ်၊ ကိုယ်နဲ့မတူကိုယ့်ရန်သူလိုမြင်တယ်၊ နောက်ဆုံးတိရစ္ဆာန်နဲ့နှိုင်းတယ်။ ဒီလိုကိစ္စမျိုးတွေဟာ အခြားဌာနဆိုင်ရာတွေမှာရှိတဲ့ CDM မလုပ်တဲ့ ဝန်ထမ်းတွေလည်း ကြုံတွေ့နေရပါတယ်။

ဒီနေရာမှာ CDM လုပ်တဲ့ အဓိကရည်ရွယ်ချက်က အစိုးရရဲ့ အုပ်ချုပ်မှုယန္တရားကို ရပ်တန့်သွားဖို့ နဲ့ အစိုးရကိုဆန့်ကျင်ဆန္ဒပြဖို့ အတွက်လား၊ ကိုယ့်ရဲ့လုပ်ဖော်ကိုင်ဖက်ဟောင်းတွေကို ဝေဖန်တိုက်ခိုက်ဖို့ အတွက်လားဆိုတာ မသဲကွဲဘူး။ ဘယ်လိုရည်ရွယ်ချက်တွေနဲ့လုပ်နေတယ်ဆိုတာမသိပေမယ့် ကျန်နေခဲ့တဲ့ လုပ်ဖော်ကိုင်ဖက်ဟောင်းတွေ၊ သင်ဆရာ၊ မြင်ဆရာတွေနဲ့ သူတို့တွေ နေပူလို့အရိပ်ပေးခဲ့တဲ့ ဒီဌာနကြီးကို ဝေဖန်တိုက်ခိုက်နေကြတာတွေဟာ တစ်နေ့တခြား ပိုပိုဆိုးလာတာတွေ့နေရတယ်။ တကယ်တမ်းပြောရမယ်ဆိုရင် CDM လုပ်သွားသူဟာ ဒီဌာနကို အမှီပြုပြီး ဘွဲ့လက်မှတ်တွေရယူနိုင်ခဲ့သလို လုပ်ငန်းခွင်အတတ်ပညာတွေ ဆည်းပူးခွင့်ရခဲ့ကြပေမယ့် အခုတော့သူတို့တွေရဲ့ အဓိကရည်ရွယ်ချက်တွေ ပျောက်ဆုံးခဲ့ရပြီ။

ဒီနေရာမှာ သူငယ်ချင်းတစ်ယောက်နဲ့ စကားပြောဖြစ်တာလေးကို ပြောပြချင်ပါတယ်။ သူက ဘာပြောလဲဆိုတော့ သူ့ဘဝတစ်လျှောက်လုံးကောင်းတာတွေ လုပ်လာသလို စိတ်ကိုလည်း အမြဲဖြူစင်အောင်ထားလာတာပါတဲ့။ သူ့ဘဝတစ်လျှောက်လုံး အဲဒီလိုလုပ်လာခဲ့တာကို သူ့ရဲ့ပတ်ဝန်းကျင်က ကြာလာတော့ ရိုးသွားပါတယ်တဲ့။ ဒါဟာမှန်လား၊ မှားလားတော့ မသိဘူးတဲ့။ ကျွန်တော်က သိပ်မှန်တာပေါ့ သူငယ်ချင်း။ ဒါဟာဖြစ်တတ်တဲ့ သဘာဝပါ။ ရိုးတာမရိုးတာ သူတို့အလုပ်ပါ။ ကိုယ်က ကိုယ့်တန်ဖိုးနဲ့ကိုယ်ပါ။ ကောင်းတာလုပ်ခဲ့တာတွေကို ဆက်ထိန်းဖို့၊ ဖြူစင်နေတဲ့ စိတ်ကို ဆက်လက်ဖြူစင်အောင် ထိန်းဖို့က ဘယ်သူ့တာဝန်လဲလို့ မေးတော့။ သူက ကိုယ့်တာဝန်ပါလို့ ပြန်ဖြေတယ်။ ဟုတ်တယ်သူငယ်ချင်း အဖြူနဲ့အမည်း၊ အမှားနဲ့အမှန်ဆိုတာလဲ အမြဲဒွန်တွဲနေတာ။ လောကမှာပြင်ပေးလို့ အခက်ဆုံး လူတစ်ယောက်ရှိတယ်။ အဲဒါကိုယ့်ကိုယ်ကိုယ် မှန်တယ်ချည်းထင်ပြီး ကိုယ့်အမှားကိုယ်မသိသူဘဲဖြစ်တယ်။

ဒီလိုပါပဲ ကျွန်တော်ရဲ့ လုပ်ဖော်ကိုင်ဖက်ဟောင်း သူငယ်ချင်းတွေအနေနဲ့ အမှားနဲ့အမှန်ခွဲခြားပြီး တိုက်ခိုက်တာတွေ၊ ဝေဖန်တာတွေ၊ အရှက်ခွဲတာတွေ၊ ရှုတ်ချတာတွေ၊ ဆဲဆိုတာတွေကို လုပ်သင့်၊ ပြောသင့်၊ ရေးသင့်လားဆိုတာ ချင့်ချိန်စဉ်းစားတွေးတောပြီး အကောင်းတွေကြားထဲက အကောင်းဆုံးကို ရွေးချယ်နိုင်ကြလိမ့်မယ်လို့ မျှော်လင့်ပါတယ်။

**ဈေးသည်တစ်ဦးဖြစ်သူ ဦးကြွက် (အမည်လွှဲ)**

ကျွန်တော်ကတော့ ဈေးသည်တစ်ဦးပါ။ ဟင်းသီးဟင်းရွက်နဲ့ အသားငါးတွေကို ဆိုင်ကယ်နဲ့ တစ်ရွာဝင် တစ်ရွာထွက် သွားပြီးရောင်းချပါတယ်။ အရင်ကဆိုရင် မနက် ၄ နာရီလောက်ကတည်းက ထပြီး ဈေးကိုသွားတယ်။ ဈေးရောက်လို့ ဝယ်ခြမ်းပြီးတာနဲ့ ပါဆယ်အိတ်နဲ့ ထုပ်ပိုးတယ်။ ပြီးတာနဲ့ စားသုံးသူတွေရှိတဲ့ ရွာတွေကို မနက် ၆ နာရီ အရောက်သွား ရောင်းချရပါတယ်။ အဲဒီအချိန်ကနေစပြီး မနက် ၁၁ နာရီအထိ ကျေးရွာလေးရွာလောက်ကို သွားပြီးတော့ရောင်းချပါတယ်။ မကုန်ဘဲကျန်နေသေးရင်တော့ နောက်တစ်ရွာကို သွားရောင်းပါတယ်။ ဈေးရောင်းလို့ ကုန်သွားရင်တော့ အိမ်ပြန်ပြီး နားရတာပေါ့ဗျာ။ ညနေပိုင်းဆိုရင်လည်း ညနေ ၃ နာရီ ဈေးသွားပြီး ညနေ ၅ နာရီကနေ ည ၉ နာရီလောက်အထိ ရောင်းချပါတယ်။ ညနေပိုင်းကျ ဟင်းသီးဟင်းရွက်နဲ့ အသားငါးအပြင် ဖောက်သည်တွေမှာတဲ့ အသုတ်တို့၊ မုန့်ပဲသရေစာတွေကိုလည်း ရောင်းချရတာဆိုတော့ အဆင်ပြေပါတယ်။

အခုဆိုရင် ဆူပူအကြမ်းဖက်တဲ့ပုံစံမျိုးတွေ လုပ်လာကြတော့ ဈေးရောင်းရတာ အဆင်မပြေတော့ပါဘူးဗျာ။ ဆန္ဒပြသူတွေက လမ်းမှာရှိတဲ့ နိုင်ငံပိုင်ပစ္စည်းတွေကိုလည်း ဖျက်ဆီးတာတွေ၊ လမ်းတွေပိတ်ဆို့တာတွေရှိလာတယ်။ ဒီလိုမျိုးကြုံလာရင် အဲဒီလမ်းကို မသွားရဲတော့ဘူး။ အရိုက်ခံရမှာကြောက်နေရလို့ ရှောင်ကွင်းမောင်းရတယ်။ ဒီလိုတွေ ရှောင်ကွင်းမောင်းနေရတော့ ဆိုင်ကယ်ဆီဖိုးလည်း ပိုကုန်တယ်၊ ဆီဈေးကလည်း တက်၊ ကုန်ဈေးနှုန်းကလည်း တက်နေတော့ ကျွန်တော်လည်း အမြတ်နည်းလာတယ်။ အရင်ကလို အဆင်မပြေတော့ဘူးပေါ့ဗျာ။ အခုဆိုရင် မနက်အစောကြီးထပြီး ဈေးမသွားရဲတော့ဘူး။ ညပိုင်းဆိုလည်း ၇ နာရီဆို အိမ်အရောက်ပြန်နေရတော့ ဘယ်အဆင်ပြေတော့မလဲဗျာ။ ကျွန်တော်ကတော့ အရင်ကလို အေးအေးချမ်းချမ်းနဲ့ ပုံမှန်ဈေးရောင်းချင်ပါတယ်။

**တွေ့ဆုံမေးမြန်း-မောင်တူဖွား**

## ဒီးမော့ဆိုမြို့နယ်အတွင်း ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်ပြီးစီး

**ဒီးမော့ဆို မတ် ၂၅**

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနသည် နယ်စပ်ဒေသများ လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်စေရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ ကယားပြည်နယ် ဒီးမော့ဆိုမြို့နယ်အတွင်း ၂၀၂၀-၂၀၂၁ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေးရန်ပုံငွေကျပ် ၂၄၃ ဒသမ ၆၁၅ သန်းဖြင့် လိုဘာခို ကျေးရွာအုပ်စု လိုဘာခို-ခူးပရာ ကျေးရွာချင်းဆက် ကျောက်ချောလမ်း ခုနစ်မိုင်အနက် တစ်မိုင်နှစ်ဖာလုံ ကတ္တရာခင်းခြင်းလုပ်ငန်းနှင့် အဆိုပါလမ်းပေါ်ရှိ Box Culvert ငါးစင်း ဆောက်လုပ်ခြင်းလုပ်ငန်းများ ၁၀၀ ရာခိုင်နှုန်း ဆောင်ရွက်ပြီးစီးမှု အခြေအနေများအား ကယားပြည်နယ် ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံးမှ ညွှန်ကြားရေးမှူး ဦးသန့်ဇင်နှင့် တာဝန်ရှိသူများက ယနေ့နံနက်ပိုင်းတွင် ကွင်းဆင်းစစ်ဆေးခဲ့သည်။



အဆိုပါကျေးရွာချင်းဆက်လမ်း ပြီးစီးပြီဖြစ်သဖြင့် ဒီးမော့ဆိုမြို့နယ်အတွင်းရှိ ကျေးရွာ ကိုးရွာ၊ အိမ်ခြေ ၅၆၁ အိမ်၊ လူဦးရေ ၃၂၈၇ ဦး အနေဖြင့် ကယားပြည်နယ်အတွင်းရှိ ဒီးမော့ဆိုမြို့နယ်နှင့် လွိုင်ကော်မြို့နယ်များသို့ လွယ်ကူလျင်မြန်စွာ ကူးလူးသွားလာနိုင်တော့မည်ဖြစ်၍ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်လာတော့မည်ဖြစ်ကြောင်းသိရသည်။

ငွေကြယ်

❐

## ရန်ကုန်မြို့ပတ်ရထား အင်းစိန်-ရန်ကုန်-မင်္ဂလာဒုံ-အင်းစိန် ခရီးစဉ်ပြေးဆွဲ

**နေပြည်တော် မတ် ၂၅**

ရန်ကုန်မြို့ရှိ မြို့ပတ်နှင့် ဆင်ခြေဖုံးရထားများ ပြေးဆွဲခြင်း ဒုတိယနေ့ခရီးစဉ်အဖြစ် ယနေ့တွင် အင်းစိန်ဘူတာမှ လူစီးတွဲ သုံးတွဲပါ RBE ရထားတွဲဆိုင်းကို လက်ဝဲရစ် လမ်းကြောင်းအတိုင်း နံနက် ၈ နာရီ ၃၅ မိနစ်မှ စတင်ထွက်ခွာပြီး ဘူတာစဉ် ဖြတ်သန်းမောင်းနှင်၍ ရန်ကုန်ဘူတာကြီးသို့ နံနက် ၁၀ နာရီ မိနစ် ၄၀ တွင် ဆိုက်ရောက်ခဲ့သည်။ အဆိုပါ မြို့ပတ်ရထားတွဲဆိုင်းသည် ရန်ကုန်ဘူတာကြီးမှ နံနက် ၁၀ နာရီ ၄၅ မိနစ်တွင် ဆက်လက်ထွက်ခွာခဲ့ပြီး ဘူတာစဉ် ဖြတ်သန်းပြီးနောက် မင်္ဂလာဒုံဘူတာသို့ နံနက် ၁၁ နာရီ ၂၈ မိနစ်တွင် ရောက်ရှိ၍ ဆက်လက်ထွက်ခွာရာ အင်းစိန်ဘူတာသို့ မွန်းတည့် ၁၂ နာရီတွင် ပြန်လည် ဆိုက်ရောက်ခဲ့သည်။

ဤသို့ရထားပြေးဆွဲမှု ဆောင်ရွက်စဉ်အတွင်း ကမာရွတ်ဘူတာနှင့် လှည်းတန်းဘူတာကြားရှိ ရွှေမကျောင်းလမ်း Level Crossing အလွန်၌ ရထားသံလမ်းအား ကွန်ကရစ်ဖျော်၍ လောင်းထားသဖြင့် မြန်မာ့မီးရထားမှ တာဝန်ရှိသူများက ရှင်းလင်းဆောင်ရွက်ပေးခဲ့ပြီးနောက် ခရီးဆုံးဘူတာသို့ အောင်မြင်စွာပြေးဆွဲနိုင်ခဲ့သည်။

မသမာသူအကြမ်းဖက်သမားများ၏ လုပ်ရပ်များနှင့် နှောင့်ယှက်ဖျက်ဆီးမှုများအတွက် မြန်မာ့မီးရထားမှ သက်ဆိုင်ရာနယ်မြေရဲစခန်း၌ ဥပဒေနှင့်အညီ အမှုဖွင့်လှစ်၍ အရေးယူမှုများ ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မြို့ပတ်ရထားခရီးစဉ်များကို မြန်မာ့မီးရထားက နေ့စဉ်ပုံမှန်ပြေးဆွဲလျက်ရှိသဖြင့် မိဘပြည်သူများ၊ ဝန်ထမ်းများက လိုက်ပါစီးနင်းကြောင်း သိရသည်။

သတင်းစဉ်

# ရန်ကုန်မြို့အတွင်းရှိ လမ်းမကြီးများပေါ်၌ ခရီးသွားပြည်သူများ၊ မော်တော်ယာဉ်များ ပုံမှန်နီးပါးစည်ကားများပြား

ယနေ့ မတ် ၂၅ ရက်တွင် ရန်ကုန်မြို့တွင်းရှိ လမ်းမကြီးများပေါ်၌ ခရီးသွားပြည်သူများ၊ မော်တော်ယာဉ်များဖြင့် ဟိုယခင်ကအတိုင်း ပုံမှန်နီးပါး စည်ကားများပြားလျက်ရှိသည်ကို ဓာတ်ပုံသမား ကိုလင်းတစ်ယောက် စိတ်ချမ်းမြေ့စွာ မြင်တွေ့မှတ်တမ်းတင်လိုက်ရပါသည်။

အနော်ရထာလမ်းမကြီးတစ်လျှောက်၊ ဗိုလ်ချုပ်လမ်းတစ်လျှောက်နှင့် ဆူးလေဘုရားလမ်းတစ်လျှောက်တို့ကို ဖြတ်သန်းသွားလာစဉ် ခရီးသွားပြည်သူများ စီးနင်းလိုက်ပါလာသည့် YBS မော်တော်ယာဉ်လိုင်းကားများ၊ အိမ်စီးမော်တော်ယာဉ်များနှင့် အငှားယာဉ်များ ပုံမှန်သွားလာလျက်ရှိသည်ကို တွေ့ရသည်။ အလားတူ ပြည်လမ်းမတစ်လျှောက်တွင်လည်း YBS မော်တော်ယာဉ်လိုင်းကားများ အပါအဝင် အိမ်စီးမော်တော်ယာဉ်များနှင့် အငှားယာဉ်များ သွားလာလျက်ရှိသည်။


ထို့ပြင် ပန်းဆိုးတန်းလမ်းမကြီးတစ်လျှောက်၊ ကမ်းနားလမ်းတစ်လျှောက်နှင့် ဗိုလ်တထောင်ဘုရားလမ်းတို့တွင်လည်း YBS မော်တော်ယာဉ်လိုင်းကားများ၊ အိမ်စီးမော်တော်ယာဉ်များ၊ အငှားယာဉ်များနှင့် ကုန်ပစ္စည်းများ တင်ဆောင်ထားသည့် ကွန်တိန်နာယာဉ်ကြီးများ သွားလာလျက်ရှိနေသည်ကို တွေ့မြင်ခဲ့ရပါကြောင်းနှင့် လမ်းပိတ်ဆို့တားဆီးမှုများကို ဘူဒိုဇာစစ်ဆင်ရေးဖြင့် ဖယ်ရှားခဲ့သည်ကို အေးချမ်းစွာနေလိုသူပြည်သူများက ဝမ်းသာအားရ ကျေနပ်လျက်ရှိသည်ကို ကြားသိခဲ့ရပါကြောင်း။



ရန်ကုန်မြို့ ဆူးလေလမ်းမကြီးတစ်လျှောက် ခရီးသွားပြည်သူများ စီးနင်းလိုက်ပါလာသည့် YBS မော်တော်ယာဉ်လိုင်းကားများ၊ အိမ်စီးမော်တော်ယာဉ်များနှင့် အငှားယာဉ်များကို တွေ့ရစဉ်။



ရန်ကုန်မြို့ အနော်ရထာလမ်းမကြီးတစ်လျှောက် ခရီးသွားပြည်သူများ စီးနင်းလိုက်ပါလာသည့် YBS မော်တော်ယာဉ်လိုင်းကားများ၊ အိမ်စီးမော်တော်ယာဉ်များနှင့် အငှားယာဉ်များကို တွေ့ရစဉ်။



ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက် ခရီးသွားပြည်သူများ စီးနင်းလိုက်ပါလာသည့် YBS မော်တော်ယာဉ်လိုင်းကားများ၊ အိမ်စီးမော်တော်ယာဉ်များနှင့် အငှားယာဉ်များကို တွေ့ရစဉ်။



ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက် ခရီးသွားပြည်သူများ စီးနင်းလိုက်ပါလာသည့် YBS မော်တော်ယာဉ်လိုင်းကားများ၊ အိမ်စီးမော်တော်ယာဉ်များ၊ အငှားယာဉ်များနှင့် ကွန်တိန်နာယာဉ်ကြီးများကို တွေ့ရစဉ်။



ရန်ကုန်မြို့ ကမ်းနားလမ်းတစ်လျှောက် ခရီးသွားပြည်သူများ စီးနင်းလိုက်ပါလာသည့် YBS မော်တော်ယာဉ်လိုင်းကားများ၊ အိမ်စီးမော်တော်ယာဉ်များ၊ အငှားယာဉ်များနှင့် ကွန်တိန်နာယာဉ်ကြီးများကို တွေ့ရစဉ်။

သတင်းနှင့်ဓာတ်ပုံ – လင်းလတ်ဇော်

# ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏သတင်းထုတ်ပြန်ချက်

၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာလ ၈ ရက်နေ့တွင် ကျင်းပပြုလုပ်သည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်စပ်လျဉ်း၍ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်တို့၏ မဲဆန္ဒရှင်စာရင်းများနှင့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် မြေပြင်အခြေအနေများကို စစ်ဆေးခဲ့သည်။

၂။ မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်း စစ်ဆေးတွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် မဲဆန္ဒရှင်စာရင်းများ စိစစ်တွေ့ရှိမှု**

| စဉ် | မြို့နယ်နှင့် မဲရုံအရေအတွက် | မြို့နယ် ကော်မရှင် စာရင်း | လဝက စာရင်း | နိုင်ငံသား စိစစ်ရေးကတ် မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ကြိမ် နှင့် အထက် ပါဝင်နေသူများ | နိုင်ငံသား စိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ကြိမ် ပါဝင်နေသူများ |
|---|---|---|---|---|---|---|
| ၁ | ပဲခူးတိုင်းဒေသကြီး ထန်းတပင်မြို့နယ် မဲရုံပေါင်း ၉၄ ရုံ | ၉၆၅၉၂ | ၈၁၇၇၆ | ၁၇၆၂၅ | ၇၃၅ | ၁၀၉၇၇ |
| ၂ | မကွေးတိုင်းဒေသကြီး ချောက်မြို့နယ် မဲရုံပေါင်း ၂၅၈ ရုံ | ၁၆၄၁၄၅ | ၁၇၅၉၉၄ | ၁၂၁၁၇ | ၁၂၅၀ | ၁၇၆၉၆ |

၃။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် လွှတ်တော်ရွေးကောက်ပွဲဥပဒေပုဒ်မ ၅၃ အရ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်နှင့် မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်တို့၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သည့် ဆန္ဒမဲလက်မှတ်များ ထုတ်ယူ/ ရရှိ/ သုံးစွဲ/ လက်ကျန် အခြေအနေများကိုလည်း သက်ဆိုင်ရာ မြို့နယ်အလိုက် ယခင်မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး၊ မြို့နယ်လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဦးစီးဌာနဦးစီးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးတို့နှင့်အတူ မြေပြင်ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ပါသည်။

၄။ မြေပြင်စစ်ဆေးချက်များအရ အဆိုပါ ၂ မြို့နယ်တွင် မဲရုံပေါင်း ၃၅၂ ရုံ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၃၀၀၃၉၂ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၈၉၅၄၉၊ ကျန်ရှိရမည့်အရေအတွက်မှာ ၁၁၀၈၄၃၊ မြေပြင်လက်ကျန် ၁၀၇၇၉၇ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ကွာခြားချက်အနေဖြင့် ကျန်ရှိရမည့်အရေအတွက်ထက် လျော့နည်းပျောက်ဆုံးနေသော မဲလက်မှတ်အရေအတွက် ၃၅၂၁ ဖြစ်ပြီး၊ အပိုတွေ့ရှိရသော မဲလက်မှတ်အရေအတွက်မှာ ၄၇၅ ဖြစ်သည်။ မြို့နယ်အလိုက် ဆန္ဒမဲလက်မှတ်များ လျော့နည်းပျောက်ဆုံးခြင်း၊ တရားမဝင်အပို ရရှိနေခြင်းတို့ကိုတွေ့ရှိရသည်။ မြို့နယ်တစ်မြို့နယ်ချင်းအလိုက် စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်သည်-

**မြို့နယ်အလိုက် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ်များ မြေပြင်စစ်ဆေးတွေ့ရှိချက်**

| စဉ် | မြို့နယ် | မဲရုံ ပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | ထန်းတပင်မြို့နယ် | ၉၄ | ၁၀၉၇၆၆ | ၆၄၅၅၉ | ၄၅၂၀၇ | ၄၃၁၆၂ | ၂၅၂၀ | ၄၇၅ |
| ၂ | ချောက်မြို့နယ် | ၂၅၈ | ၁၉၀၆၂၆ | ၁၂၄၉၉၀ | ၆၅၆၃၆ | ၆၄၆၃၅ | ၁၀၀၁ | |
| | **စုစုပေါင်း** | **၃၅၂** | **၃၀၀၃၉၂** | **၁၈၉၅၄၉** | **၁၁၀၈၄၃** | **၁၀၇၇၉၇** | **၃၅၂၁** | **၄၇၅** |

**ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၅။ မြေပြင်စစ်ဆေးချက်များအရ ပဲခူးတိုင်းဒေသကြီး၊ ထန်းတပင်မြို့နယ်တွင် ရပ်ကွက် ၆ ရပ်ကွက်၊ ကျေးရွာအုပ်စု ၂၉ အုပ်စု၊ မဲရုံပေါင်း ၉၄ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၀၉၇၆၆၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၆၄၅၅၉ ဖြစ်ပြီး ကျန်ရှိရမည့်အရေအတွက်မှာ ၄၅၂၀၇ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၄၃၁၆၂ ဖြစ်ကြောင်း စိစစ်တွေ့ရှိရပါသည်။ မဲရုံများအလိုက် မဲလက်မှတ်အပိုများနှင့် ပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေးမဲလက်မှတ် | ၁၀၁၄၅၀ | ၆၄၀၈၁ | ၃၇၃၆၉ | ၃၅၂၅၉ | ၂၅၂၀ | ၄၁၀ |
| ၂ | မြို့နယ်မဲလက်မှတ် | ၈၃၁၆ | ၄၇၈ | ၇၈၃၈ | ၇၉၀၃ | - | ၆၅ |
| | စုစုပေါင်း | ၁၀၉၇၆၆ | ၆၄၅၅၉ | ၄၅၂၀၇ | ၄၃၁၆၂ | ၂၅၂၀ | ၄၇၅ |

၆။ ထန်းတပင်မြို့နယ်၊ ရပ်ကွက်/ကျေးရွာအုပ်စု ၁၁ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၂၅၂၀ လျော့နည်းပျောက်ဆုံးနေပြီး ရပ်ကွက်/ကျေးရွာအုပ်စု ၅ အုပ်စုရှိ မဲရုံများတွင် မဲလက်မှတ်အရေအတွက် ၄၁၀ ပိုမိုအသုံးပြုထားကြောင်း စစ်ဆေးတွေ့ရှိရပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် လက်ကျန်အရေအတွက်မှာ ၇၈၃၈ ဖြစ်သော်လည်း မြေပြင်တွင် ၇၉၀၃ ကျန်ရှိနေသဖြင့် မဲလက်မှတ်အရေအတွက် ၆၅ စောင် ပိုမိုနေကြောင်း စစ်ဆေးတွေ့ရှိရပါသည်။

၇။ ထန်းတပင်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည်-

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံ ပေါင်း | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အောင်မင်္ဂလာရပ်ကွက် | ၁ | ၁၆၀၀ | ၈၈၅ | ၇၁၅ | ၈၆၅ | | ၁၅၀ |
| ၂ | သီရိဟေမာရပ်ကွက် | ၁ | ၁၉၅၀ | ၁၄၇၅ | ၄၇၅ | ၄၇၅ | | |
| ၃ | သီရိရတနာရပ်ကွက် | ၁ | ၇၅၀ | ၅၅၇ | ၁၉၃ | ၁၅၃ | ၄၀ | |
| ၄ | အောင်သုခရပ်ကွက် | ၁ | ၂၁၀၀ | ၁၅၆၃ | ၅၃၇ | ၅၃၇ | | |
| ၅ | အောင်ချမ်းသာရပ်ကွက် | ၁ | ၇၀၀ | ၆၂၀ | ၈၀ | ၁၈၀ | | ၁၀၀ |
| ၆ | ဆိပ်ကြီးရပ်ကွက် | ၁ | ၂၁၀၀ | ၁၅၃၃ | ၅၆၇ | ၅၆၇ | | |
| ၇ | ရေကျော်ကျေးရွာအုပ်စု | ၁ | ၁၁၀၀ | ၇၇၂ | ၃၂၈ | ၂၇၈ | ၅၀ | |
| ၈ | ချောင်းဝကျေးရွာအုပ်စု | ၉ | ၇၃၅၀ | ၄၆၂၄ | ၂၇၂၆ | ၂၇၂၆ | | |
| ၉ | ခြိမ့်ကြီးကျေးရွာအုပ်စု | ၁ | ၁၂၅၀ | ၈၄၇ | ၄၀၃ | ၂၅၃ | ၁၅၀ | |
| ၁၀ | တပြေးကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၂၅၇ | ၅၄၃ | ၅၉၃ | | ၅၀ |
| ၁၁ | ရှားစေးဘိုကျေးရွာအုပ်စု | ၁ | ၂၉၅၀ | ၇၉၈ | ၂၁၅၂ | ၂၀၀၂ | ၁၅၀ | |
| ၁၂ | ပျဉ်ဂန်ကျေးရွာအုပ်စု | ၂ | ၁၆၅၀ | ၉၉၀ | ၆၆၀ | ၇၆၀ | | ၁၀၀ |
| ၁၃ | နတ်ရွာကျေးရွာအုပ်စု | ၁ | ၃၈၅၀ | ၂၃၅၇ | ၁၄၉၃ | ၁၄၉၃ | | |
| ၁၄ | ကျီတော်ကျေးရွာအုပ်စု | ၁ | ၂၁၅၀ | ၁၃၆၃ | ၇၈၇ | ၇၈၇ | | |
| ၁၅ | အင်းယားကြီးကျေးရွာအုပ်စု | ၃ | ၂၃၅၀ | ၁၆၄၁ | ၇၀၉ | ၇၀၉ | | |
| ၁၆ | အုန်းပင်ကျေးရွာအုပ်စု | ၃ | ၂၆၀၀ | ၁၉၄၂ | ၆၅၈ | ၆၅၈ | | |
| ၁၇ | ပွဲသာကျေးရွာအုပ်စု | ၃ | ၂၀၀၀ | ၁၃၈၂ | ၆၁၈ | ၆၁၈ | | |
| ၁၈ | ဇီးဖြူသောင်ကျေးရွာအုပ်စု | ၃ | ၃၁၀၀ | ၁၈၆၉ | ၁၂၃၁ | ၁၂၃၁ | | |
| ၁၉ | ဒါးဒေါက်ကျေးရွာအုပ်စု | ၂ | ၁၂၀၀ | ၈၃၈ | ၃၆၂ | ၂၁၂ | ၁၅၀ | |
| ၂၀ | အင်းကျော်ကျေးရွာအုပ်စု | ၁ | ၈၀၀ | ၅၃၅ | ၂၆၅ | ၂၆၅ | | |
| ၂၁ | လေးသစ်ကျေးရွာအုပ်စု | ၂ | ၃၄၅၀ | ၁၇၃၄ | ၁၇၁၆ | ၁၇၁၆ | | |
| ၂၂ | မြို့စိုးကျေးရွာအုပ်စု | ၄ | ၂၀၅၀ | ၁၁၅၃ | ၈၉၇ | ၈၁၇ | ၈၀ | |
| ၂၃ | စပါးကျီကျေးရွာအုပ်စု | ၄ | ၂၆၀၀ | ၁၉၀၂ | ၆၉၈ | ၆၉၈ | | |
| ၂၄ | ဇရပ်ကြီးကျေးရွာအုပ်စု | ၇ | ၁၀၂၀၀ | ၆၇၉၉ | ၃၄၀၁ | ၃၂၅၁ | ၁၅၀ | |
| ၂၅ | ကင်မွန်းချုံကျေးရွာအုပ်စု | ၄ | ၆၁၅၀ | ၃၅၇၆ | ၂၅၇၄ | ၁၅၂၄ | ၁၀၅၀ | |
| ၂၆ | ကြို့ပင်သာကျေးရွာအုပ်စု | ၁ | ၁၈၀၀ | ၁၁၅၈ | ၆၄၂ | ၆၄၂ | | |
| ၂၇ | ဘုမ္မတီးကျေးရွာအုပ်စု | ၂ | ၁၉၅၀ | ၁၂၆၈ | ၆၈၂ | ၆၈၂ | | |
| ၂၈ | သရက်တန်းကျေးရွာအုပ်စု | ၁ | ၂၄၅၀ | ၁၆၀၆ | ၈၄၄ | ၈၄၄ | | |
| ၂၉ | လှည်းလမ်းကူးကျေးရွာအုပ်စု | ၂ | ၂၃၅၀ | ၁၃၈၉ | ၉၆၁ | ၇၁၁ | ၂၅၀ | |
| ၃၀ | တလိုင်းအိုင်ကျေးရွာအုပ်စု | ၃ | ၃၈၀၀ | ၂၃၄၆ | ၁၄၅၄ | ၁၂၅၄ | ၂၀၀ | |
| ၃၁ | မဲဘလန်ကျေးရွာအုပ်စု | ၈ | ၅၆၀၀ | ၃၆၂၁ | ၁၉၇၉ | ၁၉၈၉ | | ၁၀ |
| ၃၂ | မိုးကောင်းကျေးရွာအုပ်စု | ၅ | ၅၉၀၀ | ၃၁၃၉ | ၂၇၆၁ | ၂၅၁၁ | ၂၅၀ | |
| ၃၃ | ကြိမ်တောမြောင်ကျေးရွာအုပ်စု | ၅ | ၃၄၅၀ | ၂၃၇၃ | ၁၀၇၇ | ၁၀၇၇ | | |
| ၃၄ | ငါးဆီးလောင်ကျေးရွာအုပ်စု | ၅ | ၄၂၀၀ | ၂၇၈၀ | ၁၄၂၀ | ၁၄၂၀ | | |
| ၃၅ | ဇလုပ်ကြီးကျေးရွာအုပ်စု | ၃ | ၂၁၅၀ | ၁၃၈၉ | ၇၆၁ | ၇၆၁ | | |
| | **ရပ်/ကျေး မဲလက်မှတ်** | **၉၄** | **၁၀၁၄၅၀** | **၆၄၀၈၁** | **၃၇၃၆၉** | **၃၅၂၅၉** | **၂၅၂၀** | **၄၁၀** |
| | **မြို့နယ်ကြိုတင်မဲလက်မှတ်** | | **၈၃၁၆** | **၄၇၈** | **၇၈၃၈** | **၇၉၀၃** | | **၆၅** |
| | **မြို့နယ်ချုပ် စုစုပေါင်း** | **၉၄** | **၁၀၉၇၆၆** | **၆၄၅၅၉** | **၄၅၂၀၇** | **၄၃၁၆၂** | **၂၅၂၀** | **၄၇၅** |

**ချောက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် မြေပြင်စစ်ဆေးတွေ့ရှိချက်**

၈။ မြေပြင်စစ်ဆေးချက်များအရ မကွေးတိုင်းဒေသကြီး၊ ချောက်မြို့နယ်တွင် ရပ်ကွက် ၂၀ ရပ်ကွက်၊ ကျေးရွာအုပ်စု ၅၁ အုပ်စု၊ မဲရုံပေါင်း ၂၅၈ ရုံ၊ ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၁၉၀၆၂၆ ဖြစ်ပြီး၊ မဲပေးအသုံးပြုခဲ့သော လက်မှတ်ဖြတ်ပိုင်းများမှာ ၁၂၄၉၉၀၊ ကျန်ရှိရမည့် အရေအတွက်မှာ ၆၅၆၃၆ စောင်ဖြစ်သော်လည်း မြေပြင်လက်ကျန် ၆၄၆၃၅ ဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။ ဆန္ဒမဲလက်မှတ် လျော့နည်းပျောက်ဆုံးနေမှုများ တွေ့ရှိရပြီး စိစစ်တွေ့ရှိမှုမှာ အောက်ပါအတိုင်း ဖြစ်ပါသည် -

| စဉ် | အကြောင်းအရာ | ထုတ်ယူ ရရှိ | အသုံးပြု | ကျန်ရမည့် မဲလက်မှတ် | မြေပြင် လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|
| | | | | | | ပျောက်ဆုံး | ပို |
| ၁ | ရပ်/ကျေး မဲလက်မှတ် | ၁၇၀၅၀၀ | ၁၂၄၂၀၇ | ၄၆၂၉၃ | ၄၅၂၉၅ | ၉၉၈ | |
| ၂ | မြို့နယ်ကြိုတင်မဲလက်မှတ် | ၉၂၆ | ၇၈၃ | ၁၄၃ | ၁၄၃ | | |
| ၃ | မြို့နယ်လက်ကျန်မဲလက်မှတ် | ၁၉၂၀၀ | | ၁၉၂၀၀ | ၁၉၁၉၇ | ၃ | |
| | စုစုပေါင်း | ၁၉၀၆၂၆ | ၁၂၄၉၉၀ | ၆၅၆၃၆ | ၆၄၆၃၅ | ၁၀၀၁ | |

စာမျက်နှာ ၁၉ သို့ ❂

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဦးတည်ချက် ၉ ရပ်

၁။ **နိုင်ငံရေး**

(က) စစ်မှန်၍စည်းကမ်းပြည့်ဝသောပါတီစုံဒီမိုကရေစီစနစ်ကို တရားမျှတမှုအပြည့် ကျင့်သုံးပြီး ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုကို တည်ဆောက်နိုင်ရေး

(ခ) တစ်နိုင်ငံလုံးထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေး သဘောတူစာချုပ် (NCA)ပါအတိုင်း အလေးထားလုပ်ဆောင်ရေး

(ဂ) လွတ်လပ်၍တက်ကြွပြီး ဘက်မလိုက်သော နိုင်ငံခြားရေးမူဝါဒကိုကျင့်သုံးပြီး နိုင်ငံများအကြား ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေး "မူ"ကို ဆက်လက်လိုက်နာ ကျင့်သုံးရေး

၂။ **စီးပွားရေး**

(က) စိုက်ပျိုးရေးနှင့်မွေးမြူရေးကိုအခြေခံသည့် ကုန်ထုတ်လုပ်မှုကို ခေတ်မီနည်းစနစ်များဖြင့် ပိုမိုဖွံ့ဖြိုးတိုးတက်အောင်ဆောင်ရွက်ပြီး အခြားစီးပွားရေးကဏ္ဍများကိုလည်း ဘက်စုံဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ခ) ဈေးကွက်စီးပွားရေးစနစ်တည်ငြိမ်အောင်ဖော်ဆောင်ပြီး နိုင်ငံတကာရင်းနှီးမြှုပ်နှံမှုများကို ဖိတ်ခေါ်၍ တိုင်းရင်းသားပြည်သူတစ်ရပ်လုံး၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် တည်ဆောက်ရေး

(ဂ) ပြည်တွင်းစီးပွားရေးလုပ်ငန်းများကို အားပေးကူညီပြီး နိုင်ငံတော်၏ ထုတ်ကုန်များစွာ ထုတ်လုပ်နိုင်သည့် အလုပ်အကိုင်အခွင့်အလမ်းများ ဆောင်ရွက်ဖော်ဆောင်ရေး

၃။ **လူမှုရေး**

(က) စစ်မှန်သောမျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ထက်မြက်ရေး

(ခ) တိုင်းရင်းသားလူမျိုးအပေါင်းတို့၏ ဓလေ့ထုံးတမ်းအစဉ်အလာများကို လေးစားလိုက်နာပြီး အမျိုးသားယဉ်ကျေးမှုစရိုက်လက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေး

(ဂ) တစ်မျိုးသားလုံး ကျန်းမာကြံ့ခိုင်ရေးနှင့် ပညာရည်မြင့်မားရေး

❂ စာမျက်နှာ ၁၈ မှ

၉။ ချောက်မြို့နယ်တွင် ရပ်ကွက်/ကျေးရွာအုပ်စု ၇၁ ခုရှိ မဲရုံပေါင်း ၂၅၈ ရုံတို့တွင် မဲလက်မှတ်အရေအတွက် ၉၉၈ ပျောက်ဆုံးနေပါသည်။ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် လက်ကျန် ဆန္ဒမဲလက်မှတ် ၁၉၂၀၀ ကျန်ရှိရမည်ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၉၁၉၇ သာ ကျန်ရှိသဖြင့် ၃ စောင် ပျောက်ဆုံးနေကြောင်း စိစစ်တွေ့ရှိရပါသည်။

၁၀။ ချောက်မြို့နယ် ပြည်သူ့လွှတ်တော်ဆန္ဒမဲလက်မှတ် ရပ်ကွက်/ကျေးရွာအုပ်စုအလိုက် မြေပြင်စစ်ဆေးတွေ့ရှိချက်မှာ အောက်ပါအတိုင်းဖြစ်ပါသည် -

| စဉ် | ရပ်ကွက်/ကျေးရွာအုပ်စု | မဲရုံပေါင်း | ထုတ်ယူရရှိ | အသုံးပြု | ကျန်ရမည့်မဲလက်မှတ် | မြေပြင်လက်ကျန် | ကွာခြားချက် | |
|---|---|---|---|---|---|---|---|---|
| | | | | | | | ပျောက်ဆုံး | ပို |
| ၁ | အမှတ်(၁)ရပ်ကွက် | ၅ | ၂၇၅၀ | ၂၁၉၁ | ၅၅၉ | ၅၂၃ | ၃၆ | |
| ၂ | အမှတ်(၂)ရပ်ကွက် | ၂ | ၁၀၅၀ | ၈၇၅ | ၁၇၅ | ၁၇၅ | | |
| ၃ | အမှတ်(၃)ရပ်ကွက် | ၂ | ၉၀၀ | ၆၇၇ | ၂၂၃ | ၂၂၃ | | |
| ၄ | အမှတ်(၄)ရပ်ကွက် | ၄ | ၂၇၀၀ | ၂၀၁၃ | ၆၈၇ | ၆၈၇ | | |
| ၅ | အမှတ်(၅)ရပ်ကွက် | ၄ | ၃၆၀၀ | ၂၅၉၁ | ၁၀၀၉ | ၉၆၇ | ၄၂ | |
| ၆ | အမှတ်(၆)ရပ်ကွက် | ၅ | ၃၂၀၀ | ၂၅၅၃ | ၆၄၇ | ၆၄၇ | | |
| ၇ | အမှတ်(၇)ရပ်ကွက် | ၄ | ၂၄၅၀ | ၂၀၀၁ | ၄၄၉ | ၄၄၉ | | |
| ၈ | အမှတ်(၈)ရပ်ကွက် | ၄ | ၂၂၀၀ | ၁၇၀၃ | ၄၉၇ | ၄၉၇ | | |
| ၉ | အမှတ်(၉)ရပ်ကွက် | ၂ | ၁၂၅၀ | ၁၀၁၈ | ၂၃၂ | ၂၃၂ | | |
| ၁၀ | အမှတ်(၁၀)ရပ်ကွက် | ၅ | ၄၀၅၀ | ၂၇၆၆ | ၁၂၈၄ | ၁၂၈၄ | | |
| ၁၁ | အမှတ်(၁၁)ရပ်ကွက် | ၂ | ၁၃၀၀ | ၉၀၀ | ၄၀၀ | ၄၀၀ | | |
| ၁၂ | အမှတ်(၁၂)ရပ်ကွက် | ၂ | ၁၉၀၀ | ၁၃၃၂ | ၅၆၈ | ၅၆၈ | | |
| ၁၃ | အမှတ်(၁၃)ရပ်ကွက် | ၂ | ၂၀၅၀ | ၁၅၁၀ | ၅၄၀ | ၅၀၃ | ၃၇ | |
| ၁၄ | အမှတ်(၁၄)ရပ်ကွက် | ၅ | ၄၂၅၀ | ၃၃၄၂ | ၉၀၈ | ၉၀၈ | | |
| ၁၅ | အမှတ်(၁၅)ရပ်ကွက် | ၅ | ၅၂၅၀ | ၃၉၇၅ | ၁၂၇၅ | ၁၂၂၉ | ၄၆ | |
| ၁၆ | အမှတ် (၁) စလေ | ၁ | ၉၅၀ | ၆၈၅ | ၂၆၅ | ၂၆၅ | | |
| ၁၇ | အမှတ် (၂) စလေ | ၁ | ၈၀၀ | ၅၅၇ | ၂၄၃ | ၂၄၃ | | |
| ၁၈ | အမှတ် (၃) စလေ | ၁ | ၁၀၀၀ | ၇၈၆ | ၂၁၄ | ၂၁၄ | | |
| ၁၉ | အမှတ် (၄) စလေ | ၁ | ၁၄၀၀ | ၉၇၈ | ၄၂၂ | ၄၂၂ | | |
| ၂၀ | အမှတ် (၅) စလေ | ၂ | ၁၆၅၀ | ၁၂၂၇ | ၄၂၃ | ၄၂၃ | | |
| ၂၁ | ပဒေသာအုပ်စု | ၁ | ၁၄၅၀ | ၁၀၈၅ | ၃၆၅ | ၃၆၅ | | |
| ၂၂ | ခါတ်မြေအုပ်စု | ၂ | ၁၅၀၀ | ၁၃၀၃ | ၁၉၇ | ၁၉၇ | | |
| ၂၃ | မကျီးကန်အုပ်စု | ၁ | ၆၀၀ | ၄၉၇ | ၁၀၃ | ၁၀၃ | | |
| ၂၄ | လက်ပံကျွန်းအုပ်စု | ၃ | ၂၄၀၀ | ၁၆၇၂ | ၇၂၈ | ၇၂၈ | | |
| ၂၅ | ဥယျာဉ်အုပ်စု | ၃ | ၂၅၀၀ | ၁၉၄၂ | ၅၅၈ | ၅၅၈ | | |
| ၂၆ | ညီးစုအုပ်စု | ၂ | ၁၆၀၀ | ၁၁၀၄ | ၄၉၆ | ၄၉၆ | | |
| ၂၇ | ရသစ်အုပ်စု | ၃ | ၃၁၅၀ | ၂၂၅၆ | ၈၉၄ | ၈၉၄ | | |
| ၂၈ | ရေတွင်းအုပ်စု | ၂ | ၂၀၀၀ | ၁၆၆၃ | ၃၃၇ | ၃၃၇ | | |
| ၂၉ | ချောင်းတက်အုပ်စု | ၄ | ၂၄၀၀ | ၂၀၈၇ | ၃၁၃ | ၃၁၃ | | |
| ၃၀ | မကျီးကုန်းအုပ်စု | ၃ | ၁၈၅၀ | ၁၃၃၂ | ၅၁၈ | ၅၁၈ | | |
| ၃၁ | တောင်သာအုပ်စု | ၃ | ၁၉၀၀ | ၁၄၉၉ | ၄၀၁ | ၄၀၁ | | |
| ၃၂ | ဇောင်းတောကန်အုပ်စု | ၄ | ၂၇၅၀ | ၂၃၃၅ | ၄၁၅ | ၄၁၅ | | |
| ၃၃ | ပခန်းငယ်အုပ်စု | ၈ | ၅၄၅၀ | ၃၈၄၇ | ၁၆၀၃ | ၁၅၀၁ | ၁၀၂ | |
| ၃၄ | စလင်းတောင်အုပ်စု | ၆ | ၃၉၅၀ | ၂၉၀၇ | ၁၀၄၃ | ၉၉၃ | ၅၀ | |
| ၃၅ | ဆူးရစ်ကန်အုပ်စု | ၄ | ၂၇၅၀ | ၂၂၂၂ | ၅၂၈ | ၅၂၈ | | |
| ၃၆ | မြေပဒုံအုပ်စု | ၄ | ၂၈၀၀ | ၁၉၇၅ | ၈၂၅ | ၈၂၅ | | |
| ၃၇ | လေးပင်ကုန်းအုပ်စု | ၅ | ၂၅၅၀ | ၁၉၄၆ | ၆၀၄ | ၆၀၄ | | |
| ၃၈ | ညောင်ချောင်းအုပ်စု | ၃ | ၂၃၀၀ | ၁၆၉၂ | ၆၀၈ | ၆၀၇ | ၁ | |
| ၃၉ | တောင်ဘလူအုပ်စု | ၄ | ၁၇၀၀ | ၁၀၁၄ | ၆၈၆ | ၆၈၆ | | |
| ၄၀ | ကျောက်ရဲအုပ်စု | ၃ | ၁၈၅၀ | ၁၃၆၆ | ၄၈၄ | ၄၈၄ | | |
| ၄၁ | ဆားလယ်အုပ်စု | ၄ | ၃၆၀၀ | ၂၆၈၁ | ၉၁၉ | ၉၁၉ | | |
| ၄၂ | မြေစွန်းအုပ်စု | ၇ | ၃၁၀၀ | ၂၁၁၇ | ၉၈၃ | ၉၄၃ | ၄၀ | |
| ၄၃ | ကြောင်ယာတောအုပ်စု | ၅ | ၂၈၀၀ | ၁၈၇၈ | ၉၂၂ | ၉၂၂ | | |
| ၄၄ | သံဘိုအုပ်စု | ၁၁ | ၅၀၀၀ | ၃၄၇၇ | ၁၅၂၃ | ၁၁၅၃ | ၃၇၀ | |
| ၄၅ | ငွေးပင်အုပ်စု | ၇ | ၄၇၀၀ | ၃၅၆၉ | ၁၁၃၁ | ၁၁၃၁ | | |
| ၄၆ | စွယ်ပေါက်ကုံအုပ်စု | ၄ | ၃၃၀၀ | ၂၁၂၇ | ၁၁၇၃ | ၁၁၂၉ | ၄၄ | |
| ၄၇ | ဝသဲစမ်းအုပ်စု | ၃ | ၁၈၀၀ | ၁၅၀၉ | ၂၉၁ | ၂၉၁ | | |
| ၄၈ | ပုပ္ပကန်အုပ်စု | ၉ | ၄၄၀၀ | ၃၀၁၃ | ၁၃၈၇ | ၁၃၈၇ | | |
| ၄၉ | ရွာမအုပ်စု | ၃ | ၁၅၀၀ | ၁၂၂၀ | ၂၈၀ | ၂၈၀ | | |
| ၅၀ | ညောင်ဇင်အုပ်စု | ၂ | ၁၃၅၀ | ၈၈၈ | ၄၆၂ | ၄၆၂ | | |
| ၅၁ | နရွဲတောအုပ်စု | ၆ | ၂၄၅၀ | ၁၆၀၂ | ၈၄၈ | ၈၂၉ | ၁၉ | |
| ၅၂ | ဆယ်ကန်အုပ်စု | ၂ | ၁၀၀၀ | ၆၅၁ | ၃၄၉ | ၃၄၀ | ၉ | |
| ၅၃ | လင်းတကိုင်းအုပ်စု | ၂ | ၁၀၅၀ | ၆၉၀ | ၃၆၀ | ၃၆၀ | | |
| ၅၄ | ငွေးပင်ကြီးအုပ်စု | ၂ | ၂၁၅၀ | ၁၄၆၅ | ၆၈၅ | ၆၈၅ | | |
| ၅၅ | ထိန်စမ်းအုပ်စု | ၃ | ၂၄၀၀ | ၁၇၆၆ | ၆၃၄ | ၆၃၄ | | |
| ၅၆ | သလုံးသွေးအုပ်စု | ၄ | ၂၂၀၀ | ၁၅၄၄ | ၆၅၆ | ၆၁၆ | ၄၀ | |
| ၅၇ | တွင်းလပ်အုပ်စု | ၄ | ၂၆၀၀ | ၁၆၂၁ | ၉၇၉ | ၉၇၉ | | |
| ၅၈ | ကြို့ပင်အုပ်စု | ၄ | ၁၈၅၀ | ၁၂၇၈ | ၅၇၂ | ၅၇၂ | | |
| ၅၉ | ထိန်ကန်အုပ်စု | ၅ | ၃၈၅၀ | ၂၅၉၇ | ၁၂၅၃ | ၁၂၅၃ | | |
| ၆၀ | ပြည့်ပင်အုပ်စု | ၂ | ၁၇၀၀ | ၁၃၁၇ | ၃၈၃ | ၃၈၃ | | |
| ၆၁ | သွေးနက်အုပ်စု | ၅ | ၃၁၅၀ | ၂၁၈၃ | ၉၆၇ | ၉၃၉ | ၂၈ | |
| ၆၂ | အုံမြားကြီးအုပ်စု | ၃ | ၁၇၀၀ | ၁၃၀၄ | ၃၉၆ | ၃၉၆ | | |
| ၆၃ | ကျောက်တန်းအုပ်စု | ၄ | ၁၇၅၀ | ၁၁၃၂ | ၆၁၈ | ၆၁၈ | | |
| ၆၄ | ပန်းဘဲအုပ်စု | ၃ | ၁၁၅၀ | ၆၄၅ | ၅၀၅ | ၄၅၉ | ၄၆ | |
| ၆၅ | ငွေးချိုအုပ်စု | ၄ | ၃၈၀၀ | ၃၀၃၈ | ၇၆၂ | ၇၆၂ | | |
| ၆၆ | ဓိုးပွားအုပ်စု | ၄ | ၂၇၅၀ | ၁၈၄၂ | ၉၀၈ | ၉၀၈ | | |
| ၆၇ | သစ်တိုကန်အုပ်စု | ၅ | ၃၁၀၀ | ၂၁၀၉ | ၉၉၁ | ၉၉၁ | | |
| ၆၈ | ကျွဲတပ်အုပ်စု | ၂ | ၁၈၀၀ | ၁၂၄၁ | ၅၅၉ | ၅၅၉ | | |
| ၆၉ | သြဇာတောအုပ်စု | ၄ | ၂၂၀၀ | ၁၄၈၂ | ၇၁၈ | ၆၇၈ | ၄၀ | |
| ၇၀ | ဆားတောင်အုပ်စု | ၄ | ၂၄၀၀ | ၁၅၆၃ | ၈၃၇ | ၈၃၇ | | |
| ၇၁ | မကျီးကန်အုပ်စု | ၄ | ၁၇၅၀ | ၁၂၃၄ | ၅၁၆ | ၄၆၈ | ၄၈ | |
| | ရပ်ကွက်/ကျေးရွာ အုပ်စုချုပ် | ၂၅၈ | ၁၇၀၅၀၀ | ၁၂၄၂၀၇ | ၄၆၂၉၃ | ၄၅၂၉၅ | ၉၉၈ | |
| | မြို့နယ်ကြိုတင်မဲ | | ၉၂၆ | ၇၈၃ | ၁၄၃ | ၁၄၃ | | |
| | မြို့နယ်လက်ကျန်မဲ | | ၁၉၂၀၀ | | ၁၉၂၀၀ | ၁၉၁၉၇ | ၃ | |
| | မြို့နယ်ချုပ်စုစုပေါင်း | ၂၅၈ | ၁၉၀၆၂၆ | ၁၂၄၉၉၀ | ၆၅၆၃၆ | ၆၄၆၃၅ | ၁၀၀၁ | |

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်

# ပါတီနှင့်တူသော ပါတီများ ဖြစ်ရန်လိုအပ်သည်

## ပိုက်တင်

ဒီမိုကရေစီစနစ်ကို အခိုင်အမာထူထောင်နိုင်ဖို့ဆိုရင် နိုင်ငံရေးပါတီတွေကို အရင်ဦးဆုံး ကျကျနန ခိုင်ခိုင်မာမာ ထူထောင်နိုင်ဖို့ဘယ်လောက်အရေးကြီးတယ်ဆိုတာကို မေ့ထားလို့ လုံးဝမရပါဘူး။ ခိုင်မာတောင့်တင်းတဲ့ နိုင်ငံရေးပါတီတွေ ရှိမလာဘဲနဲ့လည်း ဒီမိုကရေစီစနစ်ဆိုတာဟာ ခိုင်မာတောင့်တင်းလာဖို့ ဘယ်တော့မှ မဖြစ်နိုင်ပါဘူး။ စနစ်တစ်ခုကို ဖြုတ်ချလိုက်တာနဲ့ နောက်ထပ်စနစ်တစ်ခုက အလိုလို ခိုင်ခိုင်မာမာပေါ်ပေါက်လာလိမ့်မယ်လို့ လွယ်လွယ်လေး မတွေးအပ်ပါဘူး။ နိုင်ငံရေးပါတီကောင်းတွေဆိုတာက ဒီမိုကရေစီစနစ်ရဲ့ အသက်ဝိညာဉ်တစ်ခု ဖြစ်ပါတယ်။

နိုင်ငံရေးပါတီတွေဆိုတာက နိုင်ငံရေးဆိုင်ရာ အင်စတီကျူးရှင်းတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်သလို အရေးသိပ်ကြီးတဲ့ အင်စတီကျူးရှင်းလည်း ဖြစ်ပါတယ်။ တခြားသော နိုင်ငံရေးအင်စတီကျူးရှင်းတွေကို အခိုင်အမာတည်ဆောက်နိုင်ဖို့ အဲဒီအင်စတီကျူးရှင်းတွေ ကောင်းမွန်စွာ လည်ပတ်နေပြီးတော့ နိုင်ငံတော်ဆိုတဲ့ အင်စတီကျူးရှင်းဟာ တစ်နေ့တခြား တန်ဖိုးမြင့်လာရေးဆိုတာဟာ ဒီမိုကရေစီစနစ်ကို ထူထောင်ကြရခြင်းရဲ့ ပဓာန ရည်မှန်းချက်လို့ ပြောလို့ရပါတယ်။ ဒါကြောင့် ပါတီအင်စတီကျူးရှင်းက မတောင့်တင်းဘဲနဲ့၊ အဆင့်မမီဘဲနဲ့ ကျန်တဲ့နိုင်ငံရေးဆိုင်ရာ အင်စတီကျူးရှင်းတွေ အဆင့်မီလာဖို့ဆိုတာဟာ စိတ်ကူးယဉ်ဆန်လွန်းလှတဲ့ ကိစ္စဖြစ်ပါတယ်။ အထူးသဖြင့် တတိယကမ္ဘာ့နိုင်ငံတွေမှာ ဒီမိုကရေစီဖြစ်ထွန်းရေး (new democracy in third world country) အတွက် အာဖရိက၊ အာရှ၊ လက်တင်အမေရိကဒေသတွေမှာ ပါတီတွေနဲ့ ပါတီစနစ်ဟာ အင်မတန်အရေးပါတဲ့ အခန်းကဏ္ဍမှာရှိတယ်လို့ လေ့လာဆန်းစစ်မှုတွေက ဖော်ပြထားပါတယ်။ ဒီမိုကရေစီ ဆင့်ကဲဖြစ်ထွန်းမှုဖြစ်စဉ်အတွက်နဲ့ ကျစ်လျစ်စုစည်းညီညွတ်မှု (consolidation) အတွက် နိုင်ငံရေးပါတီတွေရဲ့ တောင့်တင်းခိုင်မာမှုကို အထူးအလေးထားသင့်တယ်လို့လည်းဆိုပါတယ်။

ပါတီတွေ တောင့်တင်းခိုင်မာခြင်းဆိုတာကို ပါတီဝင်တွေ သန်းနဲ့ချီရှိနေခြင်း၊ ပါတီခေါင်းဆောင်ကို လူကြိုက်များခြင်း၊ ပါတီရန်ပုံငွေတောင့်တင်းခြင်း စတာတွေနဲ့ တိုင်းတာလို့ရတယ်လို့လည်း လူပြိန်းတွေး မတွေးသင့်ပါဘူး။ ပါတီတွေကို တောင့်တင်းခိုင်မာဖို့ဆိုရင် အင်စတီကျူးရှင်းအဖြစ် စနစ်တကျတည်ဆောက်ခြင်း( institutionalization ) မဖြစ်မနေ ပြုလုပ်ရမှာဖြစ်ပါတယ်။ နိုင်ငံရေးပါတီတွေမှာ ရှိသင့်ရှိထိုက်တဲ့ စံသတ်မှတ်ချက်တွေနဲ့ပတ်သက်လို့တော့ ဘုံသဘောတူယူဆချက်တွေ အင်မတန်နည်းပါးလှပါတယ်။ နောက်တစ်ခါ ပါတီအရေအတွက် ဘယ်လောက်ရှိသင့်သလဲ၊ နှစ်ပါတီစနစ်က ကောင်းသလား၊ သုံးပါတီစနစ်က ကောင်းသလား ဆိုတာတွေနဲ့ အိုင်ဒီယော်လော်ဂျီဆိုင်ရာ ကွဲပြားခြားနားမှု(differences of ideologies)၊ လူမှုရေး၊ ယဉ်ကျေးမှု အခြေခံတွေနဲ့ နိုင်ငံရေးပါတီတွေအကြား ဆက်နွှယ်မှု စတဲ့ကိစ္စရပ်တွေကို နိုင်ငံရေးပါတီတွေအနေနဲ့ အလေးအနက်ရှိသင့်တယ်လို့ဆိုပါတယ်။ နိုင်ငံရေးသိပ္ပံဂုရုဖြစ်သူ Samuel Huntington ရဲ့ အလိုအရတော့ ပါတီအင်စတီကျူရှင်နယ်လိုက်ဖေးရှင်း သို့မဟုတ် သန်စွမ်းတဲ့ နိုင်ငံရေးပါတီအဖြစ် ခိုင်မာစေရန် တည်ထောင်ခြင်းဆိုတာဟာ ဖြစ်စဉ်တစ်ရပ်အဖြစ် ဖန်တီးထားရမယ့် ကိစ္စဖြစ်ပါတယ်။ အဲဒီဖြစ်စဉ်ကိုဖန်တီးတဲ့ လုပ်ငန်းစဉ်နဲ့ ပါတီတစ်ရပ်ရဲ့တန်ဖိုးနဲ့ တည်ငြိမ်မှုကို တဖြည်းဖြည်း တည်ဆောက်မြှင့်တင်ယူခြင်းကို ပါတီအင်စတီကျူရှင်နယ်လိုက်ဖေးရှင်းလို့ သတ်မှတ်ပါတယ်။ အဲဒီလုပ်ငန်းစဉ်အရ မဖြစ်မနေ ဖြစ်ထွန်းလာရမယ့် လက္ခဏာရပ်တွေကတော့ ပြုလွယ်ပြောင်းလွယ်ရှိမှု၊ နက်နဲရှုပ်ထွေးမှု၊ သီးခြားလွတ်လပ်မှု၊ စုစည်းကျစ်လျစ်မှုတို့ပဲ ဖြစ်ပါတယ်။ ပါတီတစ်ရပ်အနေနဲ့ တောင့်တင်းပြီးတော့ စွမ်းရည်ပြည့်ဝစေရေး Huntington ရဲ့ အဲဒီအတွေးအခေါ်အယူအဆကို ဂန္ထဝင်နည်း(classical approach)လို့ ခေါ်တွင်ပါတယ်။ ဒီမိုကရေစီကို အသစ်တည်ဆောက်တဲ့နိုင်ငံတွေမှာ ဒီမိုကရေစီ တစ်စတစ်စ ဖြစ်တည်လာရေး(democratization) အတွက် ဒီသီအိုရီကို တကယ်တမ်းအားပြုရင် တော်တော်ကြီး အလုပ်ဖြစ်တဲ့ သာဓကတွေလည်း လက်တွေ့ရှိပါတယ်။

ပြုလွယ်ပြောင်းလွယ်ရှိမှု (adaptability) ပါတီတစ်ရပ်ဟာ နိုင်ငံရေးရေခံမြေခံ၊ လူမှုရေးရေခံမြေခံ၊ ယဉ်ကျေးမှုရေခံမြေခံကို အလိုက်သင့်ခံယူဆက်ဆံနိုင်ခြင်းရှိရပါလိမ့်မယ်။ လူ့အဖွဲ့အစည်းတစ်ခုရဲ့ ရေခံမြေခံကို နိုင်ငံရေးပါတီတစ်ရပ်ဟာ သေချာပေါက်ကျေညက်နေဖို့ လိုအပ်ပါတယ်။ မူဝါဒလမ်းစဉ်တွေ၊ မဟာဗျူဟာတွေ၊ စီမံကိန်းတွေကို ရေးဆွဲရာမှာ ရေခံမြေခံနဲ့ လျော်ညီဖို့ အထူးဂရုပြုရပါမယ်။ ရေခံမြေခံက တောင်းဆိုလာတဲ့အခါ ဥပမာအားဖြင့် ရေးဆွဲချမှတ်ထားတဲ့ မူဝါဒလမ်းစဉ် အစရှိတာတွေကို လက်တွေ့ အကောင်အထည်ဖော်လိုက်တဲ့အခါမှာ ရေခံမြေခံရဲ့ ငြင်းဆန်မှု တစ်နည်းအားဖြင့် သဘောတရားနဲ့ မြေပြင်အခြေအနေ(လက်တွေ့ ) ကိုက်ညီမှုမရှိတဲ့အခါမျိုးမှာ ချက်ချင်းပြုပြင်ပြောင်းလဲဖို့ တုံ့ပြန်ဆောင်ရွက်နိုင်မှသာလျှင် ဒီမိုကရေစီဖြစ်ထွန်းရေးကို လက်တွေ့ စွမ်းဆောင်ပေးနိုင်တဲ့ နိုင်ငံရေးပါတီတစ်ရပ်အဖြစ် အခိုင်အမာ ရပ်တည်နိုင်မယ်လို့ဆိုပါတယ်။ ပါတီတစ်ရပ်ဟာ ပြုလွယ်ပြောင်းလွယ်ရှိလေ သန်စွမ်းခိုင်မာလေဖြစ်ပြီးတော့ တင်းမာတဲ့ မူဝါဒတွေကို စွဲကိုင်ထားလေ အင်အားချည့်နဲ့လေဖြစ်တယ်လို့ ဆိုပါတယ်။ ဒီသဘောတရားအရတော့ ပါတီတစ်ရပ်ဟာ သက်တမ်းရင့်လေ ရေခံမြေခံရဲ့ စမ်းသပ်မှုကို တုံ့ပြန်ဖြေရှင်းနိုင်လေဖြစ်တဲ့ အတွေ့အကြုံ ရင့်သန်မှု အားကောင်းလေဖြစ်တာကြောင့် ပိုမိုခိုင်မာနိုင်လေဖြစ်ပြီးတော့ သက်တမ်းနုတဲ့ ပါတီတစ်ရပ်အနေနဲ့ ရေခံမြေခံရဲ့ စိန်ခေါ်မှုတွေကို သက်တမ်းရင့်ပါတီလောက် တုံ့ပြန်ဖြေရှင်းနိုင်စွမ်း မရှိနိုင်ဘူးလို့ဆိုပါတယ်။ ဒါဘာကြောင့်လဲဆိုတော့ အတွေ့အကြုံများတာ၊ ပြဿနာတွေကို ဖြေရှင်းနိုင်တာနဲ့ အဲဒီလိုဖြေရှင်းရာမှာ ပြုလွယ်ပြောင်းလွယ် သဘောထားရှိတာကြောင့် စိန်ခေါ်မှုတွေကို ကျော်လွှားနိုင်စွမ်းရည် မြင့်မားလာတာကြောင့်လို့ ဆိုပါတယ်။ ပါတီတစ်ရပ်ဟာ ခေါင်းဆောင်မှုကဏ္ဍမှာ မျိုးဆက်တစ်ခုတည်းကပဲ မပြောင်းမလဲ ဦးဆောင်ခြင်းဟာလည်း ပြုလွယ်ပြောင်းလွယ်မရှိခြင်းကို ပြဆိုတဲ့ အကြောင်းအချက် တစ်ရပ်ဖြစ်တယ်လို့ Huntington ကယူဆပါတယ်။ မျိုးဆက်တစ်ခုကနေ နောက်မျိုးဆက်တစ်ခုထံ ခေါင်းဆောင်မှုကို ငြိမ်းချမ်းစွာ လွှဲပြောင်းဆက်ခံစေခြင်းဟာ ပြုလွယ်ပြောင်းလွယ်ရှိတဲ့သဘော သက်ရောက်တာကြောင့် ပါတီတစ်ရပ် institution-alized ဖြစ်လာဖို့အတွက် ဒီအချက်ဟာလည်း အရေးပါလှပါတယ်။ အားကြီးတဲ့ ထောက်ပံ့မှုဖြစ်နိုင်တယ်လို့ဆိုပါတယ်။

**နက်နဲရှုပ်ထွေးမှု(complexity )**

Huntington က complexity လို့ သုံးထားပေမယ့် ဆိုလိုရင်းအဓိပ္ပာယ်က ပါတီတစ်ရပ်ရဲ့ ဖွဲ့စည်းပုံဟာ ထိပ်ဆုံးကနေ အောက်ဆုံးအဆင့်အထိ စနစ်တကျရှိပြီးတော့ အဆင့်တိုင်း အဆင့်တိုင်းအတွက် တိတိကျကျ သတ်မှတ်ပြဋ္ဌာန်းထားတဲ့ စည်းမျဉ်းစည်းကမ်းတွေ၊ လုပ်ထုံးလုပ်နည်းတွေ ပြည့်ပြည့်စုံစုံရှိတာကို ဆိုလိုပါတယ်။ ထက်အောက်ဆင့်ကဲ ဖွဲ့စည်းပုံဟာ စုံစုံလင်လင်ပြည့်ပြည့်ဝဝ စနစ်တကျ ဖြစ်နေဖို့ဖြစ်ပါတယ်။ Huntington က အရစ္စတိုတယ်ရဲ့စကားကို ကိုးကားပြီးတော့ လူတစ်ဦးတစ်ယောက်တည်းအပေါ် မှီခိုထားတဲ့ ပါတီတစ်ရပ်ဟာ စောစောကပြောသလို အဆင့်ဆင့် ပြည့်ပြည့်စုံစုံ စနစ်တကျ ဖွဲ့စည်းထားတဲ့ ပါတီတွေလို ဘယ်တော့မှ ရေရှည်တောင့်တင်းခိုင်မာလာဖို့ တည်တံ့ဖို့မလွယ်ကူနိုင်ဘူးလို့ ဆိုထားပါတယ်။ အရစ္စတိုတယ်က အရိုးရှင်းဆုံး ဖွဲ့စည်းထားတဲ့ နိုင်ငံရေးစနစ်ဆိုတာဟာ လူပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အပေါ် လုံးလုံးမှီခိုထားရတာမျိုးဖြစ်တယ်။ တည်ငြိမ်မှု အနည်းဆုံးလည်းဖြစ်တယ်။ ဖိနှိပ်ပြီး အုပ်ချုပ်တဲ့အစိုးရတွေဟာ သက်တမ်းအားဖြင့်တိုတယ်။( The simplest political system is that which depends on one individual. It is also the least stable. Tyrannies are virtually all quite short-lived.) လို့ဆိုပါတယ်။ ဒါကြောင့် ပါတီတစ်ရပ်ဟာ ဖွဲ့စည်းပုံအဆင့်ဆင့်နဲ့ စနစ်တကျဖွဲ့စည်းထားနိုင်ဖို့လိုပါတယ်။ အဲဒီလိုဖြစ်လာမှသာ ရေရှည်မှာ ပါတီဝင်တွေ ခေါင်းဆောင်တွေကိုပဲ အမြဲအားကိုးအားထားပြုနေရတာမျိုးကနေ လွတ်ကင်းပြီးတော့ စနစ်( အင်စတီကျူးရှင်း) ကသာ ထိန်းကျောင်းသွားမှာဖြစ်တာကြောင့် institutionalized ဖြစ်လာပြီး အလုပ်ဖြစ်လိမ့်မယ်လို့ဆိုပါတယ်။

နောက်တစ်ချက်ကတော့ အင်စတီကျူးရှင်းတစ်ခုမှာအလုပ်တစ်ခုမကရှိရင် ပိုပြီးတော့တောင့်တင်းခိုင်မာနိုင်တယ်လို့ ဆိုပါတယ်။ ပါတီအင်စတီကျူးရှင်းတွေ တောင့်တင်းခိုင်မာရေးကတော့ အဓိကအားဖြင့် အတိုက်အခံပါတီအဖြစ် ရပ်တည်စဉ် လုပ်ကိုင်ဆောင်ရွက်ရန်အလုပ်တွေအပြင် အစိုးရဖြစ်တဲ့အခါ လုပ်ကိုင်ဆောင်ရွက်ရမယ့် အလုပ်တွေကိုပါ တစ်ပြိုင်နက်တည်းမှာ လေ့ကျင့်ပြင်ဆင်ထားနိုင်ဖို့ လိုမယ်လို့ ယေဘုယျအားဖြင့် ပြောလို့ရပါတယ်။ တခြားလုပ်စရာအလုပ်တွေ ရှိသေးတယ်ဆိုရင် ပိုကောင်းပေမယ့် ပါတီတစ်ခုဟာ အတိုက်အခံအလုပ်နဲ့ အစိုးရအလုပ် သဘောသဘာဝအားဖြင့် လုံးဝခြားနားတဲ့ အလုပ်နှစ်ခုအတွက် ပိုင်နိုင်ကျွမ်းကျင်ထားဖို့ အနည်းဆုံး မဖြစ်မနေလိုအပ်တဲ့ သဘောဖြစ်ပါတယ်။

**သီးခြားလွတ်လပ်မှု (autonomy )**

ပါတီအင်စတီကျူးရှင်းတစ်ရပ်ဟာ တခြားသော လူမှုစီးပွားနဲ့ သက်ဆိုင်တဲ့ နယ်ပယ်တွေနဲ့ ရောယှက်နီးနွှယ်မှုမရှိဘဲ သီးခြားရပ်တည်နိုင်ရမယ်လို့ဆိုပါတယ်။ အင်မတန်မှ ဖွံ့ဖြိုးပြီးသားဖြစ်တဲ့ နိုင်ငံရေးအင်စတီကျူးရှင်းတွေဟာ တခြားလူမှုစီးပွားနယ်ပယ်တွေနဲ့ လုံးဝသီးခြားကင်းလွတ်စွာ ရပ်တည်ပါတယ်။ သီးခြားလွတ်လပ်မှုရဲ့ ဖွင့်ဆိုချက်ကတော့ နိုင်ငံရေးပါတီအင်စတီကျူးရှင်းဆိုတာဟာ နိုင်ငံရေးအဖွဲ့အစည်းနဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တွေ ဖွံ့ဖြိုးတိုးတက်ရေးအလုပ်ဟာ တခြားလူမှုစီးပွားဆိုင်ရာအုပ်စုတွေရဲ့ အကျိုးစီးပွားနဲ့ ရောယှက်ပတ်သက်ခြင်းမရှိတာ ဖြစ်ပါတယ်။ နိုင်ငံရေးအင်စတီကျူးရှင်းတွေနဲ့ နိုင်ငံရေးလုပ်ငန်းစဉ်တွေဟာ လူ့အဖွဲ့အစည်းအတွင်းက နိုင်ငံရေးမဟုတ်တဲ့ လွှမ်းမိုးမှုတွေ (nonpolitical influences) ကို ခံနေရပြီဆိုရင် လူ့အဖွဲ့အစည်းအပြင်ဘက်က လွှမ်းမိုးမှုတွေကိုလည်း ခံရဖို့ရှိတယ်လို့ ဆိုပါတယ်။ တခြား ပြင်ပနေရာအနှံ့အပြားက အအေးဂျင့်တွေ၊ အုပ်စုတွေ၊ စိတ်ကူးစိတ်သန်းတွေက လွယ်လင့်တကူ ထိုးဖောက်ဝင်ရောက်လာပြီး ပါတီအင်စတီကျူးရှင်းကို ချည့်နဲ့သွားစေဖို့ အများကြီးဖြစ်နိုင်ခြေရှိတာကြောင့် သီးခြားလွတ်လပ်မှုဆိုတာဟာ ပါတီအင်စတီကျူးရှင်းတွေ တောင့်တင်းခိုင်မာရေးကိုသာမက နိုင်ငံတော်နဲ့ နိုင်ငံရေးစနစ်တစ်ခုလုံးရဲ့ လုံခြုံရေးနဲ့ တည်ငြိမ်ရေးအတွက်ပါ လွန်စွာမှ အရေးကြီးတဲ့ကိစ္စရပ်ဖြစ်ပါတယ်။

လူမှုပြောင်းလဲမှုတွေဆိုတာဟာ လူ့အဖွဲ့အစည်းတွေမှာရော ကမ္ဘာအနှံ့မှာပါ စဉ်ဆက်မပြတ်ဖြစ်ပျက်နေတတ်တဲ့သဘောရှိပါတယ်။ ပါတီတစ်ရပ်ဟာ အင်စတီကျူးရှင်းတစ်ရပ်အဖြစ် စံတွေနဲ့အညီ သီးခြားလွတ်လပ်စွာ ရပ်တည်နိုင်ဖို့ တည်ဆောက်မထားဘူးဆိုရင် အဲဒီလူမှုအပြောင်းအလဲတွေကြောင့် အသစ်ပေါ်ပေါက်လာတဲ့ အုပ်စုသစ်တွေရဲ့ လွှမ်းမိုးမှုတွေက သက်ရောက်တာကို ခံရနိုင်တာကြောင့် ပျက်စီးနိုင်တယ်ဆိုတာတွေ့ရပါတယ်။ ဖွံ့ဖြိုးရင့်သန်ပြီးသားနိုင်ငံရေးစနစ်တွေမှာတော့ စနစ်ရဲ့လွတ်လပ်မှု(autonomy of system ) ကို အဲသလို လူမှုအုပ်စုသစ်တွေရဲ့ သက်ရောက်မှုကနေ လွတ်မြောက်စေဖို့ ကောင်းမွန်တဲ့ ယန္တရားက လုံခြုံစွာ ဟန့်တားထားလေ့ရှိပါတယ်။

နက်နဲရှုပ်ထွေးမှုကောင်းတဲ့ နိုင်ငံရေးစနစ်တွေမှာတော့ သီးခြားလွတ်လပ်မှုကို ခိုင်မာစေဖို့အတွက် အဖွဲ့အစည်းတွေနဲ့ ရာထူးတာဝန်တွေအတွက် ကောင်းမွန်စွာလေ့ကျင့်ထားတဲ့ အတွေ့အကြုံရင့်ကျက်တဲ့ လူပုဂ္ဂိုလ်တွေ တာဝန်ယူနိုင်ခြင်းဆိုတဲ့ အချက်က အာမခံချက်ပေးလေ့ရှိပါတယ်။ အင်စတီကျူးရှင်းတွေအဖြစ် တောင့်တင်းအောင် တည်ဆောက်ပြီးသား နိုင်ငံရေးစနစ်တွေမှာ ခေါင်းဆောင်ပိုင်းနေရာတွေကို ရယူကြသူတွေဟာ အရေးမကြီးတဲ့ လုပ်ငန်းတာဝန်တွေကနေ စတင်ထမ်းဆောင် လေ့ကျင့်ထားကြသူတွေ ဖြစ်နေလေ့ရှိပါတယ်။ ဒါကြောင့် နက်နဲရှုပ်ထွေးမှုရှိတာနဲ့ သီးခြားလွတ် လပ်မှုကြားမှာရှိတဲ့ ဆက်နွှယ်မှုဟာလည်း များစွာအရေးပါတယ်ဆိုတာ သတိပြုကြဖို့ ဖြစ်ပါတယ်။

စာမျက်နှာ ၂၂ သို့ ❍

**နိုင်ငံရေးပါတီတွေဆိုတာက နိုင်ငံရေးဆိုင်ရာ အင်စတီကျူးရှင်းတွေထဲမှာ တစ်ခုအပါအဝင်ဖြစ်သလို အရေးသိပ်ကြီးတဲ့ အင်စတီကျူးရှင်းလည်း ဖြစ်ပါတယ်။ တခြားသော နိုင်ငံရေးအင်စတီကျူးရှင်းတွေကို အခိုင်အမာတည်ဆောက်နိုင်ဖို့ အဲဒီအင်စတီကျူးရှင်းတွေ ကောင်းမွန်စွာ လည်ပတ်နေပြီးတော့ နိုင်ငံတော်ဆိုတဲ့ အင်စတီကျူးရှင်းဟာ တစ်နေ့တခြား တန်ဖိုးမြင့်လာရေးဆိုတာဟာ ဒီမိုကရေစီစနစ်ကို ထူထောင်ကြရခြင်းရဲ့ ပဓာန ရည်မှန်းချက်လို့ ပြောလို့ရပါတယ်။ ဒါကြောင့် ပါတီအင်စတီကျူးရှင်းက မတောင့်တင်းဘဲနဲ့၊ အဆင့်မမီဘဲနဲ့ ကျန်တဲ့နိုင်ငံရေးဆိုင်ရာ အင်စတီကျူးရှင်းတွေ အဆင့်မီလာဖို့ဆိုတာဟာ စိတ်ကူးယဉ်ဆန်လွန်းလှတဲ့ ကိစ္စဖြစ်။**

# ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့် တိုင်းရင်းသားဘာသာသင် ဆရာ ဆရာမများ ခန့်ထားနိုင်ရေးနှင့် လုပ်အားခများတိုးမြှင့်ပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေး တက်ရောက်

**နေပြည်တော် မတ် ၂၅**

တိုင်းရင်းသားဘာသာသင် ဆရာ ဆရာမများခန့်ထားနိုင်ရေးနှင့် ဆရာ ဆရာမများ၏ လုပ်အားခများ တိုးမြှင့်ပေးနိုင်ရေး ညှိနှိုင်းအစည်းအဝေးကို ယမန်နေ့ နံနက် ၁၀ နာရီခွဲတွင် နေပြည်တော်ရှိ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကိုဗစ်-၁၉ တားဆီးကာကွယ်ရေး ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များနှင့်အညီ ကျင်းပသည်။



အစည်းအဝေးသို့ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်း၊ တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။

### ပိုမိုထောက်ပံ့ပေးနိုင်ရန်

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးက မတ် ၁၅ ရက်တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌရုံး အစည်းအဝေးခန်းမ၌ ကျင်းပပြုလုပ်ခဲ့သော နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၂)တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က အမှာစကားပြောကြားရာတွင် တိုင်းရင်းသားစာပေသင်ကြားနေသည့် ဆရာ ဆရာမများအပါအဝင် ဆရာ ဆရာမများအား အဆင့်နှင့် လျော်ညီစွာ ပိုမိုထောက်ပံ့ပေးနိုင်ရန်နှင့် တိုင်းရင်းသားဒေသများ ပညာရည်မြင့်မားရေးအတွက် တိုင်းရင်းသားဒေသများရှိ ဆရာ ဆရာမများ အရည်အသွေးမြင့်မားရေး ဆောင်ရွက်ပေးရန် လမ်းညွှန်ချက်အရ ယခုကဲ့သို့ အစည်းအဝေးခေါ်ယူရခြင်းဖြစ်ပါကြောင်း။

မတ် ၄ ရက်တွင် ကာကွယ်ရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပခဲ့သော တိုင်းရင်းသားရေးရာ၊ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုနှင့် ဝန်ဆောင်မှုရေးရာကော်မတီအစည်းအဝေး အမှတ်စဉ် (၂/၂၀၂၂) အစည်းအဝေးတွင်လည်း တိုင်းရင်းသားများအနေဖြင့် မိမိဘာသာစကားတတ်မြောက်မှုနှင့် ကျွမ်းကျင်မှုနည်းပါးလာသည့်အတွက် Language Teacher နှင့် Teaching Assistant များအား အခြေခံပညာကျောင်းများရှိ ဆရာ ဆရာမများနည်းတူ လုပ်အားခများ ပိုမိုပံ့ပိုးပေးနိုင်ရန် ဆွေးနွေးခဲ့ပါကြောင်း၊ အဆိုပါ လမ်းညွှန်ချက်နှင့် ဆွေးနွေးချက်များအရ ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ တိုင်းရင်းသားဒေသများတွင် သက်ဆိုင်ရာ တိုင်းရင်းသားဘာသာပြဆရာများ ခန့်ထားနိုင်ပါရန်နှင့် Teaching Assistant ဆရာမများ၏ လုပ်အားခများ တိုးမြှင့်ပေးနိုင်ရေး တင်ပြချက်အပေါ် ညှိနှိုင်းဆောင်ရွက်သွားရန် ဆုံးဖြတ်ခဲ့ပါကြောင်း။

ပညာရေးဝန်ကြီးဌာနနှင့် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနတို့ ပူးပေါင်းဆောင်ရွက်မှုဖြင့် တိုင်းရင်းသားများ၏ စာပေသင်ကြားမှုများတွင် ပိုမိုတိုးတက်လာသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားများအတွက် တိုင်းရင်းသားဘာသာစာပေသာမက ကျောင်းသင်ဘာသာရပ်များ သင်ကြားရာတွင် အထောက်အကူပြု နေ့စားလပေးဆရာ/ဆရာမ Teaching Assistantနှင့် တိုင်းရင်းသားဘာသာသင် Language Teacher များ၏ လျှောက်လွှာများကို တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနမှ စိစစ်ပြီး ပညာရေးဝန်ကြီးဌာနမှ ခန့်ထားပေးလျက်ရှိသည်ကို သိရှိရပါကြောင်း၊ Teaching Assistant နေ့စားလပေး ဆရာ ဆရာမများအနက် အရည်အချင်း ကိုက်ညီသူများကို အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်ထားပေးလျက်ရှိကြောင်းကိုလည်း သိရှိရပါကြောင်း၊ ၂၀၁၇-၂၀၁၈ ပညာသင်နှစ်တွင် Teaching Assistant ၄၇၈၃ ဦးနှင့် Language Teacher ၃၇၈ ဦး စုစုပေါင်း ၅၁၆၁ ဦး၊ ၂၀၁၉-၂၀၂၀ ပညာသင်နှစ်တွင် Teaching Assistant ၆၉၃၅ ဦးနှင့် Language Teacher ၁၇၅ ဦး စုစုပေါင်း ၇၁၁၀ ခန့်ထားပေးခဲ့ပါကြောင်း၊ မည်သို့ပင်ဆောင်ရွက်ပေးစေကာမူ အကြောင်းအမျိုးမျိုးကြောင့် အလုပ်ဝင်ရောက်ရန် ပျက်ကွက်မှုများကိုလည်း တွေ့ရှိရပါကြောင်း၊ အဆိုပါ ပျက်ကွက်သည့်နေရာများတွင် အစားထိုးခန့်ထားပေးနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်းကိုလည်း တွေ့ရှိရပါကြောင်း။

### အစားထိုးခန့်ထားနိုင်ရေး

တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာနအနေဖြင့် ပညာရေးဝန်ကြီးဌာနသို့ တိုင်းရင်းသားဘာသာသင်ကြားနေသည့် အမြဲတမ်းဝန်ထမ်း ဆရာ ဆရာမများနေရာတွင် အစားထိုးခန့်ထားနိုင်ရေး Teaching Assistant/ Language Teacher စုစုပေါင်း ၂၀၅၆ ဦး၏ စာရင်းအား ပေးပို့ထားပြီးလည်းဖြစ်ပါကြောင်း၊ တိုင်းရင်းသားဘာသာစာပေသာမက ကျောင်းသင်ဘာသာရပ်များ သင်ကြားရာတွင် အထောက်အကူပြု နေ့စားလပေး Teaching Assistant ဆရာ ဆရာမများသည် နိုင်ငံတော်က သတ်မှတ်ထားသည့် အနည်းဆုံးလုပ်ခလစာဖြစ်သည့် (၁)ရက် ငွေကျပ် ၄၈၀၀ နှုန်းဖြင့် ရရှိခံစားလျက်ရှိသည်ကို သိရှိရပါကြောင်း၊ အဆိုပါ Teaching Assistant ဆရာ ဆရာမများအနက် အရည်အချင်း ကိုက်ညီသူများကို အမြဲတမ်းဝန်ထမ်းများအဖြစ် ခန့်ထားပေးလျက်ရှိပြီး ပိုမိုခန့်ထားပေးပါက ပိုမိုကောင်းမွန်မည်ဖြစ်ပါကြောင်း၊ သို့သော်လည်း တိုင်းရင်းသားဘာသာသင် Language Teacher များအနေဖြင့် ထောက်ပံ့ငွေကျပ် ၃၀၀၀၀ သာ ရရှိသည့်အတွက် အခက်အခဲများရှိနေသည်ကို တွေ့ရှိရမည်ဖြစ်ပြီး အင်မတန်နည်းပါးသည့်ပမာဏ ဖြစ်ပါကြောင်း၊ မိမိတို့ တိုင်းရင်းသားများအနေဖြင့် မိမိတို့ တိုင်းရင်းသားဘာသာစကား တတ်ကျွမ်းမှု ပိုမိုနည်းပါးလာပါကြောင်း၊ အကြောင်းရင်းမှာ သင်ကြားပေးမည့်သူများ နည်းပါးခြင်းကြောင့်လည်း ဖြစ်နိုင်ပါကြောင်း။

ထို့ကြောင့် သင်ကြားပေးသည့် ဆရာ ဆရာမများကို ပိုမိုခန့်ထားပေးခြင်း၊ ပိုမိုပံ့ပိုးပေးခြင်းနှင့် ပိုမိုထောက်ပံ့ပေးခြင်းများ ဆောင်ရွက်ရန် လိုအပ်ပါကြောင်း၊ Teaching Assistant/ Language Teacher ဆရာ ဆရာမများကို ပိုမိုထောက်ပံ့နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာနအနေဖြင့်လည်း နည်းလမ်းများရှာဖွေ၍ ပိုမိုထောက်ပံ့နိုင်ရေး ဆောင်ရွက်ပေးစေလိုပါကြောင်း၊ ပညာရေးဝန်ကြီးဌာနနှင့်ပူးပေါင်း၍ တိုင်းရင်းသားများအတွက် Teaching Assistant/ Language Teacher ဆရာ ဆရာမများ ပိုမိုခန့်ထားနိုင်ရေး၊ လုပ်အားခများနှင့် ထောက်ပံ့ငွေများ ပိုမိုထောက်ပံ့နိုင်ရေး၊ တိုင်းရင်းသားဘာသာ စာပေစာအုပ်များ ပိုမိုထောက်ပံ့နိုင်ရေး စသည်များနှင့် အခြားသော တိုင်းရင်းသားရေးရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း၊ ထို့ကြောင့် တိုင်းရင်းသားများ၏ တိုင်းရင်းသားဘာသာနှင့် စာပေများ ပျောက်ပျက်မှု မရှိစေရေးအတွက် အထောက်အကူပြုစေမည့် တိုင်းရင်းသားဘာသာသင် Teaching Assistant/ Language Teacher ဆရာ ဆရာမများ ပိုမိုခန့်ထားရေးနှင့် လုပ်အားခနှင့် ထောက်ပံ့ငွေများ ပိုမိုတိုးမြှင့်ပေးနိုင်ရေးအတွက် ပညာရေးဝန်ကြီးဌာန တာဝန်ရှိသူများအနေဖြင့် အလေးအနက်ထားစဉ်းစား၍ ဆောင်ရွက်ပေးစေလိုပါကြောင်း၊ တက်ရောက်လာကြသူများ အားလုံးအနေဖြင့်လည်း တိုင်းရင်းသားများအတွက် ရှေးရှုပြီး ဝိုင်းဝန်းဆွေးနွေးပေးစေလိုပါကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်ဝင်းက မိမိတို့ပညာရေးဝန်ကြီးဌာနအနေဖြင့် တိုင်းရင်းသားဘာသာစကား၊ စာပေသင်ကြားသင်ယူမှုနှင့်စပ်လျဉ်း၍ ဆောင်ရွက်ထားရှိမှုအခြေအနေနှင့် ရှေ့ဆက်ဆောင်ရွက်မည့် အစီအစဉ်များကို တင်ပြသွားမည်ဖြစ်ပါကြောင်း၊ တိုင်းရင်းသားဒေသများဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေးကဏ္ဍသည် အဓိကကျပါကြောင်း၊ မိမိတို့ပညာရေးဝန်ကြီးဌာနသည် တိုင်းရင်းသားဘာသာစကား၊ စာပေသင်ကြားသင်ယူမှုနှင့်ပတ်သက်၍ ပူးပေါင်းဆောင်ရွက်ရန် အသင့်ရှိပါကြောင်း၊ တိုင်းရင်းသားဘာသာသင် ဆရာ ဆရာမများအား လုပ်အားခများ တိုးမြှင့်ခန့်ထားပေးပါက နိုင်ငံတော်ကို ရန်ပုံငွေထပ်မံတောင်းခံရမည်ဖြစ်ပါကြောင်း ပြောကြားသည်။

### ယဉ်ကျေးမှုပျောက်ပါက လူမျိုးပျောက်မည်

ထို့နောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးဇော်အေးမောင်က မိမိတို့မြန်မာနိုင်ငံပထဝီနိုင်ငံရေးအရ လူဦးရေများပြားသည့် အိမ်နီးနားချင်းနိုင်ငံများ၏ စကား၊ စာပေ၊ ယဉ်ကျေးမှုများ လွှမ်းမိုးဝင်ရောက်လာနိုင်ပါကြောင်း၊ စကားပျောက်လျှင် ယဉ်ကျေးမှု ပျောက်မည်ဖြစ်ပြီး ယဉ်ကျေးမှုပျောက်ပါက လူမျိုးပျောက်မည်ဖြစ်ပါကြောင်း၊ (၂၀၀၈) မြန်မာနိုင်ငံ ဖွဲ့စည်းပုံအခြေခံဥပဒေ၊ အခန်း(၁) အခြေခံမူ ပုဒ်မ(၂၂) တွင် တိုင်းရင်းသားများ၏ စာပေ၊ စကား၊ ယဉ်ကျေးမှုများကို ဖော်ဆောင်ပေးရန်ဟု ဖော်ပြပါရှိပါကြောင်း၊ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌကလည်း Teaching Assistant/ Language Teacher ဆရာ ဆရာမများ၊ ဘုန်းတော်ကြီးသင် ဆရာ ဆရာမများအား ပိုမိုထောက်ပံ့ပေးနိုင်ရေး လမ်းညွှန်ထားပါကြောင်း၊ ထိုသို့ဖော်ဆောင်ပေးပါက တိုင်းရင်းသားစည်းလုံးညီညွတ်မှုခိုင်မာပြီး နိုင်ငံတော်တည်ငြိမ်အေးချမ်းမည်ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပညာရေးဝန်ကြီးဌာန မြန်မာနိုင်ငံတိုင်းရင်းသားဘာသာစကားဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကိုလေးဝင်းနှင့် အခြေခံပညာဦးစီးဌာန၊ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးရဲလင်းမြင့်တို့က တိုင်းရင်းသားဘာသာသင် ဆရာ ဆရာမများ ခန့်ထားနိုင်ရေးနှင့် Language Teacher(LT) ဆရာ ဆရာမများ၏ လုပ်အားခများ တိုးမြှင့်ပေးနိုင်ရေးနှင့်ပတ်သက်၍ ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးများနှင့် ညွှန်ကြားရေးမှူးချုပ်များက တိုင်းရင်းသားဘာသာစာပေသင် နေ့စားလပေး Teaching Assistant(TA) နှင့် ဘာသာရပ်သင် ဆရာ ဆရာမ Language Teacher(LT) များ၏ လုပ်အားခများ တိုးမြှင့်ပေးနိုင်ရေးအတွက် အထွေထွေဆွေးနွေးကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

---

○ စာမျက်နှာ ၂၀ မှ

**စုစည်းကျစ်လျစ်မှု(coherence)**

နိုင်ငံရေးပါတီတစ်ရပ်ဟာ စုစည်းကျစ်လျစ်မှု အားကောင်းလေ အင်စတီကျူးရှင်းတစ်ရပ်အဖြစ် ပီပြင်လေ institutionalized ဖြစ်လေ၊ လျော့ရဲရဲနိုင်လေ ပြိုလဲဖို့နီးစပ်လေဖြစ်ပါတယ်။ သီအိုရီအရတော့ အဖွဲ့အစည်းတစ်ရပ်ဟာ သီးခြားလွတ်လပ်မှုရှိပြီး စုစည်းကျစ်လျစ်မှုမရှိဘဲ ဖြစ်နေနိုင်သလို စုစည်းကျစ်လျစ်မှုရှိပြီး သီးခြားလွတ်လပ်မှုမရှိဘဲလည်း ဖြစ်နေနိုင်ပါတယ်။ သို့သော် လက်တွေ့မှာတော့ ဒီအကြောင်းအရာနှစ်ရပ်ဟာ နီးနီးကပ်ကပ် ဆက်နွယ်မှုရှိနေနိုင်တယ်လို့ Huntington က ပြောထားပါတယ်။ သီးခြားလွတ်လပ်မှုရှိတာက အဖွဲ့အစည်းတစ်ရပ်ရဲ့ ပြုမူကျင့်ကြံပုံ၊ တန်ဖိုးတွေကို ဖွံ့ဖြိုးစေပြီး စုစည်းကျစ်လျစ်မှုကို ဖြစ်တည်စေတယ်လို့ ဆိုပါတယ်။

အတွင်းရင်းမြစ်တွေ( internal sources ) ရဲ့ ပြဿနာတွေကို ဟန့်တားနိုင်ခြင်းမရှိသော်ငြားလည်း အဖွဲ့အစည်းတစ်ရပ်ရဲ့ သီးခြားလွတ်လပ်မှုဆိုတဲ့ အကြောင်းအရာဟာ အပြင်ရင်းမြစ်တွေ (external sources ) ရဲ့ နှောင့်ယှက်မှုကို ကောင်းစွာဟန့်တားနိုင်ပါတယ်။ ဒါကြောင့် စုစည်းကျစ်လျစ်မှုကို စနစ်တကျ တည်ဆောက်ထားနိုင်ရင် ပြဿနာ ( အနှောင့်အယှက်) နည်းနိုင်ပြီးတော့ အဖွဲ့အစည်းဟာ အင်စတီကျူးရှင်းအဖြစ်ပီပြင်လာဖို့ အထောက်အပံ့ကောင်းကောင်းရနိုင်ပါတယ်။ (ဒါကြောင့်ပဲစုစည်းကျစ်လျစ်မှုကို ထိပါးစေနိုင်တဲ့ အလုပ်ဖြစ်တဲ့ အဖွဲ့အစည်းကို လျင်မြန်စွာ ချဲ့ထွင်ခြင်း သို့မဟုတ် အဖွဲ့ဝင်တွေ လျင်မြန်စွာ စုဆောင်းခြင်း၊ လက်ခံခြင်းဟာ စုစည်းကျစ်လျစ်မှုကို အားနည်းစေနိုင်ပါတယ်။)

အဖွဲ့အစည်းတွေဟာ အင်စတီကျူးရှင်းတွေအဖြစ် ပီပြင်လာဖို့ဆိုရင် စည်းမျဉ်းစည်းကမ်းတွေနဲ့ ဖွံ့ဖြိုးတိုးတက်မှုဟာ ယှဉ်တွဲပြီး သက်ဝင်လှုပ်ရှားတယ်ဆိုတဲ့သဘောကို သိထားဖို့ဖြစ်ပါတယ်။ ဆိုလိုတာက အင်စတီကျူးရှင်းတစ်ရပ်အဖြစ် ပီပြင်စွာ ဖြစ်ပေါ်လာရေးအတွက် သတ်မှတ်ထားတဲ့ စည်းမျဉ်းတွေကို တိကျစွာ လိုက်နာအကောင်အထည်ဖော်တဲ့အခါ အဖွဲ့အစည်းတစ်ရပ်ဟာ ကျကျနန ဖွံ့ဖြိုးတိုးတက်လာနေမယ်ဆိုတဲ့ သဘောဖြစ်ပါတယ်။ ဒီမိုကရေစီစနစ်ပေါ်ပေါက်ဖြစ်တည်ထွန်းကားရေးအတွက် နိုင်ငံရေးပါတီတွေရဲ့ အင်စတီကျူးရှင်းပြုရေး(institutionalized) အလုပ်ဟာ အင်မတန်မှ အရေးကြီးတဲ့ မရှိမဖြစ်လုပ်ငန်းစဉ်ဖြစ်တာကြောင့် နိုင်ငံတည်ဆောက်ရေးကို ဦးစီးဦးဆောင်ပြုကြဖို့ ရည်ရွယ်ပြီး ဖွဲ့စည်းတည်ထောင်ထားကြတဲ့ နိုင်ငံရေးပါတီတွေအနေနဲ့ ရည်ရွယ်ချက်ထမြောက် အောင်မြင်ရေးအတွက် အလွယ်လမ်းလိုက်မနေကြဘဲ စနစ်တကျနဲ့ လုပ်သင့်လုပ်ထိုက်တာတွေကို လုပ်မိကြမှသာ၊ ပါတီနဲ့တူတဲ့ ပါတီတွေဖြစ်လာအောင် တည်ဆောက်နိုင်ကြမှသာ အားလုံးအတွက် ကောင်းကျိုးဖြစ်ထွန်းနိုင်မှာဖြစ်ကြောင်း သတိပေးတိုက်တွန်းတင်ပြလိုရင်းဖြစ်ပါတယ်။ ။

**reference; Political Order in Changing Societies, Samuel P. Huntington,Yale University**

# ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲနဲ့ ထောက်ခံနေတာ ဒါဆိုရင် ပါတီနိုင်ငံရေးဖြစ်သွားပြီ။ နိုင်ငံ့ဝန်ထမ်းက ပါတီနိုင်ငံရေး မလုပ်ရဘူး။ အမျိုးသားနိုင်ငံရေးတော့ လုပ်ရမယ်၊ နိုင်ငံ့ဝန်ထမ်းရဲ့ သဘောသဘာဝကို နားလည်ရမယ်။ နိုင်ငံတော်အတွက် လုပ်နေတာပါ

**လတ်တလောဖြစ်ပွားနေသည့် Civil Disobedience Movement (CDM) လှုပ်ရှားမှုနှင့် အကြမ်းဖက်ဆန္ဒပြမှုများအပေါ် တာဝန်သိ နိုင်ငံ့ဝန်ထမ်း ပြည်သူတစ်ဦးဖြစ်သော ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာနမှ ဒုတိယဦးစီးမှူး ဦးဇော်မျိုးဝင်းအား ၎င်း၏ အမြင်နှင့် ခံစားချက်များကို မေးမြန်းပြီး ဖော်ပြလိုက်ပါသည် –**

**ကောင်းကင်**

(ယမန်နေ့မှ အဆက်)

**မေး။** ။နိုင်ငံ့ဝန်ထမ်း တစ်ယောက်အနေနဲ့ နိုင်ငံရေးအပေါ် ဆရာရဲ့အမြင်ကို ပြောပြပေးပါဦး။

**ဖြေ။** ။နိုင်ငံ့ဝန်ထမ်းတွေအနေနဲ့ ဗဟိုဝန်ထမ်း တက္ကသိုလ်တွေ တက်တဲ့အခါ ဘာသာရပ် ရှစ်ခု သင်ရပါတယ်။ အဲဒီအထဲမှာ နိုင်ငံရေးသိပ္ပံဘာသာရပ်ကို သင်ခဲ့ရပါတယ်။ ဒီဘာသာရပ်က နိုင်ငံရေးသဘောတရားကို ကွဲကွဲပြားပြား နားလည်အောင်လို့ သင်တာဖြစ်တယ်လို့ နားလည်ရမှာဖြစ်ပါတယ်။ နိုင်ငံရေးသဘောတရား၊ နိုင်ငံရေးဆိုတာ ဘာလဲ၊ နိုင်ငံရေးကို မသိဘဲ နိုင်ငံရေးလုပ်လို့ မရပါဘူး။ ကျွန်တော်လည်း တက်ခဲ့ရပါတယ်။

နိုင်ငံရေးအစ လူသားကပါ။ နိုင်ငံရေးအရ လူတွေကို ကြည့်တဲ့အခါ လူသည် အခြားသော သတ္တဝါများနည်းတူ မြေ၊ ရေ၊ လေ၊ မီး ဟူသည့် ဓာတ်ကြီးလေးပါးတို့၏ လွှမ်းမိုးခြင်းခံရသည်လို့ ဖော်ပြထားပါတယ်။ အဲဒီလူသားတွေဟာ အခြားသတ္တဝါတွေနဲ့ မတူပါဘူး။ ဉာဏ်အမြော်အမြင် ရှိပါတယ်။ ဉာဏ်ရည်ကို ဖြည့်ဆည်းပေးနေရပါမယ်။ ဒါက နိုင်ငံရေးသိပ္ပံမှာ တရားဝင်ကို ဖွင့်ဆိုထားတာပါ။ နိုင်ငံရေးသဘောတရားတွေကိုသိဖို့ အသိပညာတွေ၊ ဗဟုသုတတွေကို ရှာဖွေထားရပါမယ်။ ဘာမှ ရှာဖွေထားတာ မရှိဘဲနဲ့ နိုင်ငံရေးလုပ်လို့မရဘူး။ နိုင်ငံရေးမှာ အပိုင်းတွေ ရှိတယ်။ အသိဉာဏ်ကို အမြဲဆည်းပူးနေရမယ်။ နောက်ထပ်တစ်ခုက နိုင်ငံရေးသဘောသဘာဝက လူ့အဖွဲ့အစည်းရဲ့ ကိစ္စအဝဝကို ဆောင်ရွက်ပေးဖို့အတွက်ပါ။ ဒါက နိုင်ငံရေးသိပ္ပံကို အကြမ်းဖျင်းလေး ပြောပြတာပါ။

နိုင်ငံရေးမှာ အဓိက ပြည်ထောင်စုတိုင်းရင်းသားတွေရဲ့ ခံယူချက်၊ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းတွေကို လေ့လာခြင်းဖြင့် အပြန်အလှန် နားလည်မှု တည်ဆောက်ရမယ်လို့ ပါပါတယ်။ နိုင်ငံရေးလုပ်ပြီဆိုရင် တခြားသော တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှု၊ ဓလေ့ထုံးတမ်းကို ပစ်ပယ်လို့မရတဲ့အတွက် ပြောချင်တာက ဘယ်လိုသဘောလဲဆိုတော့ ငါနဲ့မတူ ငါ့ရန်သူဆိုတဲ့ သဘောတရားမပါဘူး။ နိုင်ငံရေးသိပ္ပံက အဲဒီလိုပါ။

ငါနဲ့မတူ ငါ့ရန်သူဆိုတဲ့ ပုံစံမျိုးနဲ့ သူတို့တွေက လုပ်နေကြတယ်။ ဒါက နိုင်ငံရေးမဟုတ်ဘူး။ လမ်းပေါ်မှာ ဆန္ဒပြနေကြတာတွေက နိုင်ငံရေးမဟုတ်ဘူး။ ဒါက အဖျက်ပါ။ ဖျက်ဆီးတာလို့ ခေါ်ပါတယ်။

နိုင်ငံရေးနားလည်တဲ့သူတွေကို မေးကြည့်ပါ။ နိုင်ငံရေး နားလည်တဲ့သူတွေက ငြိမ်နေပါတယ်။ တကယ့် နိုင်ငံရေးသမားဟောင်းတွေ၊ ထောင်ထဲမှာ ခဲပုပ်ရေသောက် သမံတလင်းမှာအိပ်ပြီး အသက်ဆက်ခဲ့ရတဲ့သူတွေက မပါချင်တော့ဘူး။

ထောက်ခံတဲ့သူက ထောက်ခံသလို ကျွန်တော်တို့လို ကန့်ကွက်တဲ့သူကလည်း ကန့်ကွက်ပါတယ်။ ဒါက နိုင်ငံရေးသဘောတရားပါ။ သူ့ရဲ့အမြင် ကိုယ့်ရဲ့အမြင်ဆိုတာ လက်ခံရမယ်။ ဒါမှ နိုင်ငံရေးသမားခေါ်တာပါ။ လမ်းပေါ်တက်တာက နိုင်ငံရေးသမားမဟုတ်ပါဘူး။ ဒေါ်အောင်ဆန်းစုကြည် လက်ထက်က နိုင်ငံရေးသမားမှန်ရင် ထောင်ကျဖူးရမယ်တဲ့။ ထောင်ကျဖူးမှသာလျှင် နိုင်ငံရေးသမား၊ ဒါကို



**ဆရာဝန်တွေလည်း ဒီအတိုင်းပဲ ပေးဆပ်မှုတွေ အများကြီးရှိခဲ့ပြီးမှ သူတို့လည်း ဆရာဝန်ဖြစ်ခဲ့တာပါ။ ကိုယ့်ရဲ့ပေးဆပ်မှု၊ ဘဝဖြတ်သန်းမှုကို ကိုယ်မေ့နေပြီလား။ မေ့ကုန်ပြီလား။ ဒါလည်း ကျွန်တော် မစဉ်းစားတတ်အောင် ဖြစ်ရပါတယ်။ ဘာမှ ကိုယ့်အတွက်လည်း အကျိုးမရှိဘူး။ နိုင်ငံတော်အတွက်လည်း အကျိုးမရှိဘူး။ ဟုတ်တယ် စွန့်လွှတ်မယ်၊ ကျွန်တော်တို့ စွန့်လွှတ်ပြီး CDM ထဲကို သွားမယ်။ ပြည်သူ့အတွက် အကျိုးရှိသလား။ နိုင်ငံတော် ကောင်းစားမလား။ တိုင်းပြည်ဖွံ့ဖြိုးတိုးတက်သွားမလား။**

ကျွန်တော် မေးချင်တာက ဒေါ်အောင်ဆန်းစုကြည်အဖေ ဗိုလ်ချုပ်အောင်ဆန်း ထောင်မပြောနဲ့ အချုပ်ကျဖူးသလား၊ သမိုင်းထဲမှာ ရှာကြည့်ပါ၊ ဗိုလ်ချုပ်အောင်ဆန်း ထောင်ကျဖူးတာလည်း မရှိဘူး၊ အချုပ်ကျဖူးတာလည်း မရှိဘူး၊ သူလည်း နိုင်ငံရေးသမားပဲလေ။ ဒါကို အယူလွဲနေတာရှိတယ်။ သမ္မတဦးသိန်းစိန် လက်ထက်မှာဆိုရင် ငါးနှစ်လုံး မြို့တော်ခန်းမရှေ့ ဗန္ဓုလပန်းခြံမှာ မိကျောင်းကန်သပိတ် တစ်ရက်မှ မပျက်ဘူး။ ငါးနှစ်လုံး တောက်လျှောက်မှာ တစ်ရက်မှ ဆန္ဒပြတာ မပျက်ခဲ့ဘူး။ အဲဒီပြတဲ့အဖွဲ့က ဟိုဘက် လက်ပံတောင်းတောင်မှာလည်း သွားပြတယ်။ ပြီးရင် မြေနီကုန်းမှာလည်း ရှိတယ်၊ လှည်းတန်းမှာလည်း ရှိတယ်၊ မြို့တော်ခန်းမမှာလည်းရှိတယ်၊ တောက် လျှောက်တွေ ပြနေခဲ့တာပါ။အဲဒါမှ ဒီမိုကရေစီခေါ်တယ်။ ဒေါ်အောင်ဆန်းစုကြည်ရဲ့ လက်ထက်မှာ ဒီမိုကရေစီရဲ့အရသာ၊ အမြင်တစ်ခုမှ မတွေ့ခဲ့ဘူး။ ဦးသိန်းစိန်လက်ထက်မှာ လွှတ်ပေးခဲ့တယ်။

မိကျောင်းကန်သပိတ်ဆိုရင် ဒေါ်အောင်ဆန်းစုကြည်တက်မှ ၂၀၁၆ ခုနှစ် ၅ လပိုင်းကျမှ တစ်ကြိမ်တည်း ဖြိုခွဲလိုက်တယ်။ လုံးဝပျောက်သွားတယ်။ ဦးသိန်းစိန်လက်ထက်မှာ ဒီမိုကရေစီ သဘောတရားအရ ငါနဲ့မတူ ငါ့ရန်သူ မလုပ်ခဲ့ဘူး။ ပြည်သူတွေဖြစ်ချင်တဲ့အတိုင်း လုပ်ခွင့်ပေးထားတယ်။ အကန့်အသတ်နဲ့ပေါ့။ အနှစ်ချုပ်ပြောရရင် မတူကွဲပြားမှုတွေ ဒီမိုကရေစီမှာ ရှိတယ်၊ ဒါမှ နိုင်ငံရေးပါ။ နိုင်ငံရေးရဲ့ သဘောသဘာဝကို နားမလည်ဘဲနဲ့ နိုင်ငံရေးစင်ပေါ်တက်လို့ မရပါဘူး။ ဒါက နိုင်ငံရေးသိပ္ပံထဲမှာ ဖော်ပြထားတာကို ကျွန်တော် ပြောပြပေးတာပါ။

**မေး။** ။ဒီမိုကရေစီဆိုတာကို ပြည်သူတစ်ဦးရဲ့ အမြင်ကို ပြောပြပေးပါဦး။

**ဖြေ။** ။ဒီမိုကရေစီရဲ့ သဘောသဘာဝကို ပြောပြရရင် ဒီမိုကရေစီဆိုတာ ပြည်သူက ရွေးချယ်တင်မြှောက်လိုက်တဲ့ အစိုးရက ဒီမိုကရေစီလား၊ မဟုတ်သေးပါဘူး။ ပြည်သူ့ဆန္ဒဆိုတာမှာ အများဆန္ဒနဲ့အတူ လူနည်းစုဆန္ဒကိုလည်း ဦးစားပေးရမှာပါ။ ဒါက ဒီမိုကရေစီပါ။ ဒီမိုကရေစီမှာလည်း ပြည်သူ့ဆန္ဒနဲ့အညီ တက်လာတဲ့ အစိုးရမှာတင် ရပ်မနေပါနဲ့၊ ဒီအစိုးရကနေ ဖော်ဆောင်ပေးလိုက်တဲ့ အမိန့်တွေ၊ ညွှန်ကြားချက်တွေက ပြည်သူ့ဆန္ဒနဲ့အညီ ဖြစ်ရမယ်။ သူက အဲဒီလို လာတာပါ။

ဟုတ်ပြီ၊ ပြည်သူ့ဆန္ဒနဲ့အညီ တင်ပေးလိုက်ပြီ။ အဲဒီအစိုးရက ပြည်သူ့ဆန္ဒကို မလိုက်လျောဘူး၊ ပြည်သူ့ဆန္ဒကို မျက်ကွယ်ပြုတယ်၊ သက်ဦးဆံပိုင်ဘုရင်စနစ်က ဘုရင့်အမိန့်လို တစ်ဦးတည်းရဲ့ ဆုံးဖြတ်ချက်နဲ့ သွားတယ်။ ဒါက တစ်ပါတီစနစ်နဲ့ သွားတာပါ။ ဒါဆို ဒီမိုကရေစီ မကျတော့ပါဘူး။ ပြည်သူက ရွေးချယ်တာဖြစ်ဖြစ်၊ ဘယ်သူက ရွေးချယ်တာဖြစ်ဖြစ် အုပ်ချုပ်တဲ့အစိုးရက ဒီမိုကရေစီဆန်ရမယ်။ ဒါက ဒီမိုကရေစီ ပြည်သူက ရွေးချယ်တင်မြှောက်လိုက်တဲ့ အစိုးရဆိုပြီး အဲဒီမှာ ရပ်နေလို့ မရပါဘူး။ အဲဒီအစိုးရကနေပြီး အကောင်အထည်ဖော်တဲ့ လုပ်ငန်းဆောင်တာတွေမှာ ပြည်သူ့အသံကို နားထောင်ရမယ်။ ပြည်သူ့အရေးကို အကောင်အထည်ဖော်ပေးရတယ်။ ဒီမိုကရေစီအစိုးရဆိုတာ ဒါမျိုးကို ခေါ်တာပါ။

နိုင်ငံရေးသိပ္ပံသင်ခဲ့တဲ့ နိုင်ငံ့ဝန်ထမ်းတွေက နိုင်ငံရေးရဲ့ သဘောသဘာဝတွေကို နားမလည်ဘူး။ နားမလည်ဘဲ CDM ကို လုပ်ကြတယ်ဆိုတာက နိုင်ငံ့ဝန်ထမ်း သိက္ခာကျပါတယ်။ ပြောရရင် လူပြိန်းတွေပါ။ ဘာမှ အတွေးအမြင်မရှိဘူး။ ပြီးတော့ သံပုံးတွေတီးကြတယ်။ အဲဒါဆို ကျွန်တော်က ပြောချင်တယ်။ ဗိုလ်ချုပ်အောင်ဆန်း လက်ထက်က အင်္ဂလိပ်ကို တိုက်ဖို့ ဂျပန်မှာသွားပြီး စစ်ပညာသင်ရတယ်။ အဲဒါဆိုရင် လွတ်လပ်ရေးရဖို့အတွက်ကို စစ်ပညာသွားသင်ပြီးမှ တိုက်ခဲ့ရတာ။ ဒါဆိုရင် ဒီမှာက သံပုံးတီးပြီး တိုက်နေကြတာ ဗိုလ်ချုပ်လည်း သံပုံး၊ သံချောင်းတီးပြီး တိုက်မှာပါ။ မတူဘူး၊ အများကြီး ကွဲလွဲနေပါတယ်။

နိုင်ငံရေးကို ထဲထဲဝင်ဝင် မသိဘူးလို့ပဲ ကျွန်တော် ပြောမယ်။ နိုင်ငံရေးထဲထဲဝင်ဝင် မသိဘဲ အခုလမ်းပေါ်တွေ တက်ကြတယ်။ နိုင်ငံရေး သဘောတရားလည်း နားမလည်ဘူး။ လူ့အခွင့်အရေးအရ ဒါသူတို့က ကြည့်မယ်ဆိုရင် လက်နက်တွေနဲ့ မတရားပစ်ခတ်တယ်။ ပြည်သူတွေ ထိလာတယ်ဆိုတော့ လူ့အခွင့်အရေးချိုးဖောက်တယ်ဆိုပြီး ပြောတယ်။ ဒါဆို ကျွန်တော်ပြောချင်တာက လူ့အခွင့်အရေး (Human Rights)၊ အဲဒီမှာက သူက တစ်ကန့်စီသွားတာ။ လူ့အခွင့်အရေး လူဆိုတာ လူနဲ့တူမှသာလျှင် အခွင့်အရေးရမယ်။ လူနဲ့မတူဘဲနဲ့ အခွင့်အရေးမရဘူး။ လူဆိုတဲ့နေရာမှာ ခုနက ကျွန်တော်ပြောခဲ့တဲ့ နိယာမတွေရှိပါတယ်။ လူမှာလည်း သူ့စည်းကမ်းနဲ့သူ ရှိပြီးသားဖြစ်ပါတယ်။

စည်းကမ်းသည် ဥပဒေပါ။ ဥပဒေနဲ့ စည်းကမ်းက အတူတူပါ။ ဒါကို နားလည်ရမယ်။ ကိုယ့်မှာ သတ်မှတ်ထားတဲ့ ဥပဒေ၊ စည်းကမ်းတွေကို လိုက်နာမှ လူလို့ခေါ်တယ်။ လူတစ်ယောက်က မေတ္တာ၊ ကရုဏာ၊ မုဒိတာ၊ ဥပေက္ခာ ဆိုတဲ့ ဗြဟ္မစိုရ်တရားလေးပါးနဲ့ ညီရမယ်၊ နေထိုင်ရမယ်။ သူတစ်ပါးကို ယုတ်မာကောက်ကျစ်တာတွေလည်း မရှိရဘူး။ သတ်ဖြတ် ညှဉ်းဆဲမှုတွေလည်း မရှိရပါဘူး။ ဒါက မြတ်စွာဘုရား ဟောထားတာနဲ့အညီ နေထိုင်နိုင်ရင် အကောင်းဆုံးပါ။

ဒါက ဆန္ဒပြနေတဲ့ လူငယ်တွေကို သိစေချင်လို့ပါ။ သူတို့တွေက နိုင်ငံရေးရဲ့ သဘောသဘာဝကို နားမလည်ဘူး။ ပြီးတော့ ဥပဒေရဲ့ သဘောတရားတွေကိုလည်း နားမလည်ဘူး။ နိုင်ငံရေးမှာ လူ့အခွင့်အရေးရှိရမယ်။ နိုင်ငံရေး သဘောသဘာဝကို နားလည်ရမယ်။ ဒီမိုကရေစီအကြောင်းကိုလည်း နားလည်ရမယ်။ ပြီးတော့ ဥပဒေကိုလည်း နားလည်ရမယ်။ ဥပဒေရဲ့ သဘောသဘာဝကို နားလည်ရင် ဥပဒေဘောင်ထဲမှာ နေရမယ်။

အဲဒီမှာ ခံခဲ့ရတဲ့သူတွေက ဘယ်သူတွေ ခံရသလဲဆိုတော့ ကျွန်တော်တို့တွေခံခဲ့ရတာပါ။ ကျွန်တော်တို့ ဘုမသိ၊ ဘမသိ၊ ဒီမိုကရေစီဆိုတာလည်း ဘာမှန်းမသိ။ လူ့အခွင့်အရေးဆိုတာလည်း ဘာမှန်းမသိဘဲ ကျွန်တော်တို့ ဒို့အရေးအော်ခဲ့ကြတာ။ အခုလူငယ်တွေလည်း ဂျန်နရေးရှင်းဇက်တွေလည်း အခု အဲဒီလိုပဲ အော်တယ်။ အသုံးချခံတွေ သူတို့ ဖြစ်နေတယ်။ ကျွန်တော့်အနေနဲ့ ပြောချင်တာ လူ့အခွင့်အရေးရဲ့ သဘောသဘာဝကို နားလည်ပေးပါ။ အခုလက်ရှိ ရှိနေတဲ့ နိုင်ငံ့ဝန်ထမ်းတွေ၊ ပြည်သူတွေ၊ ဂျန်နရေးရှင်းဇက်တွေကလည်း ဒီမိုကရေစီဆိုတာ ဘာလဲဆိုတာကို လေ့လာပါ။

စာမျက်နှာ ၂၃ သို့ ○

# မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှုမြှင့်တင်ခြင်းစီမံကိန်းကို သက်တမ်းတိုးကာလ တစ်နှစ်အတွင်း အပြီးဆောင်ရွက်မည်

**နေပြည်တော် မတ် ၂၅**

မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှု မြှင့်တင်ခြင်းစီမံကိန်း FARM project ၏ အမျိုးသားအဆင့် စီမံကိန်းဦးဆောင်ကော်မတီ (NPSC) ဒုတိယအကြိမ် အစည်းအဝေးကို ယနေ့နံနက်ပိုင်းက စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စု ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

အစည်းအဝေးသို့ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီး၊ အမြဲတမ်းအတွင်းဝန်နှင့် ဦးစီးဌာနများမှ စီမံကိန်းတာဝန်ရှိသူများ တက်ရောက်ဆွေးနွေးကြသည်။

ယနေ့ကျင်းပသည့် အမျိုးသားအဆင့် စီမံကိန်း ဦးဆောင်ကော်မတီ (NPSC) ဒုတိယအကြိမ် အစည်းအဝေးတွင် သက်တမ်းတိုးစီမံကိန်းကာလ တစ်နှစ်အတွင်းဆောင်ရွက်ရန် ကျန်ရှိသည့်လုပ်ငန်းများကို သတ်မှတ်ကာလအတွင်း အောင်မြင်အောင် အကောင်အထည်ဖော်နိုင်ရန်၊ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများကို ချေးငွေသဘောတူစာချုပ်ပါ စည်းကမ်းချက်များနှင့်အညီ ဆက်လက်ဆောင်ရွက်ရန်၊ ရေးဆွဲအတည်ပြုထားသော နှစ်စဉ်လုပ်ငန်းစီမံချက်များအား လျင်မြန်သွက်လက်စွာ ဆောင်ရွက်ရန်နှင့် စီမံကိန်းပူးပေါင်းဆောင်ရွက်ရေးယူနစ် (PCU) အတွက် ပြည်တွင်းကျွမ်းကျင်ပညာရှင် ငှားရမ်းရေးလုပ်ငန်းများနှင့်စပ်လျဉ်း၍ ဆွေးနွေးဆောင်ရွက်ခဲ့ကြသည်။



မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားမှု မြှင့်တင်ခြင်း စီမံကိန်း (Fostering Agricultural Revitalization in Myanmar– FARM Project) ကို အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ငွေကြေးရန်ပုံငွေအဖွဲ့ (International Fund for Agriculture Development–IFAD)ထံမှ ချေးငွေ အမေရိကန်ဒေါ်လာ ၁၆ ဒသမ ၆၆၀ သန်းနှင့် ထောက်ပံ့ငွေ အမေရိကန်ဒေါ်လာ သုည ဒသမ ၆၆၉ သန်းဖြင့် ၂၀၁၄ ခုနှစ်မှ ၂၀၂၀ ပြည့်နှစ် ဒီဇင်ဘာလ အထိ စီမံကိန်းကာလ ခြောက်နှစ် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သော်လည်း ကိုဗစ်–၁၉ ကမ္ဘာ့ကပ်ရောဂါကြောင့် စီမံကိန်းလုပ်ငန်းများ နှောင့်နှေးမှုဖြစ်ပေါ်ခဲ့၍ စီမံကိန်း ကာလ တစ်နှစ် ထပ်မံတိုးမြှင့်ဆောင်ရွက်ရန် ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးအမှတ်စဉ် (၁၉/၂၀၂၀) မှ ခွင့်ပြုချက်ရရှိခဲ့ပြီး အပြည်ပြည်ဆိုင်ရာ စိုက်ပျိုးရေးဖွံ့ဖြိုးတိုးတက်မှု ငွေကြေးရန်ပုံငွေအဖွဲ့ IFAD နှင့်လည်း သဘောတူညီမှု ရရှိပြီးဖြစ်သည်။

မြန်မာ့စိုက်ပျိုးရေးကဏ္ဍ ရှင်သန်နိုးကြားရေး စီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ချက်များ အရ ယနေ့အထိ စိုက်ပျိုးရေးအခြေခံအဆောက်အအုံ ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွင် စနစ်ကျ လယ်ယာမြေ ဖော်ဆောင်ခြင်း ၃၀၅၀ ဒသမ ၆၄ ဧက၊ ရေသွင်း မြောင်း ဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၃၉၈၉၀၊ ရေနုတ် မြောင်း ဖွံ့ဖြိုးရေးလုပ်ငန်းပေါင်း ၁၆၈၅၀၀ ကို ဖော်ထုတ်ဆောင်ရွက်နိုင်ခဲ့ပြီး စိုက်ပျိုးရေ အကျိုးရှိစွာ သုံးစွဲနိုင်ရန် ရေအသုံးချသူများအဖွဲ့ ၁၂၃ ဖွဲ့ကို ဖွဲ့စည်းဆောင်ရွက်နိုင်ခဲ့သည်။ အသိပညာဖွံ့ဖြိုးတိုး တက်ရန် ရင်းနှီးမြှုပ်နှံရေးကဏ္ဍတွင် စိုက်ပျိုးစီးပွား အသိပညာပေးစင်တာ (KC) ၅၉ ခု၊ စံပြကွက် ၁၅၈၉ ခု၊ သင်တန်းပေးဆောင်ရွက်မှု ၁၂၈၃၈ ကြိမ်၊ တောင်သူကွင်းသင်တန်းကျောင်း (FFS) ဖွင့်လှစ်နိုင်မှု ၅၉ ကြိမ်၊ အပင်ဆေးခန်း (Plant Clinic) ဖွင့်လှစ် နိုင်မှုပေါင်း ၂၈ ကြိမ်ကို ဆောင်ရွက်ပြီးစီးခဲ့သည်။ အလားတူ ငွေကြေးဆိုင်ရာဖွံ့ဖြိုးတိုးတက်မှုကဏ္ဍ တွင် RBF ထောက်ပံ့ကြေးရရှိပြီး တောင်သူ CIG အဖွဲ့ ၃၄၅ ဖွဲ့၊ RBF ထောက်ပံ့ကြေးရရှိပြီး မြေယာမဲ့ CIG အဖွဲ့ ၄၃၃ ဖွဲ့ကိုလည်းကောင်း ဖွဲ့စည်းဆောင် ရွက်နိုင်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မန္တလေး- ဗန်းမော် သင်္ဘောခရီးစဉ် ပုံမှန်ပြန်လည်ပြေးဆွဲ

**မန္တလေး မတ် ၂၅**

ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်တွင်းရေကြောင်းပို့ဆောင်ရေးဌာန၏ စီစဉ်ကြီးကြပ်မှုဖြင့် ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ဧရာဝတီဌာနခွဲ)၏ ခရီးစဉ်တစ်ခုဖြစ်သည့် မန္တလေး–ဗန်းမော် သင်္ဘော ခရီးစဉ်ကို ပုံမှန်ပြန်လည်ပြေးဆွဲလျက်ရှိရာ ယမန်နေ့ နံနက် ၆ နာရီတွင် မန္တလေးဂေါဝိန်ဆိပ်ကမ်းမှ ထွက်ခွာခဲ့သည်။



အဆိုပါ မန္တလေး– ဗန်းမော် သင်္ဘောခရီးစဉ်ကို ပြည်တွင်းရေကြောင်းပို့ဆောင်ရေး(ဧရာဝတီ ဌာနခွဲ)ရှိ ခရီးသည်နှင့် ကုန်စည်တင်ဆောင်နိုင်သည့် နှစ်ထပ်သင်္ဘောရေယာဉ်များဖြင့် ပြေးဆွဲလျက်ရှိရာ ယနေ့တွင် ပြဒါးပျံအမည်ရှိ သင်္ဘောဖြင့် ခရီးသည် ၁၀ ဦး ကုန်ချိန် ၅၃ တန်တင်ဆောင်၍ မန္တလေးဂေါဝိန် ဆိပ်ကမ်းမှ ထွက်ခွာသွားခြင်းဖြစ်ပြီး လမ်းခရီးတွင် ကျောက်မြောင်း၊ တကောင်း၊ ထီးချိုင့်၊ ကသာနှင့် ရွှေကူမြို့ ဆိပ်ကမ်းများသို့ ဆိုက်ကပ်ကာ ခရီးသည်နှင့် ကုန်စည်များအား သယ်ယူပို့ဆောင်ပေးသွားမည်ဖြစ်သည်။

မန္တလေး–ဗန်းမော် သင်္ဘောခရီးစဉ်ကို အပတ်စဉ် တစ်ပတ်လျှင် နှစ်ကြိမ် တနင်္လာနေ့နှင့် ကြာသပတေး နေ့တွင် ပုံမှန်ပြန်လည်ပြေးဆွဲသွားမည်ဖြစ်ပြီး လိုက်ပါစီးနင်းလိုသည့် ခရီးသည်နှင့် ကုန်တင်ပို့လိုသူများ အနေဖြင့် ဧရာဝတီဌာနခွဲ ဖုန်း ၀၂–၄၀၃၆၀၃၅ နှင့် ဆိပ်ကမ်းမှူး ဖုန်း ၀၉–၄၄၄၆၅၃၁၃၁ တို့သို့ ဆက်သွယ် ဆောင်ရွက်နိုင်ကြောင်း အဆိုပါဌာနခွဲမှ သိရသည်။

**သတင်းစဉ်**

❍ စာမျက်နှာ ၂၂ မှ

**မေး။** ။ရုံးမတက်နဲ့ ရုန်းထွက်ဆိုတဲ့ တောင်းဆိုနေမှုအပေါ် ဆရာရဲ့ သဘောထားကို ပြောပြပါဦး။

**ဖြေ။** ။ရုံးမတက်နဲ့ ရုန်းထွက် သူတို့တောင်းဆိုကြတယ်။ ရုံးမတက်နဲ့ ရုန်းထွက်ဆိုရင် ရုံးမတက်ဘူး။ ကျွန်တော့်မိသားစုကို ဘယ်သူ ထမင်းလာကျွေးမလဲ၊ ကျွန်တော်ရုန်းထွက်လိုက်ပြီ ဘယ်မှာသွားနေမလဲ။ အခုကျွန်တော် နိုင်ငံတော် ကပေးတဲ့ ဝန်ထမ်းအိမ်ရာမှာ နေတယ်။ နိုင်ငံတော် ကပေးတဲ့ လစာကို စားတယ်။ CDM လုပ်ရင် ကျွန်တော့်ကို ဘယ်သူက လစာလာပေးမှာလဲ။ ကျွန်တော့်တစ်ဘဝလုံး၊ ကျွန်တော့်နောင်ရေး၊ သားသမီးတွေနောင်ရေး ဘယ်သူက ထောက်ပံ့ပေး မှာလဲ။ လေလှိုင်းပေါ်ကနေ ထောက်ပံ့ပေးမယ် ဘာညာလာမလုပ်နဲ့လေ။

အဲဒီလိုမဟုတ်ဘဲ ရုံးမတက်နဲ့ ရုန်းထွက်ကြီးကို လေလှိုင်းပေါ်ကနေ အနာဂတ်တွေ၊ သားသမီးအနာ ဂတ်ကြည့် ဘာညာတွေ လျှောက်အော်ပြီး ကျွန်တော် တို့ကတော့ ခုနပြောသလို နိုင်ငံရေးကို ငယ်ငယ် ကတည်းက လေ့လာခဲ့တဲ့သူ၊ ကြုံတွေ့ခဲ့ရတဲ့သူဆို တော့ ဒါကို ကျွန်တော်က ဆင်ခြင်သုံးသပ်နိုင်စွမ်းရှိ တာလေ။ နိုင်ငံရေးကို ပါချင်တယ်။ နိုင်ငံရေးစကား ပြောချင်တယ်ဆိုရင် နိုင်ငံရေးရဲ့ သဘောသဘာဝမှာ နိုင်ငံရေးသိပ္ပံမှာ သင်ထားတာက နိုင်ငံရေး အမြော်အမြင်ရှိရမယ်။ နိုင်ငံရေးဗဟုသုတတွေကို သုံးသပ်ထားရမယ်။ ထည့်သွင်းလေ့လာထားရမယ်။ အဲဒါမှ နိုင်ငံရေးစကားပြောလို့ရမှာ၊ နိုင်ငံရေးလို့လည်း ခေါ်တာ။ သူတို့လုပ်နေတာ ဒါ နိုင်ငံရေးမဟုတ်ဘူး။ ကျွန်တော်တို့ ဝန်ထမ်းတစ်ယောက်အနေနဲ့ ဘယ်လို မှ ပါဝင်နိုင်လို့ မရပါဘူး။ ဒီအတွက် ကျွန်တော်တို့ မပါဝင်ဘူး။ နိုင်ငံ့ဝန်ထမ်းတစ်ယောက်ဖြစ်ဖို့ မလွယ် ဘူး၊ ကျွန်တော့်ဖြတ်သန်းမှုကို ပြောတာ။ ကျွန်တော် နိုင်ငံ့ဝန်ထမ်းအဖြစ် GTI ကျောင်းဆင်းတာနဲ့ လုပ်ငန်းခွင်ထဲ ဝင်တယ်။ လုပ်အားပေးကို တစ်နှစ်ခွဲ လောက် လုပ်ရတယ်။ လစာမဲ့။ သူများတကာတွေ လစာရတယ်။ လစာထုတ်တယ်။ ကိုယ်တွေ လစာ မထုတ်ရဘူး။ လစာတစ်ပြားမှ မရဘူး။ ကိုယ်က လုပ်အားပေးပဲ ရှိတာကို။ စေတနာကြေးအနေနဲ့ အထက်က အရာရှိတွေ ပေးတာရှိတယ်။ သူတို့က လည်း ပေးချင်တဲ့အခါပေးတာလေ။ ပုံသေမရှိဘူး။ ကိုယ့်ထမင်းချိုင့်နဲ့ ကိုယ်ဆွဲပြီး ကိုယ့်လမ်းစရိတ်နဲ့ ကိုယ် အလုပ်သွားဆင်းတယ်။ တစ်နှစ်ခွဲဆင်းပြီး တော့မှ နေ့စားရတယ်။ နေ့စားကို နှစ်နှစ်၊ သုံးနှစ် လောက်ကြာသွားတယ်။ ရင်းနှီးပေးဆပ်မှုတွေ အများကြီး။ Permanent မဟုတ်သေးဘူး။

ပညာတတ်တစ်ယောက်က လုပ်အားပေးနဲ့ လုပ်ရပြီဆိုကတည်းက စဉ်းစားကြည့်၊ ကိုယ့်ရဲ့ အထက်က လူတွေက Permanent တွေ။ ကိုယ့် လောက်တောင် ပညာအရည်အချင်း မရှိဘူး။ သူတို့ရဲ့ ခိုင်းစေချက်ကို ကိုယ်က လုပ်ရပြီ။ အနှိမ်မခံရဘူး လား။ အနှိမ်ခံရပြီနော်။ ဒါက ကျွန်တော်တို့ ဌာန တင်မဟုတ်ဘူး။ ဝန်ကြီးဌာနအသီးသီးမှာ အကုန်လုံး ဒီအတိုင်းပါပဲ။ ဘယ်လောက်ပဲ ဘွဲ့ရလာလာ၊ ဝန်ထမ်းမဟုတ်တော့ အနှိမ်ခံရတာပါပဲ။ လုပ်အား ပေးနဲ့ လုပ်၊ လူကြီးသနားလို့ တင်ပေးလိုက်မှ နေ့စား ဖြစ်၊ လူကြီးသနားတဲ့အခါကျမှ တင်ပေးလိုက်မှ Permanent ဖြစ်။ အဲဒီလိုတွေ ရှိပါတယ်။

**နိုင်ငံ့ဝန်ထမ်းဖြစ်ဖို့အတွက်ကို ကျွန်တော်တို့ အများကြီး ပေးဆပ်ခဲ့ရတာပါ။ အများကြီး ပေးဆပ်ပြီးမှ ကျွန်တော်တို့ နိုင်ငံ့ဝန်ထမ်း၊ အမြဲတမ်းဝန်ထမ်း ဆိုတာ ဖြစ်လာခဲ့ရတာပါ။ ဒါကို ကျွန်တော်တို့က လွယ်လွယ်ကူကူနဲ့ ထွက်ခွာလို့ရမလား။ ဒါကို စွန့် လွှတ်ပြီးတော့ သွားမယ်၊ ဆန္ဒပြတဲ့ CDM လှုပ်ရှား မှုထဲမှာပါမယ်ဆိုရင် ဒါဖြစ်မလား။ ဘာမှ အာမခံ ချက်မရှိတဲ့ CDM လှုပ်ရှားမှုထဲမှာ ကျွန်တော်တို့ ပေးဆပ်ရမလား။**

ဆရာဝန်တွေလည်း ဒီအတိုင်းပဲ ပေးဆပ်မှုတွေ အများကြီးရှိခဲ့ပြီးမှ သူတို့လည်း ဆရာဝန်ဖြစ်ခဲ့ တာပါ။ ကိုယ့်ရဲ့ပေးဆပ်မှု၊ ဘဝဖြတ်သန်းမှုကို ကိုယ် မေ့နေပြီလား။ မေ့ကုန်ပြီလား။ ဒါလည်း ကျွန်တော် မစဉ်းစားတတ်အောင် ဖြစ်ရပါတယ်။ ဘာမှ ကိုယ့် အတွက်လည်း အကျိုးမရှိဘူး။ နိုင်ငံတော်အတွက် လည်း အကျိုးမရှိဘူး။ ဟုတ်တယ် စွန့်လွှတ်မယ်၊ ကျွန်တော်တို့ စွန့်လွှတ်ပြီး CDM ထဲကို သွားမယ်။ ပြည်သူ့အတွက် အကျိုးရှိသလား။ နိုင်ငံတော် ကောင်းစားမလား။ တိုင်းပြည် ဖွံ့ဖြိုးတိုးတက်သွား မလား။

(ဆက်လက်ဖော်ပြပါမည်)

■

# ၂၃-၃-၂၀၂၁ ရက်နေ့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ သတင်းထုတ်ပြန်ရေးအဖွဲ့နှင့် သတင်းမီဒီယာများပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲမှတ်တမ်း

နေပြည်တော် မတ် ၂၅

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့၏ ၃/၂၀၂၁ ကြိမ်မြောက် သတင်းစာရှင်းလင်းပွဲကို မတ် ၂၃ ရက် မွန်းလွဲပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန၌ ကျင်းပပြုလုပ်ပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်မှူးချုပ် ဇော်မင်းထွန်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးနှင့် ဌာနဆိုင်ရာသတင်းထုတ်ပြန်ရေးအဖွဲ့ ကိုယ်စားလှယ်များက သတင်းမီဒီယာများ၏ သိရှိလိုသည့်မေးမြန်းမှုများကို ပြန်လည်ဖြေကြားသည်။

**ယမန်နေ့မှ အဆက်**

ဆက်လက်၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင် ဦးခင်မောင်ဦးက ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ ဆောင်ရွက်ချက်များနှင့် စပ်လျဉ်းပြီး အပိုင်း ၃ ပိုင်းခွဲ၍ ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း၊ ယင်းတို့မှာ (က) မဲဆန္ဒရှင်စာရင်းများစိစစ်ခြင်းအပိုင်း၊ (ခ) ဆန္ဒမဲလက်မှတ်များ မြေပြင်ကွင်းဆင်းစစ်ဆေးခြင်းအပိုင်းနှင့် (ဂ) မဲမသမာမှုဖြစ်စဉ်များအပါအဝင် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ဖြစ်ပွားခဲ့သည့် ဖြစ်စဉ်များနှင့် စပ်လျဉ်း၍ Video Clips များဖြင့် ရှင်းလင်းတင်ပြခြင်းတို့ဖြစ်ပါကြောင်း ပြောကြားသည်။

**ယခုထက်ပိုမိုများပြားနိုင်**

ရှေးဦးစွာ မဲဆန္ဒရှင်စာရင်းများ စိစစ်ခြင်းအပိုင်းကို တင်ပြမည်ဖြစ်ပါကြောင်း၊ ပြီးခဲ့သည့် သတင်းစာရှင်းလင်းပွဲ အမှတ်စဉ်(၂/၂၀၂၁)တွင်လည်း တပ်မတော်သတင်းမှန် ပြန်ကြားရေးအဖွဲ့က မြို့နယ် ၃၁၅ မြို့နယ်၏ မဲစာရင်း CD၊ PDF များကို အခြေခံ စိစစ်ထုတ်ပြန်ချက်အရ မဲမသမာမှု ဖြစ်နိုင်/ပြုနိုင်သည့် အရေအတွက် ၁၀၄၈၂၁၁၆ ဦး ရာခိုင်နှုန်းအားဖြင့် ၂၈ ဒသမ ၁၇ ရာခိုင်နှုန်းဖြစ်ကြောင်းကို တင်ပြခဲ့ပြီးလည်း ဖြစ်ပါကြောင်း၊ ယခုပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် မြို့နယ်ကော်မရှင်အဖွဲ့ခွဲများက အသုံးပြုခဲ့သည့် နောက်ဆုံးမဲစာရင်း Soft copy များ ရယူစိစစ်ထုတ်ပြန်လျက်ရှိရာ ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၁၆ ရက်မှ မတ် ၂၂ ရက်အထိ ထုတ်ပြန်ပြီးစီးမှုများအရ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ၉ ခုရှိ မြို့နယ်ပေါင်း ၆၆ မြို့နယ်၊ မဲရုံပေါင်း ၈၇၄၉ ရုံကို စိစစ်ခဲ့ရာတွင် မြို့နယ်ကော်မရှင်စာရင်းအရ မဲဆန္ဒရှင် ၉၆၈၁၃၆၉ ဦးဖြစ်သော်လည်း လဝကစာရင်းအရ ၇၀၀၂၃၉၄ ဦးသာရှိကြောင်း၊ ၎င်းတို့အနက် စိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူ ၁၀၉၈၅၆၈ ဦး၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၃ ကြိမ်နှင့်အထက် ပါဝင်နေသူ ၄၀၁၃၇ ဦး၊ နိုင်ငံသားစိစစ်ရေးကတ် တစ်ခုတည်းဖြင့် မဲစာရင်း ၂ ကြိမ်ပါဝင်သူ ၆၂၀၇၄၆ ဦး ဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ စိစစ်တွေ့ရှိချက်များအရ စိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင် ပါဝင်နေသူနှင့် မဲစာရင်းထပ်နေသူ စုစုပေါင်း ၁၇၅၉၄၅၁ ဦးရှိကြောင်း တွေ့ရှိရသဖြင့် ရာခိုင်နှုန်းအားဖြင့် မဲဆန္ဒရှင်၏ ၁၈ ဒသမ ၁၇ ရာခိုင်နှုန်းဖြစ်ကြောင်းကို တွေ့ရှိရပါကြောင်း၊ ယခုစစ်ဆေးမှုသည် တစ်မြို့နယ်ချင်းအလိုက် စစ်ဆေးတွေ့ရှိမှုများသာဖြစ်ပြီး မြို့နယ်တစ်မြို့နယ်နှင့် အခြားတစ်မြို့နယ်၊ တိုင်းဒေသကြီး/ပြည်နယ်တစ်ခုနှင့် အခြားတစ်ခု စစ်ဆေးမှု Cross Check စစ်ဆေးမှုများပါ ပါဝင်ပါက ယခုထက် ပိုမိုများပြားနိုင်ကြောင်း စိစစ်တွေ့ရှိရပါကြောင်း။

ဖော်ပြပါမြို့နယ် ၆၆ မြို့နယ်၏ မဲဆန္ဒရှင်စာရင်းများအပေါ် တပ်မတော်စိစစ်ချက်များနှင့် ကော်မရှင်၏ စိစစ်ချက်များကို နှိုင်းယှဉ်ရာတွင်လည်း အခြေခံမဲဆန္ဒရှင်စာရင်း ကွာခြားချက်အရ ကော်မရှင်၏ စိစစ်တွေ့ရှိမှု အရေအတွက်မှာ ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုး(မှတ်ပုံတင်)မရှိဘဲ မဲစာရင်းတွင်ပါဝင်နေသူ ၄၂၅၈၆ ဦး၊ တစ်ကြိမ်ထက်ပို၍ မဲစာရင်းတွင် ပါဝင်သူ(ထပ်နေသောမဲစာရင်း) ၂၀၇၈၂၇ ဦး ပိုမိုစိစစ်တွေ့ရှိရကြောင်း၊ ဆက်လက်ပြီး ဒုတိယပိုင်းအနေဖြင့် ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် အသုံးပြုခဲ့သော ဆန္ဒမဲလက်မှတ်များကို မြေပြင်ကွင်းဆင်းစစ်ဆေးပြီး ထုတ်ပြန်လျက်ရှိမှု အခြေအနေများကို တင်ပြမည်ဖြစ်ပါကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီ ၂၄ ရက်မှ မတ် ၂၂ ရက်အထိ ပြည်ထောင်စုနယ်မြေ၊ တိုင်းဒေသကြီး/ပြည်နယ်၊ ပြည်ထောင်စုနယ်မြေ ၃ ခုအတွင်းရှိ မြို့နယ်ပေါင်း ၆၀ မြို့နယ်ရှိ မဲရုံပေါင်း ၇၆၄၆ ရုံ၏ ဆန္ဒမဲလက်မှတ်များကို ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့ဝင်များ၊ သက်ဆိုင်ရာ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲအဖွဲ့ဝင်များဖြစ်သည့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကော်မရှင်အဖွဲ့ခွဲအဆင့်ဆင့်ရှိ ဝန်ထမ်းများပါရှိသော ပူးပေါင်းအဖွဲ့ဖြင့် ဖွင့်ဖောက်စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ စစ်ဆေးမှုစာရင်းချုပ်အရ ထုတ်ယူရရှိသည့် မဲလက်မှတ်ပေါင်း ၉၄၁၄၃၃၆၊ အသုံးပြု ၅၉၉၆၅၉၅၊ ကျန်ရမည့်အရေအတွက် ၃၄၁၇၇၄၁ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၃၀၉၁၀၁၃ ဖြစ်ပြီး ကွာခြားချက်အနေဖြင့် ပျောက်ဆုံး ၄၄၆၅၅၃ နှင့် အပို ၁၁၉၈၂၅ ဖြစ်ပေါ်လျက်ရှိသည်ကို တွေ့ရှိရပါကြောင်း။




မဲဆန္ဒရှင် စာရင်းနှင့်မဲလက်မှတ် မြေပြင်စစ်ဆေးခြင်းနှင့်စပ်လျဉ်း၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များကို(ကိုကိုးကျွန်းမြို့နယ်မှအပ) စိစစ်ပြီးဖြစ်၍ ထုတ်နုတ်တင်ပြသွားမည်ဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်များ(ကိုကိုးကျွန်းမြို့နယ်မပါ) ၄၄ မြို့နယ်ရှိ မဲရုံပေါင်း ၅၈၀၇ ရုံ၏ မဲဆန္ဒရှင်စာရင်းများ စိစစ်ချက် စာရင်းချုပ်အရ ယခင်ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ထုတ်ပြန်ခဲ့သည့် မဲဆန္ဒရှင် ၆၁၃၅၅၈၁ ဦး၊ လဝကစာရင်းအရ ၃၉၇၈၉၃၄ ဦးဖြစ်ပြီး မဲဆန္ဒရှင်စာရင်းများတွင် နိုင်ငံသား၊ ဧည့်နိုင်ငံသား၊ နိုင်ငံသားပြုခွင့်ရသူ၊ လက်မှတ်မရှိသူ ၇၄၇၀၉၉ ဦး၊ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် တစ်ခုတည်းဖြင့် မဲစာရင်းတွင် ၃ ကြိမ်နှင့်အထက်ပါသူ ၁၁၀၇၀ ဦး၊ ၂ ကြိမ်ပါဝင်နေသူ ၂၆၉၄၁၂ ဦးဖြစ်သည်ကို တွေ့ရှိရပါကြောင်း၊ တပ်မတော်က ထုတ်ပြန်ခဲ့သော မဲမသမာမှုဖြစ်နိုင်သည့် မဲဆန္ဒရှင်စာရင်းများနှင့် နှိုင်းယှဉ်ပါက ကိုင်ဆောင်လက်မှတ်တစ်မျိုးမျိုးမရှိဘဲ မဲစာရင်းတွင် ပါဝင်သူ ၆၂၀၂ ဦးနှင့် တစ်ကြိမ်ထက်ပို၍ မဲစာရင်းတွင် ပါဝင်သူ ၃၁၈၈၁ ဦး ပိုမိုများပြားနေကြောင်း နှိုင်းယှဉ်တွေ့ရှိရပါကြောင်း၊ ယင်းမြို့နယ် ၄၄ မြို့နယ်၊ မဲရုံပေါင်း ၅၈၀၇ ရုံ၏ ပြည်သူ့လွှတ်တော်ရွေးကောက်ပွဲတွင် အသုံးပြုခဲ့သော ဆန္ဒမဲလက်မှတ်များ ထုတ်ယူ၊ ရရှိ၊ သုံးစွဲ၊ လက်ကျန်အခြေအနေများကို ပူးပေါင်းအဖွဲ့ဖြင့် စစ်ဆေးချက်များအရ စုစုပေါင်း ထုတ်ယူရရှိခဲ့သော ဆန္ဒမဲလက်မှတ် အရေအတွက်မှာ ၆၆၈၇၆၃၈၊ မဲပေးအသုံးပြု ၄၀၈၄၂၈၁ ဖြစ်၍ ကျန်ရမည့်အရေအတွက် ၂၆၀၃၃၅၇ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၂၃၃၆၈၇၀ ဖြစ်ပြီး မဲလက်မှတ်အရေအတွက် ၃၅၇၉၃၇ ပျောက်ဆုံးပြီး ၉၁၄၅၀ စောင်ကို အပိုအဖြစ် စစ်ဆေးတွေ့ရှိရပါကြောင်း။

**သီးခြားသိမ်းဆည်းခဲ့သည်ကို စိစစ်တွေ့ရှိ**

ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့၏ စိစစ်တွေ့ရှိချက်များကို ထုတ်နုတ်တင်ပြလိုပါကြောင်း၊ (က) တာမွေမြို့နယ်တွင် ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူးများလက်ဝယ်တွင် အသုံးမပြုရသေးသည့် ဆန္ဒမဲလက်မှတ် ၂၈၄၉ စောင်နှင့် အသုံးပြုပြီး ဆန္ဒမဲလက်ခံဖြတ်ပိုင်း ၁၅၃ စောင် ကျန်ရှိနေပြီး မဲရုံအသုံးပြုဆန္ဒမဲလက်မှတ်များ ချိပ်ပိတ်သိမ်းဆည်းပြီးနောက်ပိုင်းမှ ပြန်လည်အပ်နှံသဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် သီးခြားသိမ်းဆည်းခဲ့သည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ အလားတူ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်တွင်လည်း မည်သည့်မဲရုံက အပ်နှံသည်ကို ဖော်ပြနိုင်ခြင်းမရှိဘဲ သီးခြားထိန်းသိမ်းထားရှိသည့် ဆန္ဒမဲလက်မှတ် ၄၅၀၀ ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ (ခ) လှည်းကူးမြို့နယ်တွင်လည်း ရပ်ကွက် သို့မဟုတ် ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများနှင့် မဲရုံမှူးများ လက်ဝယ်တွင် အသုံးမပြုရသေးသည့် ဆန္ဒမဲလက်မှတ် ၂၇၀၄ စောင် ကျန်ရှိနေပြီး မဲရုံအသုံးပြု ဆန္ဒမဲလက်မှတ်များ ချိပ်ပိတ်သိမ်းဆည်းပြီးနောက်ပိုင်းမှ ပြန်လည်အပ်နှံသဖြင့် မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် သီးခြားသိမ်းဆည်းခဲ့ရခြင်းကို စိစစ်တွေ့ရှိရပါကြောင်း၊

**စာမျက်နှာ ၂၅ သို့** »»

- ☆ **ကြိုတင်မဲများ၏ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက် / ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားမှုများကို တွေ့ရှိရ**
- ☆ **နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် အစုလိုက် အပြုံလိုက်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ထားသည်ကို တွေ့ရှိရ**
- ☆ **ကြိုတင်မဲများကောက်ခံရာတွင်လည်း ဥပဒေနှင့် ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့**
- ☆ **COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့်ညီညွတ်မှုမရှိသော ညွှန်ကြားချက်များထုတ်ပြန်၍ မဲစာရင်းများကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်းများရှိကြောင်းကို စိစစ်တွေ့ရှိရ**

»»» စာမျက်နှာ ၂၄ မှ

မဲဆန္ဒရှင်အမည်နှင့် လက်ဗွေ သို့မဟုတ် လက်မှတ်ရေးထိုးထားခြင်းမရှိသည့် အသုံးပြုပြီး ဆန္ဒမဲလက်မှတ် လက်ခံ(ဖြတ်ပိုင်း) ၆၀ အုပ်ကို မြေပြင်စစ်ဆေးတွေ့ရှိရပါကြောင်း (ဂ) အလားတူ တွံတေးမြို့နယ်ရှိ ကျေးရွာအုပ်စု ၄ အုပ်စုတွင်လည်း ဆန္ဒမဲလက်ခံဖြတ်ပိုင်း၌ ဆန္ဒမဲပေးသူအမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအုပ်စုအမည် စသည်ဖြင့် ဖြည့်သွင်းရေးသားထားခြင်းမရှိသည့် ဆန္ဒမဲလက်ခံ ဖြတ်ပိုင်း ၁၂၇ စောင်ကို စိစစ်တွေ့ရှိရပါကြောင်း၊ (ဃ) အလုံမြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲတွင် ကျန်ရှိရမည့် မဲလက်မှတ်အရေအတွက် ၉၈၂ ဖြစ်သော်လည်း မြေပြင်လက်ကျန် ၁၃၉၇ ရှိနေသဖြင့် မဲလက်မှတ်အပို ၄၁၅ စောင်အား အသစ်အတိုင်း စစ်ဆေးတွေ့ရှိရပါကြောင်း၊ အလုံမြို့နယ်တွင် မဲဆန္ဒရှင် ၃၈၄၆၀ အနက် မဲပေးသူဦးရေမှာ ၂၆၀၅၀ ဖြစ်ပြီး မြေပြင်စစ်ဆေးချက်အရ မဲလက်မှတ်သုံးစွဲမှုမှာ ၂၆၂၄၅ ဖြစ်သဖြင့် ၁၉၅ စောင် ပိုမိုသုံးစွဲထားသည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ (င) ကွမ်းခြံကုန်းမြို့နယ်၊ တော်ခရမ်းလေးကျေးရွာအုပ်စု၊ မဲရုံအမှတ်(၃) တွင် မဲဆန္ဒရှင် ၉၇၁ ဦးအနက် ၇၅၁ ဦးမှာ နိုင်ငံသားစိစစ်ရေးကတ်မရှိဘဲ မဲစာရင်းတွင်ပါဝင်နေပြီး အစုလိုက်အပြုံလိုက် မဲပေးသည်ကို စိစစ်တွေ့ရှိရပါကြောင်း၊ ထိုမဲပေးသူများမှာ သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေပါ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ အရည်အချင်းများနှင့် ကိုက်ညီမှုမရှိသည့်အပြင် နိုင်ငံသား၊ ဧည့်နိုင်ငံသားနှင့် နိုင်ငံသားပြုခွင့်ရသူများဖြစ်ကြောင်း စိစစ်ထားခြင်းမရှိဘဲ မဲစာရင်းတွင် ထည့်သွင်းမဲပေးခွင့်ပြုခဲ့သည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ (စ) ကော့မှူးမြို့နယ်တွင် မြေပြင်စစ်ဆေးချက်များအရ မဲရုံပေါင်း ၁၆၁ ရုံတွင် ထုတ်ယူရရှိသော ဆန္ဒမဲလက်မှတ်အရေအတွက်မှာ ၁၁၄၈၂၂ ဖြစ်ပြီး မဲပေးအသုံးပြု ၇၈၂၆၈၊ ကျန်ရမည့် မဲလက်မှတ် ၃၆၅၅၄ ဖြစ်သော်လည်း မြေပြင်လက်ကျန်မှာ ၃၅၂၅၉ ဖြစ်သဖြင့် ပျောက်ဆုံး ၁၈၉၁၊ အပိုတွေ့ရှိမှု ၅၉၆ စောင်ဖြစ်ကြောင်း စစ်ဆေးတွေ့ရှိရပါကြောင်း ပြောကြားသည်။

## ဥပဒေနှင့်အညီ အပ်နှံရန်ပျက်ကွက်

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မြို့နယ် ၄၄ မြို့နယ်၏ မြေပြင်စစ်ဆေးတွေ့ရှိချက် အကျဉ်းချုပ်အနေဖြင့် ဆန္ဒမဲပေးခဲ့သူဦးရေမှာ ၄၁၈၆၈၅၃ ဖြစ်သော်လည်း ထုတ်ယူရရှိ ဆန္ဒမဲလက်မှတ်များအနက်မှ မဲပေးအသုံးပြုခဲ့သည့် ပြည်သူ့လွှတ်တော် ဆန္ဒမဲလက်မှတ် ၄၀၈၄၂၈၁ စောင်ဖြစ်သဖြင့် ထုတ်ယူရရှိ မဲလက်မှတ်သုံးစွဲမှု ၁၀၂၅၇၂ စောင် လျော့နည်းနေပါကြောင်း၊ ဆန္ဒမဲလက်မှတ်များ ထုတ်ယူရရှိမှုနှင့် အသုံးပြုမှုများတွင် မဲလက်မှတ် ၃၅၇၉၃၇ စောင် ပျောက်ဆုံးနေပါကြောင်း၊ အချို့မဲရုံများတွင် မဲလက်မှတ်အပို ၉၁၄၅၀ စောင်တွေ့ရှိရပါကြောင်း၊ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများအနေဖြင့် ကြိုတင်ဆန္ဒမဲလက်မှတ်များ ကောက်ခံရာတွင် ကြိုတင်ဆန္ဒမဲလက်ခံဖြတ်ပိုင်းများနှင့် ဆန္ဒမဲလက်မှတ်အပိုများကို ဥပဒေနှင့်အညီ အပ်နှံရန်ပျက်ကွက်ကြောင်းကို တွေ့ရှိရပါကြောင်း၊ ရပ်ကွက်/ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများလက်ဝယ်တွင် ဆန္ဒမဲလက်မှတ်နှင့် အသုံးပြုပြီး လက်ခံဖြတ်ပိုင်းများ ကျန်ရှိနေသည်ကို တွေ့ရှိရပါကြောင်း၊ ရပ်ကွက်/ ကျေးရွာအုပ်စု ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများ အနေဖြင့် ဆန္ဒမဲလက်မှတ်နှင့် အသုံးပြုပြီး လက်ခံဖြတ်ပိုင်းများကို ရွေးကောက်ပွဲပြီးနောက်ပိုင်း မြို့နယ် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲများသို့ လာရောက်အပ်နှံသည်ကို တွေ့ရှိရပါကြောင်း။

ကြိုတင်မဲများ၏ ဆန္ဒမဲလက်မှတ် လက်ခံဖြတ်ပိုင်းများ၌ ဆန္ဒမဲပေးသူ၏ အမည်၊ မဲစာရင်းအမှတ်စဉ်၊ မဲရုံအမှတ်၊ ရပ်ကွက်/ကျေးရွာအမည်၊ လက်မှတ် သို့မဟုတ် လက်ဗွေတို့ကို ဖြည့်သွင်းရေးသားထားမှုမရှိဘဲ မဲပေးသုံးစွဲထားမှုများကို




တွေ့ရှိရပါ ကြောင်း၊ နိုင်ငံသားစိစစ်ရေးကတ်မရှိသူများ မဲစာရင်းတွင် အစုလိုက်အပြုံလိုက်ပါဝင်ပြီး မဲဆန္ဒရှင်သက်သေခံလက်မှတ်များဖြင့်သာ နိုင်ငံသားစိစစ်ရေးကတ်မပါဘဲ မဲပေးမှုကို လက်ခံဆောင်ရွက်ထားသည်ကို တွေ့ရှိရပါကြောင်း၊ ကြိုတင်မဲများ ကောက်ခံရာတွင်လည်း ဥပဒေနှင့် ညီညွတ်မှုမရှိသော ဆန္ဒမဲပေးခြင်းတို့ကို ဆောင်ရွက်ခဲ့ပါကြောင်း၊ COVID-19 ရောဂါနှင့်စပ်လျဉ်း၍ ကျန်းမာရေးဆိုင်ရာ ညွှန်ကြားချက်များကို အကြောင်းပြကာ ရွေးကောက်ပွဲကျင်းပရန် အချိန်နီးကပ်မှသာ ဥပဒေနှင့်ညီညွတ်မှုမရှိသော ညွှန်ကြားချက်များထုတ်ပြန်၍ မဲစာရင်းများ ကောက်ခံမဲပေးစေခြင်း၊ ကြိုတင်မဲပေးစေခြင်းများရှိကြောင်းကို စိစစ်တွေ့ရှိရပါကြောင်း ပြောကြားသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း စစ်ဆေးတွေ့ရှိချက်များအရ မဲစာရင်းကောက်ယူရာ၌ ဥပဒေနှင့် ညီညွတ်မှုမရှိသော မှားယွင်းမှုများတွေ့ရှိခြင်း၊ ဆန္ဒမဲလက်မှတ်များလျော့နည်းပျောက်ဆုံးခြင်း၊ အပိုများတွေ့ရှိခြင်း၊ ကြိုတင်မဲ လက်ခံဖြတ်ပိုင်းများနှင့် အသုံးမပြုဘဲကျန်ရှိနေသည့် ဆန္ဒမဲလက်မှတ်များကို ပြန်လည်အပ်နှံမှုမရှိခြင်း၊ ဆန္ဒမဲလက်ခံဖြတ်ပိုင်းများတွင် အချက်အလက်များ ပြည့်စုံစွာ ဖြည့်သွင်းရေးသားထားမှုမရှိခြင်း၊ မဲဆန္ဒရှင်ဦးရေထက် ဆန္ဒမဲလက်မှတ်များ ပိုမိုသုံးစွဲထားခြင်းတို့ကို စိစစ်တွေ့ရှိရသဖြင့် သက်ဆိုင်ရာလွှတ်တော် ရွေးကောက်ပွဲဥပဒေ/ နည်းဥပဒေပါ သတ်မှတ်ပြဋ္ဌာန်းချက်များအတိုင်း လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ခဲ့သည်ကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီးသည် အခြားတိုင်းဒေသကြီး/ပြည်နယ်များနှင့် နှိုင်းယှဉ်ပါက လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း၊ စာတတ်မြောက်မှုနှုန်းမြင့်မားခြင်း၊ အခြေခံအဆောက်အအုံများ ပြည့်စုံစွာရှိခြင်း အစရှိသည့် အဘက်ဘက်မှပြည့်စုံသည့် တိုင်းဒေသကြီးတစ်ခုဖြစ်ပါကြောင်း၊ အဆိုပါ အဘက်ဘက်မှ ပြည့်စုံသည့် တိုင်းဒေသကြီးအတွင်းမှာပင် ယခုကဲ့သို့ မဲစာရင်း/ မဲလက်မှတ်မှားယွင်းမှု၊ သတ်မှတ်ပြဋ္ဌာန်းချက်များနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများရှိကြောင်း တွေ့ရှိရသဖြင့် အခြားလမ်းပန်းဆက်သွယ်ရေးခက်ခဲသော၊ ဝေးလံသော တိုင်းရင်းသားဒေသများတွင် မှားယွင်းမှုများ ပိုမိုဖြစ်ပေါ်နိုင်သည်ကို သုံးသပ်တွေ့ရှိရပါကြောင်း။

## မဲမသမာမှုဖြစ်စဉ်များ

ယခု မိမိတင်ပြခဲ့သည့် မဲစာရင်းဆိုင်ရာ စစ်ဆေးတွေ့ရှိချက်၊ မဲလက်မှတ်ဆိုင်ရာ စစ်ဆေးတွေ့ရှိချက်များနှင့်စပ်လျဉ်းပြီး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ စိစစ်ထုတ်ပြန်ချက်များ၊ မှတ်တမ်းဓာတ်ပုံ၊ အထောက်အထားများကို ခင်းကျင်းပြသထားသည့် ဘုတ်များတွင် ကြည့်ရှုနိုင်ပါကြောင်း၊ ဆက်လက်ပြီး ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲကာလအတွင်း ဖြစ်ပွားခဲ့သော မဲမသမာမှုဖြစ်စဉ်များ အပါအဝင် သက်ဆိုင်ရာ ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိသည့်ဖြစ်စဉ်များနှင့်စပ်လျဉ်းပြီး ရှင်းလင်းတင်ပြသွားမည် ဖြစ်ပါကြောင်း၊ မိမိတင်ပြလိုသည်မှာ လွတ်လပ်ပြီး တရားမျှတသောရွေးကောက်ပွဲ Free and Fair election ဖြစ်မဖြစ် ဆန်းစစ်လေ့လာရာတွင် ရွေးကောက်ပွဲနေ့ တစ်နေ့တည်း၏အခြေအနေသာမက ရွေးကောက်ပွဲ စက်ဝန်းပါ ကာလသုံးပါးဖြစ်သည့် ရွေးကောက်ပွဲအကြိုကာလ၊ ရွေးကောက်ပွဲကာလနှင့် ရွေးကောက်ပွဲနောက်ပိုင်းကာလ ဖြစ်စဉ်များကိုပါ လေ့လာသုံးသပ်မှသာ ပြည့်စုံလုံလောက်မည်ဖြစ်ပါကြောင်း၊ ယနေ့ သတင်းစာရှင်းလင်းပွဲ၌ ၂၀၂၀ ပြည့်နှစ် အထွေထွေ ရွေးကောက်ပွဲတွင် ဖြစ်ပေါ်ကြုံတွေ့ရသည့် မဲဆန္ဒရှင်စာရင်းကောက်ခံခြင်းနှင့် ကြိုတင်ဆန္ဒမဲပေးခြင်းတို့တွင် ကြုံတွေ့ရသော အခက်အခဲ၊ အားနည်းချက်များနှင့်စပ်လျဉ်း၍ မြို့နယ်ကော်မရှင်အဖွဲ့ခွဲဥက္ကဋ္ဌတစ်ဦး၏ ပြောကြားချက်အကျဉ်း၊ ရွေးကောက်ပွဲကျင်းပပြီးနောက်ပိုင်း ရပ်ကွက်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲရုံး၊ ရပ်ကွက်ကော်မရှင်အဖွဲ့ခွဲစားပွဲပေါ်ရှိ ကြိုတင်ဆန္ဒမဲစာအုပ်များအတွင်း UEC တံဆိပ်ရိုက်နှိပ်ထားသော ကြိုတင်ဆန္ဒမဲလက်မှတ်များတွေ့ရှိမှု၊ ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်တွင် ကြိုတင်ဆန္ဒမဲကောက်ခံရာ၌ သက်ဆိုင်ရာလွှတ်တော်ရွေးကောက်ပွဲ ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိဘဲ ဆောင်ရွက်ခဲ့မှု၊ ကြို့ပင်ကောက်မြို့နယ် အနောက်မြောက်ရပ်ကွက် ကြိုတင်ဆန္ဒမဲပေးရာတွင် ပါတီတစ်ခု၏ မဲရုံအကူကိုယ်စားလှယ်က လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိဘဲ ဆောင်ရွက်ခဲ့မှု၊ ငွေပေး၍ ပါတီတစ်ခုကို မဲထည့်စေခြင်း၊ နောက်မဲရုံတွင် ထပ်မံမဲပေးရန်နှင့် အသက်မပြည့်သေးသူအား မဲပေးစေခြင်းဖြင့် ပါတီတစ်ခုအတွက် ဘက်လိုက်ဆောင်ရွက်မှုနှင့် ရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးမှ စာရေးဖြစ်သူ ရပ်ကွက်/ ကျေးရွာရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အတွင်းရေးမှူးတစ်ဦး၏ မဲမသမာမှုဖြစ်စဉ်များနှင့်စပ်လျဉ်း၍ ကိုယ်တိုင်ဝန်ခံထွက်ဆိုချက်နှင့်ပတ်သက်သည့် ဖြစ်စဉ်များကို သက်သေ၊ အထောက်အထား Video clip များနှင့်အတူ ရှင်းလင်းတင်ပြသွားမည်ဖြစ်ပါကြောင်း။

## မှားယွင်းမှုများပေါ်ပေါက်ခဲ့

မဲဆန္ဒရှင် စာရင်းကောက်ခံခြင်းနှင့် ကြိုတင်ဆန္ဒမဲပေးခြင်းတို့ ဆောင်ရွက်ရာတွင် ကြုံတွေ့ရသော အခက်အခဲအားနည်းချက်များနှင့်စပ်လျဉ်း၍ မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်ဥက္ကဋ္ဌ၏ ပြောကြားချက်အရ မဲစာရင်းကောက်ရာတွင် ရပ်/ကျေးနှင့်လဝက စာရင်းအခြေခံ၍ ကောက်ခံသော်လည်း ရှိကောက်နှင့် အိမ်ထောင်စုစာရင်းအရ ကောက်ခံမှုများ နှစ်ကြိမ်ထပ်ပြီး မဲစာရင်းဖောင်းပွခြင်း၊ အချိန်မီ ပူးပေါင်းစိစစ်ပြင်ဆင်နိုင်မှုမရှိခြင်း၊ မှတ်ပုံတင်မရှိသူများပါရှိပြီး ဖြေလျှော့သည့် ညွှန်ကြားချက်များအရ ခွင့်ပြုရခြင်း၊ ကြိုတင်မဲပေးသည့် ကာလရှည်ပြီး ဦးရေများသဖြင့် ဆောင်ရွက်ရန် အခက်အခဲရှိခြင်းများ ကြုံတွေ့ရပြီး မလိုလားအပ်သည့် မဲစာရင်းထပ်ခြင်း၊ မှတ်ပုံတင်မရှိဘဲ မဲပေးခြင်း၊ အသက်ရာကျော်များပါဝင်ခြင်း စသည့်မှားယွင်းမှုများ ပေါ်ပေါက်ခဲ့ခြင်းဖြစ်ကြောင်း ပြောကြားထားသည်ကို တွေ့ရှိရမည်ဖြစ်ပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၁၂ ရက်တွင် မြောက်ဥက္ကလာပမြို့နယ် ကျောက်ရေတွင်းရပ်ကွက် အုပ်ချုပ်ရေးမှူးရုံးရှိ ရပ်/ကျေးကော်မရှင်နှင့် သက်ဆိုင်ရာနေရာရှိ တာဝန်ရှိသူများက စစ်ဆေးရာတွင် စားပွဲပေါ်တွင် မဲစာအိတ်အလွတ်များနှင့်အတူ မဲစာအိတ်အတွင်း မဲလက်မှတ်များပါရှိသည့် စာအိတ် ၁၀ အိတ်အား တွေ့ရှိရပါကြောင်း၊ ဖွင့်ဖောက် စစ်ဆေးခဲ့ရာ ပြည်သူ့လွှတ်တော် နှစ်အိတ်၊ အမျိုးသားလွှတ်တော် နှစ်အိတ်၊ တိုင်းရင်းသားလူမျိုး တစ်အိတ်၊ တိုင်းဒေသကြီး ငါးအိတ်တို့ကို တွေ့ရှိရပြီး NLD logo ဘေးတွင် UEC တံဆိပ်တုံးချိန်ထားသော မဲလက်မှတ် ၉ စောင် ပါရှိကြောင်းကို စစ်ဆေးတွေ့ရှိရပါကြောင်း၊ အဆိုပါ မဲလက်မှတ်များကို ချိပ်ပိတ်သိမ်းဆည်း၍ ကော်မရှင်ဥက္ကဋ္ဌထံ အပ်နှံခဲ့ပြီး မြို့နယ်ရဲတပ်ဖွဲ့အား ဆက်လက်စုံစမ်းပေးရန် ဆောင်ရွက်ခဲ့ပါကြောင်း။

သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲနည်းဥပဒေများအရ ရပ်/ကျေး ကော်မရှင် အဖွဲ့ခွဲသည် ရွေးကောက်ပွဲကျင်းပသည့်နေ့ မဲရုံမဖွင့်မီ ဆန္ဒပြုပြီးသော ကြိုတင်ဆန္ဒမဲလက်မှတ်များပါရှိသည့် မဲပုံးများ၊ ကြိုတင်ဆန္ဒမဲပေးသူစာရင်း ပုံစံ(၁၃)နှင့် လက်ခံဖြတ်ပိုင်း၊ လက်ကျန်မဲလက်မှတ်များ အပ်နှံရန်ဖြစ်သော်လည်း ဆောင်ရွက်ခဲ့ခြင်းမရှိကြောင်းနှင့် ဆန္ဒပြုပြီးသည့် မဲလက်မှတ်စာအိတ်များတွေ့ရှိရခြင်းသည် မဲမသမာမှုဖြစ်နိုင်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၌ ကြိုတင်ဆန္ဒမဲကောက်ယူရာတွင် ဥပဒေ၊ နည်းဥပဒေများနှင့် ညီညွတ်မှုမရှိဘဲ ဆောင်ရွက်မှုများနှင့်စပ်လျဉ်းသည့် Video Clip ကို တင်ပြမည်ဖြစ်ပါကြောင်း၊ Stay at Home ဒေသ အသက် (၆၀)နှစ်နှင့်အထက် မဲဆန္ဒရှင်များအပါအဝင် ကြိုတင်ဆန္ဒမဲကောက်ခံရမည့် မဲဆန္ဒရှင်များကို သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်အဖွဲ့ခွဲက ကြိုတင်ဆန္ဒမဲကောက်ရာတွင် အခက်အခဲရှိပါက ယင်းပုဂ္ဂိုလ်၏ မိခင်၊ ဖခင်၊ ဇနီး၊ ခင်ပွန်း၊ သားသမီး၊ ညီအစ်ကို မောင်နှမ တစ်ဦးဦးက မဲဆန္ဒရှင်၏ဆန္ဒအတိုင်း ဆောင်ရွက်ပေးရန်နှင့် ကူညီသူမရှိပါက ကော်မရှင်အဖွဲ့ဝင်တစ်ဦးဦးက ယင်းပုဂ္ဂိုလ်၏ ရှေ့မှောက်တွင် ၎င်းညွှန်ကြားသည့်အတိုင်း ရေးသွင်းရမည်ဖြစ်သော်လည်း နိမိတ်ပြမေးခွန်းမျိုး မေးခြင်း၊ မဲလက်မှတ်လက်ခံဖြတ်ပိုင်းတွင် မဲဆန္ဒရှင်ကသာ လက်မှတ်ရေးထိုးခြင်း၊ လက်ဗွေနှိပ်ခြင်းပြုရမည်ဖြစ်သော်လည်း အခြားပုဂ္ဂိုလ်တစ်ဦးက ဆောင်ရွက်ခြင်း အစရှိသည့် ဥပဒေ၊ နည်းဥပဒေနှင့် ညီညွတ်မှုမရှိခြင်းများကို တွေ့ရှိရပါကြောင်း။

## လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများ

ကြို့ပင်ကောက်မြို့နယ် အနောက်မြောက်ရပ်ကွက်၊ မဲရုံအမှတ်(၁) တာဝန်ကျသည့် ရပ်/ကျေးကော်မရှင်အဖွဲ့ဝင်တစ်ဦးက အသက် ၆၀ နှစ်နှင့်အထက် ရပ်/ကျေး ကြိုတင်မဲများပေးရာတွင် ပါတီတစ်ခု၏ မဲရုံအကူကိုယ်စားလှယ်က ဥပဒေနှင့်မညီဘဲ ကိုယ်တိုင်လိုက်ပါဆောင်ရွက်မှုကို ပြောကြားသည့် Video Clips ကို တင်ပြမည်ဖြစ်ပါကြောင်း၊ ကြို့ပင်ကောက်မြို့နယ်၊ အနောက်မြောက်ရပ်ကွက် မဲရုံအမှတ်(၁)တွင် အသက်(၆၀)နှစ်နှင့်အထက် မဲဆန္ဒရှင်များ ရပ်/ကျေးကော်မရှင်တွင် ကြိုတင်မဲပေးရာ၌ NLD ပါတီမှ မဲရုံအကူကိုယ်စားလှယ် ဦးကျော်ကျော်လွင်(ခ)ကိုဝတုတ် ကိုယ်တိုင် မဲဆန္ဒရှင်များနှင့်အတူ လျှို့ဝှက်ဆန္ဒပြုသည့်နေရာအထိ လိုက်ပါဆောင်ရွက်မှုသည် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှုမရှိပါကြောင်း၊ ၂၀၂၀ ပြည့်နှစ် အထွေထွေရွေးကောက်ပွဲတွင် ကြိုတင်ဆန္ဒမဲပေးသူဦးရေသည် ဆန္ဒမဲပေးသူအားလုံး၏ ၂၁ ရာခိုင်နှုန်းကျော်ရှိပြီး ကြိုတင်ဆန္ဒမဲကောက်ခံရာတွင် သက်ဆိုင်ရာ ရပ်/ကျေးကော်မရှင်များ၏ ဥပဒေ၊ နည်းဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရန် ပျက်ကွက်မှုများကြောင့် ဖြစ်ပေါ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံများကို လူမှုကွန်ရက်များတွင် အများအပြား တွေ့ရှိရမည်ဖြစ်ပါကြောင်း။

စာမျက်နှာ ၂၆ သို့ »»»

»»» **စာမျက်နှာ ၂၅ မှ**

ဆက်လက်ပြီး ငွေပေး၍ ပါတီတစ်ခုကို မဲထည့်စေခြင်း၊ နောက်မဲရုံတွင် ထပ်မံမဲပေးရန်နှင့် အသက်မပြည့်သေးသူအား မဲပေးစေခြင်းတို့ဖြင့် ပါတီတစ်ခုအတွက် ဘက်လိုက်ဆောင်ရွက်သည့် Video Clip ကို တင်ပြမည်ဖြစ်ပါကြောင်း၊ လှည်းကူးမြို့နယ် သာယာကုန်းကျေးရွာအုပ်စုနေ ဒေါ်ချိုချိုသင်း မိသားစု ခုနစ်ဦး ကျောက်မဲတိုင် မဲရုံအမှတ်(၂) မဲပေးသည့်နေရာတွင် NLD ပါတီမဲပေးပါက ငွေလေးသောင်းပေးမည်ပြော၍ ငွေလေးသောင်းပေးခြင်း၊ မဲပေးပြီးအိမ်ပြန်ရောက်ချိန်တွင် သာယာကုန်း မဲရုံ (၁)တွင် ထပ်မံ၍ မဲလာပေးရန် မဲဆန္ဒရှင်သက်သေခံလက်မှတ် Voter Slip လေးစောင် ထပ်မံပေးခဲ့သော်လည်း မပေးဖြစ်ကြောင်း၊ အသက်မပြည့်သေးသည့် မနှင်းအိဖြူကိုလည်း အသက်မပြည့်ကြောင်း ပြောသော်လည်း မဲဆန္ဒရှင်လက်မှတ်ပေးအပ်ပြီး မဲထည့်ခိုင်းခြင်း၊ မဲထည့်ရာတွင်လည်း တံဆိပ်တုံးထုခိုင်းသည့်နေရာ ထုပေးခဲ့ရကြောင်း၊ ယင်းကိစ္စများဆောင်ရွက်သူများ၏ရင်ဘတ်တွင် တံဆိပ်အဝိုင်းများ ကပ်ထားကြောင်း ပြောဆိုသိရှိရသဖြင့် ၎င်းပုဂ္ဂိုလ်များသည် မဲရုံကိုယ်စားလှယ်၊ အကူကိုယ်စားလှယ်နှင့် ရပ်/ကျေး ကော်မရှင်အဖွဲ့ဝင်များ၊ မဲရုံအတွင်း ဝင်ခွင့်ရရှိရန် ပေးထားသူများဖြစ်ပြီး ဥပဒေ၊ နည်းဥပဒေနှင့်မညီသည့် လုပ်ရပ်များကို ကျူးလွန်ဆောင်ရွက်ခြင်းဖြစ်ပါကြောင်း။

အလားတူ ရမည်းသင်းမြို့နယ် တောင်ကန်ကြီးကျေးရွာအုပ်စု ချဉ်ပျစ်ကျင်းကျေးရွာနေ ဦးဟန်တင်၊ အသက် ၇၅ နှစ်၏ ထွက်ဆိုချက်အရ တွေ့ရှိရသည်မှာ ၎င်းအား ကိုမြင့်သိန်းဆိုသူမှ ငွေကျပ် ၁၅၀၀၀ လာရောက်ပေးအပ်ပြီး အမေစုပါတီ မဲပေးရန် ပြောကြားခဲ့ခြင်းကို စိစစ်တွေ့ရှိရပါကြောင်း၊ ဆက်လက်ပြီး မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက်ရှိ မဲရုံ ၉ ရုံတွင် ဖြစ်ပွားခဲ့သော တရားမဝင် မဲစာရင်းတိုးခြင်း၊ မဲလက်မှတ်များ တရားမဝင်ထုတ်ယူအသုံးပြုခြင်း၊ မီးရှို့ဖျက်ဆီးခြင်း၊ ကြိုတင်မဲပေးခြင်းနှင့် မဲရုံတွင် မဲပေးခြင်း ဆောင်ရွက်ရာတွင် ဥပဒေ၊ နည်းဥပဒေနှင့်မညီဘဲ ဆောင်ရွက်ခဲ့မှုများနှင့်စပ်လျဉ်း၍ ရမ်ပူရပ်ကွက်အုပ်ချုပ်ရေးမှူးရုံးစာရေးနှင့် ရပ်/ကျေး ကော်မရှင်အတွင်းရေးမှူးဖြစ်သူ ဦးဟန်ဇင်ဦး၏ ထွက်ဆိုချက် Video Clip ကို တင်ပြမည်ဖြစ်ပါကြောင်း၊ မြစ်ကြီးနားမြို့ ရမ်ပူရပ်ကွက် မဲရုံ ၉ ရုံတွင် ဖြစ်ပေါ်ခဲ့သော ဖြစ်စဉ်များကို သုံးသပ်ကြည့်ပါက ဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှုမရှိဘဲ ဆောင်ရွက်ထားသည့် အချက်များကို တွေ့ရှိရမည်ဖြစ်ပါကြောင်း။

**ဘက်လိုက်ဆောင်ရွက်မှုများရှိ**

ရက်ပေါင်း ၉၀ နှင့်အထက် နေထိုင်သူများ မဲစာရင်းထည့်သွင်းရေး ဆောင်ရွက်ရာတွင် လူဦးရေ ၁၁၀၀ ခန့် စာရင်းတင်သွင်းခဲ့ရာ မြို့နယ်ကော်မရှင်အဖွဲ့ခွဲက ၇၈၁ ဦးသာလက်ခံပြီး အချက်အလက်မပြည့်စုံသည့် ၃၁၉ ဦးကို ပယ်ဖျက်ခဲ့သော်လည်း ရမ်ပူရပ်ကွက်အုပ်ချုပ်ရေးမှူး ဦးမောင်မောင်က မဲစာရင်းတွင်ပါဝင်နိုင်ရေး အဆင်ပြေအောင် ဆောင်ရွက်ပေးရန် ပြောကြားချက်အရ ကွန်ပျူတာစာစီဖြင့် ၂၆၉ ဦး၊ လက်ရေးဖြင့် ၅၀ ဦး ပေါင်း ၃၁၉ ဦးကို နောက်တိုးစာရင်းအဖြစ် ထပ်မံထည့်သွင်းခြင်း၊ ရမ်ပူအုပ်ချုပ်ရေးမှူး ဦးမောင်မောင်သည် ၂၀၁၆ ခုနှစ်တွင် ရပ်ကွက်အုပ်ချုပ်ရေးမှူးတာဝန်ပေးအပ်ခြင်းခံရပြီး NLD ပါတီအမာခံတစ်ဦးဖြစ်၍ NLD ပါတီဝင် ပြည်နယ်လူမှုရေးဝန်ကြီး ဦးနေဝင်းနှင့် ရင်းနှီးသူဖြစ်ခြင်း၊ ရပ်/ကျေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင် ၁၈ ဦးတို့ကို အများယုံကြည်လေးစားသူ ရပ်မိရပ်ဖများဖြင့် ဖွဲ့စည်းရန်ဖြစ်သော်လည်း NLD အမာခံများကိုသာ ထည့်သွင်းဖွဲ့စည်းထားပြီး ဘက်လိုက်ဆောင်ရွက်မှုများရှိခြင်း၊ ၂၀၂၀ ပြည့်နှစ် နိုဝင်ဘာ ၂ ရက်တွင် NLD ပါတီဝင်တစ်ဦး၏ ဖုန်းဖြင့် စည်းရုံးခိုင်းစေမှုအရ မြို့နယ်ကော်မရှင်အဖွဲ့ခွဲရုံးရှိ ဆန္ဒမဲလက်မှတ် ၇၅ အုပ်(၃၇၅၀)စောင်အား မြို့နယ်ကော်မရှင်ရုံးမှ တာဝန်ရှိသူများမရှိသည့်အချိန်တွင် သွားရောက်ယူဆောင်ပြီး ၎င်းမှ ၆၉ အုပ်အား ကြိုတင်မဲပေးသည့်နေရာများတွင် တရားမဝင်အသုံးပြုပြီး ပိုနေသည့် မဲလက်မှတ်စာအုပ် ၆ အုပ်ကို နိုဝင်ဘာ ၁၈ ရက် ညတွင် မီးရှို့ဖျက်ဆီးခဲ့ခြင်း၊ ကြိုတင်မဲပေးသည့်အခါတွင် အသက် ၆၀ နှစ်နှင့်အထက်နှင့် ရွေးကောက်ပွဲတွင် တာဝန်ရှိသူ၊ ကျန်းမာရေးမကောင်းသူ အစရှိသည့် ဦးရေ ၁၀၀၀ ခန့်သာဖြစ်သော်လည်း အမှန်တကယ် မဲပေးသည့်အခါ ကြိုတင်မဲပေးသူ ၁၃၀၀ ခန့်ရှိသဖြင့် သတ်မှတ်ချက်နှင့် မကိုက်ညီသူ ၃၀၀ ကျော်ကို တရားမဝင်ထည့်သွင်းဆောင်ရွက်ပေးခဲ့ခြင်း၊ ရွေးကောက်ပွဲကျင်းပသည့်နေ့တွင် မဲရုံအမှတ် ၈၁ နှင့် ၈၆ တို့တွင် လွှတ်တော်မဲလက်မှတ်စာအုပ်များ မှားယွင်းထုတ်ပေးမိသည့် ဖြစ်စဉ်များ ဖြစ်ပေါ်ခဲ့ရာတွင် မှားယွင်းထည့်သည့်မဲပုံးမှ မဲလက်မှတ်များကို ပယ်မဲပြုလုပ်ရမည့်အစား သက်ဆိုင်ရာမဲပုံးတွင် ထည့်သွင်း၍ ခိုင်လုံမဲအဖြစ်ထည့်သွင်းရေတွက်ဆောင်ရွက်ခြင်း၊ မဲရုံအမှတ် ၈၈ တွင် ပယ်မဲအဖြစ် ဆောင်ရွက်ရမည့် မဲလက်မှတ်များကို ခိုင်လုံမဲအဖြစ်ရေတွက်ခြင်း၊ ရွေးကောက်ပွဲမတိုင်မီ ကြိုတင်ဆန္ဒမဲပေးမှု အင်အားများပြားစွာ ၁၀၀၀ ကျော်ခန့် ဆောင်ရွက်ရသဖြင့် ကြိုတင်ဆန္ဒမဲပေးသူစာရင်း ပုံစံ(၁၃)တွင် စာရင်းရေးသွင်းရန် ကျန်ရှိခြင်း၊ ကြိုတင်ဆန္ဒမဲပုံးနှင့် အတူအပ်နှံရမည့် ပုံစံ(၁၃) စာရင်းများ အပ်နှံနိုင်မှုမရှိခြင်း အစရှိသည့် သက်ဆိုင်ရာ လွှတ်တော်ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့် ကိုက်ညီမှုမရှိသည့် ဖြစ်စဉ်များစွာ ဖြစ်ပေါ်ခဲ့ပါကြောင်း။

နိဂုံးချုပ်အနေဖြင့် တင်ပြလိုသည်မှာ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အဖွဲ့အနေဖြင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ နိုင်ငံတော်တာဝန်ထမ်းဆောင်ရာတွင် ဆောင်ရွက်သွားမည့် ရှေ့လုပ်ငန်းစဉ်(၅)ရပ်ပါ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်နှင့် သက်ဆိုင်သည့် မဲစာရင်းစစ်ဆေးခြင်းအပါအဝင် လုပ်ဆောင်သင့် လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်နိုင်ရေးနှင့် အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပရေးဆိုင်ရာ လုပ်ငန်းများကို ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

(ဆက်လက်ဖော်ပြပါမည်)

# မတ် ၂၅ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါပိုးရှိ လူနာသစ် ၂၅ ဦး တွေ့ရှိ

**COVID-19 ရောဂါ စောင့်ကြပ်ကြည့်ရှုမှုနှင့်ပတ်သက်၍ သတင်းထုတ်ပြန်ခြင်း**

**(၂၅-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀)နာရီ**

(၂၄-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၂၅-၃-၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာ စုစုပေါင်း (၁၆၄၃) ခုအား စစ်ဆေးပြီးစီးခဲ့ရာ COVID-19 ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် ၂၅ ဦး တွေ့ရှိရပါသည်။ သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၂,၅၃၀,၄၂၂) ခုအား စစ်ဆေးခဲ့ပြီး COVID-19 ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၁၄၂,၃၄၀) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၇)ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၁၃၁,၇၈၁) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ COVID-19 ရောဂါဖြင့် ထပ်မံသေဆုံးသူ (၁)ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း (၃,၂၀၅)ဦးရှိပါသည်။

** ပြည်သူလူထုအနေဖြင့် COVID-19 ရောဂါ ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်ရေးအတွက် -

- နေအိမ်ပြင်ပသို့ သွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask) ကို မဖြစ်မနေ စနစ်တကျ တပ်ဆင်ခြင်း၊ လက်ကို မကြာခဏ ဆေးကြောခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်းတို့ကို အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြပါရန်၊
- ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာနမှ ထုတ်ပြန်ထားသည့် "ရုံးလုပ်ငန်းဌာနများတွင် COVID-19 ရောဂါကာကွယ်ရန်အတွက် ဆောင်ရွက်ရမည့် လုပ်ငန်းလမ်းညွှန်" နှင့် "တစ်ဦးကိုတစ်ဦး အသိပေးခြင်း/ သတိပေးခြင်း မိသားစုစီမံချက်"အတိုင်း COVID-19 ရောဂါကာကွယ်ရေး နည်းလမ်းများအား အသိပေးခြင်းနှင့် သတိပေးခြင်းတို့ကို လူတိုင်း၊ မိသားစုတိုင်းမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ကြပါရန် မေတ္တာရပ်ခံပါသည်။

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန

## ကမ္ဘာ့နိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ ကူးစက် / သေဆုံးမှု အများဆုံး ၁၀ နိုင်ငံ

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၃၀၇၀၅၂၀၇ | ၂၃၁၃၂၈၇၉ | ၅၅၈၄၂၅ |
| ၂။ | ဘရာဇီး | ၁၂၂၂၇၁၇၉ | ၁၀၆၈၉၆၄၆ | ၃၀၁၀၈၇ |
| ၃။ | အိန္ဒိယ | ၁၁၇၈၇၅၃၄ | ၁၁၂၃၁၆၅၀ | ၁၆၀၇၂၆ |
| ၄။ | ရုရှား | ၄၄၉၂၆၉၂ | ၄၁၀၉၂၈၁ | ၉၆၆၁၂ |
| ၅။ | ပြင်သစ် | ၄၃၇၈၄၄၆ | ၂၈၃၅၀၇ | ၉၃၁၈၀ |
| ၆။ | ဗြိတိန် | ၄၃၁၂၉၀၈ | ၃၇၂၉၁၅၅ | ၁၂၆၃၈၂ |
| ၇။ | အီတလီ | ၃၄၄၀၈၆၂ | ၂၇၇၃၂၁၅ | ၁၀၆၃၃၉ |
| ၈။ | စပိန် | ၃၂၄၁၃၄၅ | ၃၀၀၀၆၇၀ | ၇၄၀၆၄ |
| ၉။ | တူရကီ | ၃၀၉၁၂၈၂ | ၂၈၈၁၆၄၃ | ၃၀၄၆၂ |
| ၁၀။ | ဂျာမနီ | ၂၇၀၉၈၇၂ | ၂၄၅၆၂၀၀ | ၇၅၉၁၁ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

| စဉ် | နိုင်ငံအမည် | ကိုဗစ်-၁၉ ရောဂါ ပိုးတွေ့ရှိသူ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့ သေဆုံးလူနာ |
|---|---|---|---|---|
| ၁။ | အင်ဒိုနီးရှား | ၁၄၈၂၅၅၉ | ၁၃၁၇၁၉၉ | ၄၀၀၈၁ |
| ၂။ | ဖိလစ်ပိုင် | ၆၉၃၀၄၈ | ၅၈၀၀၆၂ | ၁၃၀၉၅ |
| ၃။ | မလေးရှား | ၃၃၈၁၆၈ | ၃၂၂၄၁၆ | ၁၂၄၈ |
| ၄။ | မြန်မာ | ၁၄၂၃၄၀ | ၁၃၁၇၈၁ | ၃၂၀၅ |
| ၅။ | စင်ကာပူ | ၆၀၂၅၃ | ၆၀၀၇၈ | ၃၀ |
| ၆။ | ထိုင်း | ၂၈၄၄၃ | ၂၆၉၄၆ | ၉၂ |
| ၇။ | ဗီယက်နမ် | ၂၅၇၉ | ၂၂၆၅ | ၃၅ |
| ၈။ | ကမ္ဘောဒီးယား | ၁၈၇၂ | ၁၀၅၆ | ၅ |
| ၉။ | ဘရူနိုင်း | ၂၀၆ | ၁၈၈ | ၃ |
| ၁၀။ | လာအို | ၄၉ | ၄၅ | ၀ |

# COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ စီမံခန့်ခွဲမှုဆပ်ကော်မတီ၏ အသိပေးကြေညာချက်

မြန်မာ့စီးပွားရေးဘဏ်(နေပြည်တော်)တွင် ဖွင့်လှစ်ထားရှိသော COVID–19 ကာကွယ်ဆေး ဝယ်ယူရရှိရေး ရန်ပုံငွေ (COVID–19 Vaccination Fund) မြန်မာကျပ်ငွေစာရင်း OA 013733 သို့ မတ် ၁၉ ရက်မှ ၂၅ ရက်အထိ ပြည်တွင်း/ပြည်ပ အလှူရှင်များမှ ထည့်ဝင်လှူဒါန်းငွေ စုစုပေါင်းမှာ **ငွေကျပ် ၃၁၀ ဒသမ ၈၇၀ သန်း** ဖြစ်ပါသည်။ မတ် ၂၅ ရက်အထိ ရန်ပုံငွေစာရင်း၏ အခြေအနေမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ OA–013733 စာရင်း**

| | ငွေကျပ် |
|---|---|
| ၁၉–၃–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၃၀,၂၆၉,၁၁၅,၁၁၅.၃၉ |
| (+) ၁၉–၃–၂၀၂၁ မှ ၂၅–၃–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | ၃၁၀,၈၇၀,၀၀၀.၀၀ |
| ၂၅–၃–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၃၀,၅၇၉,၉၈၅,၁၁၅.၃၉ |

**COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ EDC 600012 စာရင်း**

| | အမေရိကန်ဒေါ်လာ |
|---|---|
| ၁၉–၃–၂၀၂၁ ရက်နေ့ရှိ စာရင်းဖွင့်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |
| (+)၁၉–၃–၂၀၂၁ မှ ၂၅–၃–၂၀၂၁ ရက်နေ့ထိ ရရှိငွေ | – |
| ၂၅–၃–၂၀၂၁ ရက်နေ့ရှိ စာရင်းပိတ်လက်ကျန် | ၁၇၈,၁၄၀,၁၄၉.၅၃ |

COVID-19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေ (COVID-19 Vaccination Fund) OA 013733 သို့
အများပြည်သူများမှ လှူဒါန်းငွေစာရင်း
(၁၉-၃-၂၀၂၁ ရက်နေ့မှ ၂၅-၃-၂၀၂၁ ရက်နေ့ထိ)

| စဉ် | လှူဒါန်းငွေပေးသွင်းသူအမည် | ကျပ် |
|---|---|---|
| | ၂၄-၃-၂၀၂၁ | ၃၁၀,၂၇၀,၀၀၀ |
| ၁ | ဒေါ်ချိုချို သား-သမီးနှင့်မြေး (နေပြည်တော်) | ၂၀,၀၀၀ |
| ၂ | We Love Hsipaw သီပေါသူ/သီပေါသားများအသင်း (သီပေါမြို့) | ၁၀,၂၅၀,၀၀၀ |
| ၃ | မြန်မာနိုင်ငံလိုင်စင်ရ ကုန်သွယ်ကုမ္ပဏီများအသင်း | ၃၀၀,၀၀၀,၀၀၀ |
| | | |
| | ၂၆-၃-၂၀၂၁ | ၆၀၀,၀၀၀ |
| ၁ | ဦးလှမိုး (ယော်မြို့) | ၁၀၀,၀၀၀ |
| ၂ | ဒေါ်နီနီအောင် Myanmar Belle Co;Ltd (Myanmar Cosmetics Association) (UMFCCI) | ၅၀၀,၀၀၀ |
| | (၁၉-၃-၂၀၂၁ ရက်နေ့မှ ၂၅-၃-၂၀၂၁ ရက်နေ့ထိ) စုစုပေါင်း | ၃၁၀,၈၇၀,၀၀၀ |

မှတ်ချက်။ (က) အလှူရှင်များက ပေးပို့ထားသည့် အချက်အလက်များနှင့် ဘဏ်သို့ထည့်သွင်းထားသည့် အချက်အလက်များအရ နေရပ်လိပ်စာဖော်ပြထားခြင်းဖြစ်ပါသည်။

(ခ) မြန်မာ့စီးပွားရေးဘဏ်ရှိ မြန်မာကျပ်ငွေစာရင်းနှင့်နိုင်ငံခြားငွေစာရင်းများသို့ ဝင်ရောက်ပြီးသည့် လှူဒါန်းငွေများဖြစ်ပါသည်။

COVID–19 ကာကွယ်ဆေးဝယ်ယူရရှိရေးရန်ပုံငွေစီမံခန့်ခွဲမှုဆပ်ကော်မတီ

## တနင်္သာရီတိုင်းဒေသကြီးအတွင်းရှိ မြို့နယ်အချို့နှင့် ဖျာပုံမြို့ နောက်မီးကျေးရွာတို့၌ တူမီးသေနတ်များ၊ လက်လုပ်သေနတ်များနှင့် ဆက်စပ်ပစ္စည်းများ လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အပ်နှံ

**နေပြည်တော် မတ် ၂၅**

တနင်္သာရီတိုင်းဒေသကြီး သရက်ချောင်းမြို့နယ်၊ ရေဖြူမြို့နယ်၊ လောင်းလုံးမြို့နယ်၊ ဘုတ်ပြင်းမြို့နယ်နှင့် ပုလောမြို့နယ်များရှိ ကျေးရွာအချို့တို့၌ ဆူပူအကြမ်းဖက်မှုတွင် အသုံးပြုသည့် လက်လုပ်သေနတ်များကိုင်ဆောင်နေကြောင်း သတင်းအရ ယနေ့ နံနက်ပိုင်းတွင် ကမ်းရိုးတန်းဒေသတိုင်းစစ်ဌာနချုပ် တပ်နယ်အသီးသီးမှ လုံခြုံရေးတပ်ဖွဲ့ဝင်များက သက်ဆိုင်ရာ ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့်အတူ သွားရောက်ရှာဖွေစစ်ဆေးပြီး အဆိုပါကျေးရွာများရှိ ဒေသခံပြည်သူများကို တရားမဝင်လက်နက်ကိုင်ဆောင်ခြင်းသည် တရားဥပဒေဖြင့်ထိရောက်စွာ အရေးယူခံရနိုင်ကြောင်း နားလည်သဘောပေါက်အောင် ရှင်းလင်းပြောကြားခဲ့သည်။

ယင်းသို့ပြောကြားမှုကြောင့် ကျေးရွာနေပြည်သူများက နားလည်သဘောပေါက်ကာ တူမီးသေနတ် ၂၇ လက်၊ လက်လုပ်သေနတ် ၃၅ လက်၊ လေးခွ ရှစ်လက်၊ ၄က်ကြီးတောင်ဓား တစ်ချောင်း၊ ဖန်ဂေါ်လီ ၉၀၀၀၊ သံဘောစေ့အကြီး ၃၀၀၀ နှင့် သံဘောစေ့အသေး ၉၀၀ တို့ကို ၎င်းတို့သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ အသီးသီးလာရောက်အပ်နှံခဲ့ကြကြောင်း သိရသည်။



အလားတူ ဧရာဝတီတိုင်းဒေသကြီး ဖျာပုံမြို့ နောက်မီးကျေးရွာအတွင်းရှိ ပြည်သူများက ယနေ့ နံနက်ပိုင်းတွင် လက်လုပ်သေနတ် ၁၅ လက်ကို ၎င်းတို့သဘောဆန္ဒအလျောက် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လာရောက်အပ်နှံခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ ဆူပူအကြမ်းဖက်သူလူစုလူဝေးအား ဖြိုခွဲစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဓားဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သူ အမျိုးသားတစ်ဦးသေဆုံး

**နေပြည်တော် မတ် ၂၅**

မန္တလေးတိုင်းဒေသကြီး ချမ်းအေးသာစံမြို့နယ်၌ ဆူပူအကြမ်းဖက်သူလူစုလူဝေးအား ဖြိုခွဲစဉ် လုံခြုံရေးတပ်ဖွဲ့ဝင်များကို ဓားဖြင့် ဝင်ရောက်တိုက်ခိုက်ခဲ့သူ အမျိုးသားတစ်ဦး သေဆုံးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ မတ် ၂၄ ရက် ည ၁၁ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် မန္တလေးမြို့ပေါ်ရပ်ကွက်များအတွင်း ရပ်ရွာအေးချမ်းသာယာရေးနှင့် တရားဥပဒေစိုးမိုးရေးတို့ အတွက် လှည့်ကင်းယာဉ်များဖြင့် ညပိုင်းလှည့်ကင်း ဆောင်ရွက်နေစဉ် ချမ်းအေးသာစံမြို့နယ် သင်္ဘောအရှေ့ဘက်လမ်း၊ ၂၉ x ၃၀ လမ်းထောင့်အရောက်တွင် ဆူပူအကြမ်းဖက်သူ လူစုလူဝေး အင်အား ၅၀ ခန့်က လုံခြုံရေးတပ်ဖွဲ့ဝင်များကို တားဆီးပိတ်ဆို့ကာ အော်ဟစ်ဆဲဆိုပြီး တာဝန်ဆက်လက်ထမ်းဆောင်၍ မရအောင် လေးခွ၊ ဂျင်ကလိ၊ ကျောက်ခဲများဖြင့် အကြောင်းမဲ့ ရန်ပြု အကြမ်းဖက်ပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ခြောက်လှန့် ပစ်ခတ်လူစုခွဲခဲ့ရာ ည ၁၁ နာရီခွဲခန့်တွင် လူစုကွဲသွားခဲ့ပြီး လုံခြုံရေးတပ်ဖွဲ့ဝင်နှစ်ဦးကို ဓားဖြင့် ဝင်ရောက်ထိုးခုတ်တိုက်ခိုက်ခဲ့သူ အမျိုးသားတစ်ဦးမှာ ထိခိုက်ဒဏ်ရာရရှိ သေဆုံးခဲ့ကြောင်း။

ဆူပူအကြမ်းဖက်သူ လူစုလူဝေး၏ အကြောင်းမဲ့ရန်ပြု အကြမ်းဖက်တိုက်ခိုက်မှုကြောင့် လုံခြုံရေးတပ်ဖွဲ့သုံး မော်တော်ယာဉ်နှစ်စီး ထိခိုက်ပျက်စီးခဲ့ပြီး အဆိုပါအကြမ်းဖက် လူအုပ်စုအတွင်းမှ ချမ်းအေးသာစံမြို့နယ်၊ ဒေးဝန်း အနောက်ရပ်ကွက်နေ ကျော်သူထက်(၃၀)နှစ် (ဘ) ဦးသန်းပိုပါ နှစ်ဦးကို ဆူပူအကြမ်းဖက်ရာတွင် အသုံးပြုခဲ့သည့် ဓားရှည်တစ်ချောင်း၊ ဓားမြှောင် တစ်ချောင်း၊ စမုတ်တံများ၊ သံချွန်တစ်ချောင်း၊ လေးခွ၊ လေးသီး၊ ဖန်ဂေါ်လီများနှင့်အတူ ဖမ်းဆီးရမိခဲ့ကြောင်း။

အထက်ပါ ဆူပူအကြမ်းဖက်မှုဖြစ်စဉ်အတွင်း လူသေဆုံးမှုအား ရဲလုပ်ငန်းစဉ်နှင့်အညီ သေမှုသေခင်းရေးဖွင့်ပြီး ဖမ်းဆီးရမိသူ ကျော်သူထက်ပါ နှစ်ဦးကို ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

## မန္တလေးတိုင်းဒေသကြီး မဟာအောင်မြေမြို့နယ်၌ Denko စက်သုံးဆီအရောင်းဆိုင်အား အကြမ်းဖက်လူအုပ်စုက မင်းမဲ့စရိုက်ဆန်စွာဝင်ရောက်ဖျက်ဆီး၊ ပြင်ဦးလွင်မြို့နှင့် ပြည်မြို့နယ်တို့၌ အများပြည်သူများအား အထိတ်တလန့်ဖြစ်စေရန် အသံမိုင်းများ၊ မီးပုလင်းများဖြင့် လာရောက်ပစ်ခတ်

**နေပြည်တော် မတ် ၂၅**

မဟာအောင်မြေမြို့နယ် ၅၄ လမ်းနှင့် သိပ္ပံလမ်းထောင့်ရှိ Denko စက်သုံးဆီအရောင်းဆိုင်ကို ယနေ့ မွန်းလွဲ ၂ နာရီတွင် မျက်နှာဖုံးများစွပ်ထားပြီး အနက်ရောင် ဝတ်ဆင်ထားသည့် အကြမ်းဖက်လူအုပ်စု အင်အား ရှစ်ဦး(စိစစ်ဆဲ)တို့သည် ဆိုင်ကယ်လေးစီးဖြင့် ရောက်ရှိလာပြီး ဆိုင်ဝန်ထမ်းများအား ဆဲဆိုခြိမ်းခြောက်ကာ ၎င်းတို့ထံတွင် အသင့်ပါလာသော ရဲဒင်း၊ တုတ်များဖြင့် ဆီပန့်ကောင်တာနှင့် ငွေစာရင်းကောင်တာများအား အကြောင်းမဲ့ရိုက်ချိုးဖျက်ဆီးသွားခဲ့သဖြင့် ဆီပန့်ကောင်တာ ငါးလုံးနှင့် ငွေစာရင်းကောင်တာ တစ်လုံးတို့ ထိခိုက်ပျက်စီးဆုံးရှုံးခဲ့သည်။

ထို့ပြင် ပြင်ဦးလွင်မြို့နယ် ရပ်ကွက်ကြီး(၈)အုပ်ချုပ်ရေးမှူးရုံးအား ယနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ် ခန့်တွင် ဆူပူအကြမ်းဖက်သူ တစ်ဦးက ဆိုင်ကယ်ဖြင့် လာရောက်၍ ဒေသန္တရလက်လုပ်မိုင်း တစ်လုံးဖြင့် လည်းကောင်း၊ မွန်းလွဲ ၁ နာရီ ၁၅ မိနစ်ခန့်တွင် ဆူပူအကြမ်းဖက်သူတစ်ဦးက ပြင်ဦးလွင်မြို့နယ် နွယ်ဝတီဟိုတယ်အား ဒေသန္တရလက်လုပ်မိုင်း တစ်လုံးဖြင့် လည်းကောင်း ပြည်သူများ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ အသီးသီးလာရောက် ပစ်ခတ်ခဲ့ရာ အသံမြည်ရုံသာကွဲခဲ့ပြီး ဘေးပတ်ဝန်းကျင် ထိခိုက်မှုမရှိကြောင်း သိရသည်။

ထို့အတူ ပဲခူးတိုင်းဒေသကြီး ပြည်မြို့နယ်ရှိ ရဲစခန်းဝင်းအတွင်းသို့ ယနေ့ မွန်းလွဲ ၂ နာရီ ၅၅ မိနစ်ခန့်တွင် အမျိုးသား သုံးဦးက ရေနံဆီထည့်ထားသည့် မီးပုလင်းများဖြင့် ပစ်ပေါက်ခဲ့ရာ လုံခြုံရေးတပ်ဖွဲ့ဝင်များက ခြောက်လှန့်ပစ်ခတ်ခဲ့သဖြင့် အဆိုပါအမျိုးသား သုံးဦးမှာ ပြန်လည်ထွက်ပြေးသွားခဲ့ပြီး မီးပုလင်းဖြင့် ပစ်ပေါက်မှုကြောင့် ရဲစခန်းဝင်းအတွင်းရှိ သက်သေခံ ဆိုင်ကယ်လေးစီးမှာ အနည်းငယ်မီးလောင်ပျက်စီးဆုံးရှုံးခဲ့ကြောင်း သိရသည်။

ယခုကဲ့သို့ စက်သုံးဆီအရောင်းဆိုင်အား မင်းမဲ့စရိုက်ဆန်စွာ ဝင်ရောက်ဖျက်ဆီးခဲ့သူများနှင့် အများပြည်သူများ အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်ပြီး အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်ခဲ့သူများကို အမြန်ဆုံးဖော်ထုတ်ဖမ်းဆီးရမိနိုင်ရေးနှင့် ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေးအတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက စုံစမ်းစစ်ဆေးမှုများ ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# လုံခြုံရေးတပ်ဖွဲ့ဝင်များက နေရာဒေသအချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် လက်ဝယ်ထားရှိသူများကို ဖော်ထုတ်ဖမ်းဆီး

**နေပြည်တော် မတ် ၂၅**

လုံခြုံရေးတပ်ဖွဲ့ဝင်များက နေရာဒေသအချို့၌ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်၊ ပစ္စည်း၊ ကိရိယာများနှင့် လက်ဝယ်ထားရှိသူများကို ဖော်ထုတ်ဖမ်းဆီးခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

**ဝင်ရောက်ရှာဖွေ**

အဆိုပါ သတင်းထုတ်ပြန်ချက်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် ယနေ့နံနက် ၈ နာရီခွဲခန့်က ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုရန်အတွက် လက်နက်ကိရိယာများ သိမ်းဆည်းထားရှိကြောင်း သတင်းအရ ထားဝယ်မြို့ ကြက်စားပြင်ရပ်ကွက် (၈)လမ်းနေ ဝေယံဌေး(ခ)ဝေယံ၏ နေအိမ်အား ဝင်ရောက်ရှာဖွေခဲ့ရာ နေအိမ်အတွင်း ဝေယံဌေး(ခ) ဝေယံ(၂၃)နှစ် (ဘ) ဦးကျော်နိုင် အပါအဝင် တစ်ရပ်ကွက်တည်းနေ ဖြိုးမင်းကို (၂၂)နှစ် (ဘ)ဦးညီညီလွင်နှင့် မင်းကိုဦး (၂၈)နှစ်) (ဘ) ဦးညိုဝင်းတို့ သုံးဦးကို တွေ့ရှိရသဖြင့် ထိန်းသိမ်းခဲ့ပြီး ဆက်လက်ရှာဖွေခဲ့ရာ နေအိမ်အတွင်းမှ ဂက်(စ်)သေနတ် တစ်လက်၊ သံဘောစိ ၁၀၀ ပါ သံဘူးနှစ်ဘူး၊ သံဘောစိကြီး နှစ်လုံး၊ ဓာတ်ငွေ့ကာ




မျက်နှာဖုံးသုံးခုနှင့် ကျည်ကာအင်္ကျီ တစ်ထည်တို့ကို တွေ့ရှိသိမ်းဆည်းရမိခဲ့ကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဝေယံဌေး၏နေအိမ်ကို ဝင်ရောက်ရှာဖွေနေစဉ် နံနက် ၈ နာရီ မိနစ် ၅၀ ခန့်တွင် လူစုလူဝေးအင်အား ၃၀ ခန့် စုဝေးရောက်ရှိလာပြီး ဆူပူဆန္ဒပြနေသဖြင့် အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ နံနက် ၉ နာရီတွင် လူစုကွဲသွားခဲ့ကြောင်း။

အလားတူ နံနက် ၉ နာရီ ၁၅ မိနစ်တွင် လုံခြုံရေးတပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် မရမ်းကုန်းမြို့နယ် အမှတ်(၃)ရပ်ကွက် ဗိုလ်ချုပ်လမ်း အောင်သဇင်ဓမ္မာရုံသို့ သတင်းအရ ဝင်ရောက်ရှာဖွေခဲ့ရာ ရဲလင်းထက် (၂၁)နှစ် (ဘ) ဦးအောင်လင်း၊ ဖွဲ့သီဟ (၂၀)နှစ် (ဘ) ဦးကိုကိုအောင်၊ ဇင်မင်းပိုင် (၁၂)နှစ် (ဘ) ဦးအေးပိုင်၊ အာကာဦး (၁၇)နှစ် (ဘ) ဦးသန်းနိုင်စိုးနှင့် သက်ပိုင်ဦး (၁၇)နှစ် (ဘ) ဦးသံချောင်းတို့ ငါးဦးကို တွေ့ရှိရသဖြင့် ထိန်းသိမ်းခဲ့ပြီး ဆက်လက်ရှာဖွေခဲ့ရာ ဓမ္မာရုံအတွင်းမှ ဂျင်ကလိအချောင်း ၅၀၊ ကျည်ကာအင်္ကျီ ငါးထည်၊ လက်လုပ်ဗုံးငါးလုံး၊ ဓားနှစ်ချောင်း၊ မီးခိုးကာမျက်မှန် ကိုးခု၊ ကယ်ဆယ်ရေးအင်္ကျီ ၁၀ ထည်နှင့် ဆက်စပ်ပစ္စည်းကိရိယာများ သိမ်းဆည်းရမိခဲ့ကြောင်း။

ထိုကဲ့သို့ ဆူပူအကြမ်းဖက်မှုလုပ်ရပ်များတွင် အသုံးပြုမည့် လက်နက်ကိရိယာများ သိမ်းဆည်းရမိမှုနှင့်ပတ်သက်၍ ဖမ်းဆီးရမိသူများအား ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**သတင်းစဉ်**

# ခင်ဦးမြို့နယ်နှင့် မိုးညှင်းမြို့နယ်တို့၌ လူစုလူဝေးဖြစ်ပွားမှုကို ဖြိုခွဲထိန်းသိမ်းစဉ် သေဆုံးဒဏ်ရာရရှိသူများရှိ

**နေပြည်တော် မတ် ၂၅**

ခင်ဦးမြို့နယ်နှင့် မိုးညှင်းမြို့နယ်တို့၌ လူစုလူဝေးဖြစ်ပွားမှုကို ဖြိုခွဲထိန်းသိမ်းစဉ် သေဆုံးဒဏ်ရာ ရရှိသူများရှိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သတင်းထုတ်ပြန်ချက်အရ သိရသည်။

အဆိုပါ သတင်းထုတ်ပြန်ချက်အရ မတ် ၂၅ ရက် မွန်းလွဲ ၁၂ နာရီ ၅ မိနစ်တွင် ခင်ဦးမြို့ အောင်ချမ်းသာရပ်ကွက် ဗိုလ်ချုပ်ကြေးရုပ်ရှေ့၌ ဦးဆောင်သူ (စိစစ်ဆဲ) ဆူပူဆန္ဒပြသူ လူစုလူဝေးအင်အား ၂၀၀ ခန့်သည် ခင်ဦး-ရွှေဘိုကားလမ်းမကြီးအား အတားအဆီးများဖြင့် ပိတ်ဆို့ကာ မူးယစ်ရမ်းကား ဆူပူ အော်ဟစ်ဆန္ဒပြနေကြောင်း သတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အခြေအနေအား ထိန်းသိမ်းနိုင်ရေး သွားရောက်ခဲ့ကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆူပူအော်ဟစ်ဆန္ဒပြလူစုလူဝေးအား လူစုခွဲနိုင်ရေး ဥပဒေနှင့်အညီ ညှိနှိုင်းဖြေလျှော့မှုများ ပြုလုပ်ခဲ့သော်လည်း ဆူပူဆန္ဒပြသူများက လိုက်နာမှုမရှိသည့်အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လေးခွ၊ ဂျင်ကလိ၊ အုတ်ခဲများဖြင့် ပြန်လည်အကြမ်းဖက် ရန်ပြုပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေး လက်နက်များ



ခင်ဦးမြို့၌ လူစုလူဝေးဖြစ်ပွားမှုကို ဖြိုခွဲထိန်းသိမ်းစဉ်။



မိုးညှင်းမြို့၌ လူစုလူဝေးဖြစ်ပွားမှုကို ဖြိုခွဲထိန်းသိမ်းစဉ်။

ဖြင့် ခြောက်လှန့်ပစ်ခတ် လူစုခွဲခဲ့ရာ မွန်းလွဲ ၁၂ နာရီ ၂၅ မိနစ်တွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူ လူစုလူဝေးအတွင်းမှ အမျိုးသားတစ်ဦး သေဆုံးခဲ့ကာ ဆူပူအကြမ်းဖက်သူ အမျိုးသား ၁၆ ဦးကို ဖမ်းဆီးထိန်းသိမ်းခဲ့ရကြောင်း။

ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်တွင် လူသေဆုံးခဲ့မှုနှင့်ပတ်သက်၍ ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်းရေးဖွင့်၍ ဖမ်းဆီးရမိသူများအနက် ထိခိုက်ဒဏ်ရာရရှိခဲ့သူနှစ်ဦးကို လိုအပ်သော ဆေးဝါးကုသမှုများ ပြုလုပ်နိုင်ရန်အတွက် ခင်ဦးမြို့နယ်ပြည်သူ့ဆေးရုံသို့ ပို့ဆောင်ထားရှိပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း။

အလားတူ ယနေ့ မွန်းလွဲ ၁၂ နာရီ မိနစ်၂၀ တွင် မိုးညှင်းမြို့ မြို့မရပ်ကွက် ပြည်ထောင်စုလမ်းမကြီးနှင့် ပင်လုံလမ်းဆုံတွင် ဦးဆောင်သူ(စိစစ်ဆဲ) ဆူပူဆန္ဒပြသူ လူစုလူဝေးအင်အား ၂၀၀ ခန့်သည် ဆူပူဆန္ဒပြနေကြောင်းသတင်းအရ လုံခြုံရေးတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် အခြေအနေအား ထိန်းသိမ်းနိုင်ရေး သွားရောက်ခဲ့ကြောင်း။

လုံခြုံရေးတပ်ဖွဲ့ဝင်များက ဆူပူဆန္ဒပြလူစုလူဝေးအား လူစုခွဲနိုင်ရေး ဥပဒေနှင့်အညီ ညှိနှိုင်းဖြေလျှော့မှုများ ပြုလုပ်ခဲ့သော်လည်း ဆူပူဆန္ဒပြသူများက လိုက်နာမှုမရှိသည့်အပြင် လုံခြုံရေးတပ်ဖွဲ့ဝင်များကို လေးခွ၊ ဂျင်ကလိ၊ အုတ်ခဲ၊ မီးပုလင်း၊ လက်လုပ်သေနတ်များ အသုံးပြုကာ အရက်သေစာသောက်စားထားပြီး မူးယစ်ဆေးဝါးများ အလွန်အကျွံသုံးစွဲထားသည့် ပုံသဏ္ဌာန်များဖြင့် အသိဉာဏ်ဆင်ခြင်တုံတရားကင်းမဲ့စွာဖြင့် ပြန်လည်အကြမ်းဖက် ရန်ပြုပစ်ခတ်တိုက်ခိုက်ခဲ့သဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များက အဓိကရုဏ်းနှိမ်နင်းရေးလက်နက်များဖြင့် ခြောက်လှန့်ပစ်ခတ်လူစုခွဲခဲ့ရာ မွန်းလွဲ ၁၂ နာရီခွဲတွင် လူစုကွဲသွားခဲ့ပြီး ဆူပူအကြမ်းဖက်သူလူစုလူဝေးအတွင်းမှ အမျိုးသားနှစ်ဦး (စိစစ်ဆဲ)မှာ သေဆုံးခဲ့ကာ အမျိုးသားနှစ်ဦးတွင် ထိခိုက်ဒဏ်ရာရရှိခဲ့ကြောင်း။

ဆူပူအကြမ်းဖက်မှု ဖြစ်စဉ်တွင် လူသေဆုံးခဲ့မှုနှင့်ပတ်သက်၍ ရဲလုပ်ငန်းများနှင့်အညီ သေမှုသေခင်းရေးဖွင့်၍ ထိခိုက်ဒဏ်ရာရရှိသူနှစ်ဦးကို လိုအပ်သော ဆေးဝါးကုသမှုများ ပြုလုပ်နိုင်ရန်အတွက် မိုးညှင်းပြည်သူ့ဆေးရုံကြီးသို့ ပို့ဆောင်ထားရှိပြီး ဥပဒေနှင့်အညီ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

**❖ ကျောဖုံးမှ**

မတ် ၂၄ ရက် နံနက် ၆ နာရီ ၁၅ မိနစ်တွင် အဆိုပါ RBE ရထားသည် မန္တလေးဘူတာမှ ပြန်လည်ထွက်ခွာလာရာ ဘဲလင်း၊ ကျောက်ဆည်၊ ဟံဇား၊ သာစည်၊ ပျော်ဘွယ်၊ ရမည်းသင်း၊ တပ်ကုန်း စသည့်ဘူတာများ၌ ရပ်တန့်၍ ခရီးသည် တင်/ချမှုကို ဆောင်ရွက်ပေးခဲ့ပြီး မွန်းလွဲ ၂ နာရီခွဲတွင် နေပြည်တော်ဘူတာသို့ ပြန်လည်ရောက်ရှိခဲ့သည်။

မြန်မာ့မီးရထားအနေဖြင့် ခရီးသည်များ အဆင်ပြေစွာခရီးသွားလာနိုင်ရေးအတွက် နေပြည်တော်-သာစည်-မန္တလေးလမ်းပိုင်း၌ ခရီးတိုရထား RBE တွဲဆိုင်းဖြင့် အစုန်/အဆန် နေ့စဉ်ပြေးဆွဲပေးလျက်ရှိရာ ခရီးသည်များအနေဖြင့် မိမိတို့သွားလိုသည့်ဘူတာများသို့ လိုက်ပါစီးနင်းနိုင်ကြောင်းနှင့် လိုက်ပါစီးနင်းလိုသူများအနေဖြင့် ဘူတာများသို့ သွားရောက်မေးမြန်းစုံစမ်းနိုင်ကြောင်း သိရသည်။ **သတင်းစဉ်**

# ခရမ်းလွန်ရောင်ခြည်အန္တရာယ်ကာကွယ်ရေး အိုဇုန်းလွှာကို ထိန်းသိမ်းပေး

## တိုက်စစ်မှူး စီရိုနယ်လ်ဒို လက်ရှိကလပ် ဂျူဗင်တပ်အသင်းတွင် ဆက်ရှိမည်



ပေါ်တူဂီတိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ဂျူဗင်တပ်အသင်းနဲ့အတူ ချုပ်ဆိုထားတဲ့ လက်ရှိစာချုပ်သက်တမ်းကုန်ချိန်အထိ အသင်းမှာ ဆက်ရှိနေမှာဖြစ်တယ်လို့ ဂျူဗင်တပ်အသင်းဒုတိယဥက္ကဋ္ဌ နက်ဗက်ဒ်က ပြောကြားခဲ့ပါတယ်။

တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ စပိန်လာလီဂါကလပ်ရီးယဲလ်မက်ဒရစ်အသင်းကနေ ဂျူဗင်တပ်အသင်းဆီ ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ဂျူဗင်တပ်အသင်းဆီ ပြောင်းရွှေ့လာခဲ့ချိန်က အသင်းအတွက် အကောင်းဆုံး ရလဒ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပေမယ့် ဂျူဗင်တပ်အသင်းဟာ ယခုနှစ်ဘောလုံးရာသီမှာ အီတလီစီးရီးအေပြိုင်ပွဲမှာ ရလဒ်ကောင်းတစ်ခုကို မပိုင်ဆိုင်ခဲ့ရတဲ့အပြင် ချန်ပီယံလိဂ်ပြိုင်ပွဲမှာလည်း ၁၆ သင်းအဆင့်ကနေ ထွက်ခဲ့ရတာဖြစ်ပါတယ်။

ကမ္ဘာ့အကောင်းဆုံး ကစားသမားကို ပေးအပ်ချီးမြှင့်တဲ့ ဘာလွန်းဒီအောဆုကို ငါးကြိမ်အထိ ရယူဆွတ်ခူးနိုင်ခဲ့တဲ့ တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ကစားသမားဘဝဖြတ်သန်းမှုမှာ ပါဝင်ကစားခဲ့တဲ့အသင်းတိုင်းမှာ အကောင်းဆုံး ရလဒ်ရရှိအောင် စွမ်းဆောင်ပေးနိုင်ခဲ့ပေမယ့် ယခုနှစ် ဘောလုံးရာသီမှာတော့ ဂျူဗင်တပ်အသင်းအတွက် ရလဒ်ကောင်းတစ်ခုရရှိအောင် မစွမ်းဆောင်နိုင်ခဲ့တာဖြစ်ပါတယ်။

အဲဒီလို ရလဒ်ပိုင်းမကောင်းခဲ့ပေမယ့် တိုက်စစ်မှူး စီရိုနယ်လ်ဒိုဟာ ယခုစာချုပ်သက်တမ်းကုန်ဆုံးမယ့် ၂၀၂၂ ခုနှစ် ဇွန် ၃၀ ရက်အထိ ဂျူဗင်တပ်အသင်းမှာ ဆက်ရှိနေဖို့ရှိနေတယ်လို့ ဂျူဗင်တပ်အသင်း ဒုတိယဥက္ကဋ္ဌ နက်ဗက်ဒ်က ပြောကြားခဲ့တာဖြစ်ပါတယ်။

**ငွေကြယ် - ရေးသားသည်**

**ကမ္ဘာ့ အပူချိန် လျှော့ချဖို့ အိုဇုန်းလွှာ ကာကွယ်မှု နဲ့အတူ ဆက်လက် ဆောင်ရွက်စို့**

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**ရန်ကုန်တိုင်းဒေသကြီးစီမံအုပ်ချုပ်ရေးကောင်စီ**
**ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ**
**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**
**အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း**

၁။ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီရှိ လုပ်ငန်းတာဝန်ခံအဖွဲ့များတွင် အသုံးပြုရန်အတွက် လိုအပ်သောအောက်ဖော်ပြပါ လုပ်ငန်းသုံးပစ္စည်းများကို သတ်မှတ်နေရာအရောက်ကျပ်ငွေဖြင့်ဝယ်ယူလိုပါသဖြင့် စိတ်ပါဝင်စားသည့်လုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါများ ပေးသွင်းနိုင်ပါကြောင်း ဖိတ်ခေါ်အပ်ပါသည်-

| စဉ် | ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|---|
| (က) | ဘိလပ်မြေ | ၃၄၉၅၄၀ အိတ် |
| (ခ) | သံချောင်းလုံးအရွယ်စုံ(၇)မျိုး | ၁၁၂၅ တန် |
| (ဂ) | MS Plate (12 mm) | ၁၀၀ ချပ် |
| (ဃ) | H.Beam | ၁၅.၆၉၇ တန် |
| (င) | တာယာ (၁၈) မျိုး | ၁၅၆၆ လုံး/စုံ |
| (စ) | ဘက်ထရီ (၁၃) မျိုး | ၁၄၀၄ လုံး |
| (ဆ) | စက်ဆီ/ချောဆီ (၉) မျိုး | ၁၈၇၄၄ ဂါလန်/ ၅၀၄၀ Kg/ ၃၀၀Liter |

၂။ အိတ်ဖွင့်တင်ဒါပုံစံနှင့်စည်းကမ်းချက်များကို ၃၀-၃-၂၀၂၁ရက်မှစ၍ ရောင်းချမည်ဖြစ်ပြီး အိတ်ဖွင့်တင်ဒါများကို ၂၆-၄-၂၀၂၁ရက်၊ ၁၂:၀၀ နာရီ နောက်ဆုံးထား၍ တင်သွင်းရန်ဖြစ်ပါသည်။ တင်ဒါစိစစ်ရွေးချယ်မည့်ရက်အား ထပ်မံအကြောင်းကြားပါမည်။

၃။ တင်ဒါပုံစံအား မြို့တော်ခန်းမ (ပထမထပ်)၊ ဘဏ္ဍာရေးနှင့် ငွေစာရင်းဌာန၊ ပစ္စည်းဝယ်ယူရေးဌာနစုတွင် ဝယ်ယူနိုင်ပါသည်။ အသေးစိတ်အချက်အလက်များကို ဖုန်းအမှတ် ၀၁-၃၈၈၇၃၂ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**ပစ္စည်းဝယ်ယူရေးတင်ဒါကော်မတီ**

**တစ်ဦးတည်းဖြစ်ပါကြောင်း**

ပြည်ထောင်စုအစိုးရအဖွဲ့ရုံးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ (ဘ)ဦးလှိုင်၏သမီး ဌာနခွဲစာရေး ဒေါ်တင်တင်နု[၁၃/မမတ(နိုင်)၀၀၈၅၄၃]နှင့် နန်းတင်တင်နုမှာ တစ်ဦးတည်းဖြစ်ပါကြောင်း။

**အမည်ပြောင်း**

ဦးရဲမင်းထွန်း [၁၂/ မရက(နိုင်)၁၁၁၇၆၇]၏သမီး နေပြည်တော်၊ ဇမ္ဗူသီရိမြို့နယ်၊ ပညာသိဒ္ဓိရပ်ကွက်၊ ခရေအိမ်ရာ၊ တိုက်(၂၆)၊ အခန်း (၁)နေ မခင်ရတနာမြတ်အား မခင်ရတနာဟု ပြောင်းလဲခေါ်ပါရန်။

# အနုပညာ




## ကတ်တီပါရီနဲ့ တေလာဆွစ်တို့ တေးသီချင်း တွဲဖက်ဖန်တီးဖို့ အလားအလာရှိ

ကျော်ကြားတဲ့ အမေရိကန်ပေါ့ပ်ကြယ်ပွင့်တစ်ဦးဖြစ်သူ ကတ်တီပါရီက တေလာဆွစ်နဲ့တွဲဖက်ကာ တေးသီချင်း ထုတ်လွှင့်သွားဖို့ရာ အစီအစဉ်ရှိကြောင်း လတ်တလောမှာ အရိပ်အမြွက်ဆိုခဲ့ကြောင်း အေးရှားဝမ်းဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

အမေရိကန် အိုင်ဒေါအဆိုပြိုင်ပွဲရဲ့ ဒိုင်တစ်ဦးလည်းဖြစ်တဲ့ ကတ်တီပါရီက အဆိုပါ ပြိုင်ပွဲရဲ့ အစီအစဉ်တစ်ခုမှာ တေလာဆွစ်နဲ့ တေးသီချင်း တွဲဖက်ဖန်တီးမယ့် အကြောင်းနဲ့ ပတ်သက်ပြီး ပြောကြားခဲ့တာပါ။ ကတ်တီပါရီက ပြိုင်ပွဲမှာ အခြားသောဒိုင်နှစ်ဦးဖြစ်တဲ့ လုခ်ဘရိုင်ယန်နဲ့ လီယွန်နယ်ရစ်ချီတို့ကို သူ့အနေနဲ့ တေလာဆွစ်နဲ့ တွဲဖက်ကာ တေးသီချင်းဖန်တီးပါက မည်သို့ဖြစ်နိုင်မည်ကို မေးမြန်းခဲ့ပါတယ်။

ကတ်တီပါရီ ယခုလို ပြောကြားခဲ့ပြီးနောက် အချို့သော ပရိသတ်တွေက လူမှုကွန်ရက်မီဒီယာတွေပေါ်မှာ စိတ်လှုပ်ရှားကြောင်း ရေးသားဖော်ပြခဲ့ကြတာကိုလည်း တွေ့ရပါတယ်။ အချို့ကတော့ သူတို့ရဲ့ အိပ်မက်တွေ အမှန်တကယ်ဖြစ်လာဖို့ ကျော်ကြားတဲ့ တေးသံရှင်နှစ်ဦးဖြစ်တဲ့ ကတ်တီပါရီနဲ့ တေလာဆွစ်တို့ကို တေးသီချင်းတွဲဖက်ဖန်တီးဖို့ရာ တောင်းဆိုကြတာကိုလည်း တွေ့ရပါတယ်။

ကတ်တီပါရီနဲ့ တေလာဆွစ်တို့ဟာ အစပိုင်းမှာ ခင်မင်ခဲ့ကြသူတွေပါ။ နောက်ပိုင်းမှာ နောက်ခံအကအဖွဲ့ ကိစ္စနဲ့ပတ်သက်ကာ စတင်အဆင်မပြေ ဖြစ်ခဲ့ကြပါတယ်။ နှစ်ဦးအကြား အမုန်းတရားတွေရှိနေတဲ့ လေးနှစ်တာကာလအတွင်း သူတို့နှစ်ဦးဆက်ဆံရေး အဆင်မပြေတဲ့ အကြောင်းတွေကို အပြင်လောကမှာသာမက တေးသီချင်းတွေမှာပါ ထည့်သွင်းဖော်ပြခဲ့ကြပါတယ်။ ၂၀၁၈ ခုနှစ်အတွင်း သူတို့နှစ်ဦး ဆက်ဆံရေး ပြန်လည် အဆင်ပြေခဲ့ကြကာ လတ်တလောမှာတော့ ကတ်တီပါရီက တေးသီချင်းတွဲဖက်ဖန်တီးဖို့အတွက်ပါ စကားထဲမှာ ထည့်သွင်း ပြောကြားလာတာလည်း ဖြစ်ပါတယ်။

## အဆိုးမြင်တဲ့ အတွေးတွေကို ဖျောက်လိုက်ပြီလို့ဆိုတဲ့ ကင်ဆိုးယွန်



တောင်ကိုရီးယားရဲ့ ကျော်ကြားတဲ့ မင်းသားတစ်ဦးဖြစ်သူ ကင်ဆိုးယွန်ဟာ လတ်တလောပြုလုပ်ခဲ့တဲ့ အင်တာဗျူးမှာ သူ့ရဲ့ခံယူချက်နဲ့ စိတ်ခံစားမှုတွေ ပြောင်းလဲသွားခဲ့ရပြီဖြစ်ကြောင်း ထုတ်ဖော်ပြောကြားလာပါတယ်။ မင်းသားက သူဟာ စစ်မှုထမ်းဆောင်ပြီးနောက် ယခုလို ခံယူချက်တွေ ပြောင်းလဲခဲ့ခြင်းဖြစ်ကာ အဆိုးမြင်တဲ့ အတွေးတွေကိုလည်း ဖျောက်နိုင်ခဲ့ပြီဖြစ်ကြောင်း ရင်ဖွင့်ခဲ့တယ်လို့ စွန်ပီဒေ့ါကွန်းရဲ့ ရေးသားဖော်ပြချက်တွေအရ သိရပါတယ်။

ကင်ဆိုးယွန်ဟာ Vogue မဂ္ဂဇင်းအတွက် မျက်နှာဖုံးဓာတ်ပုံရိုက်ကူးခဲ့ကာ အဆိုပါ မဂ္ဂဇင်းနဲ့ ပြုလုပ်တဲ့ အင်တာဗျူးမှာ သူ့ရဲ့အကြောင်းကို ထုတ်ဖော်ပြောကြားခဲ့တာပါ။ မင်းသားက သူဟာ စစ်မှုထမ်းဆောင်ပြီးနောက် စိတ်ခံစားမှုနဲ့ ခံယူချက်အချို့ ပြောင်းလဲခဲ့ကြောင်း ပြောကြားခဲ့ပါတယ်။ ကင်ဆိုးယွန်က သူဟာ ယခင်က လောဘကြီးတတ်သူတစ်ဦးဖြစ်ပေမယ့် စစ်မှုထမ်းဆောင်ပြီးနောက် အရာရာမှာ လောဘကြီးတာထက် အံဝင်ခွင်ကျဖြစ်အောင် ကြိုးစားဖို့လိုအပ်ကြောင်း သိခဲ့ရတယ်လို့ ဆိုပါတယ်။ ဒါ့အပြင်သူက စစ်မှုထမ်းဆောင်ပြီးနောက် သူ့ရဲ့မကောင်းမြင်တတ်တဲ့ အတွေးတွေကိုလည်း ဖျောက်ဖျက်ပစ်နိုင်ခဲ့ပြီဖြစ်တယ်လို့ ဆိုပါတယ်။

ကင်ဆိုးယွန်က သူဟာ အတွေးလွန်တတ်သူတစ်ဦးဖြစ်ကြောင်း၊ လက်ရှိမှာ သူဟာ အရှိကိုအရှိအတိုင်း လက်ခံနိုင်ပြီဖြစ်ကြောင်း၊ တတ်နိုင်သမျှ အကောင်းဘက်က မြင်နိုင်ဖို့ရာ ကြိုးစားနေကြောင်းနဲ့ နက်နက်ရှိုင်းရှိုင်း တွေးမိခြင်းဟာ အရာရာကို ဆုံးရှုံးရလေ့ရှိပြီး အသစ်အသစ်တွေကိုလည်း စတင်ဖို့ရာ ကြိုးစားချင်စိတ်အပေါ် အဆိပ်အတောက်ဖြစ်စေကြောင်းလည်း သူက ဆိုပါတယ်။

ဒါ့အပြင် ကင်ဆိုးယွန်က သူ့အနေနဲ့ စစ်မှုထမ်းဆောင်ပြီးနောက် ပထမဆုံးပြန်လည်ရိုက်ကူးခဲ့တဲ့ ဇာတ်လမ်းတွဲရုပ်ရှင် It's Okay to Not Be Okay နဲ့ ပတ်သက်ပြီးလည်း ပြောကြားခဲ့ပါတယ်။ မင်းသားက အဆိုပါ ဇာတ်လမ်းတွဲဟာ သူ့ရဲ့ အနုပညာသက်တမ်းတစ်လျှောက် တကယ့်ကို စိတ်သက်သောင့်သက်သာနဲ့ ရွေးချယ်ခဲ့တဲ့ ဇာတ်လမ်းတွဲတစ်ခုဖြစ်ကာ သူ့အနေနဲ့ ရိုက်ကူးလိုတဲ့ ဇာတ်လမ်းမျိုးလည်းဖြစ်တယ်လို့ ဆိုပါတယ်။

ကင်ဆိုးယွန်ဟာ လတ်တလောမှာ That Night လို့ ယာယီအမည်ပေးထားတဲ့ ဇာတ်လမ်းတွဲရုပ်ရှင်မှာ ပါဝင်သရုပ်ဆောင်နေပါတယ်။ အဆိုပါ ရုပ်ရှင်ဟာ BBC က ထုတ်လွှင့်ခဲ့တဲ့ Criminal Justice ကို ပြန်လည်ရိုက်ကူးထားတာဖြစ်ပြီး ကင်ဆိုးယွန်နဲ့အတူ ချာဆန်ဝင်က တွဲဖက်ပါဝင်ထားတာဖြစ်ပါတယ်။ ကိုရီးယားမှာ ပြန်လည်ရိုက်ကူးသွားမယ့် အဆိုပါ ဇာတ်လမ်းတွဲအတွက် လက်ရှိမှာ အပိုင်းရှစ်ပိုင်းစာ ပြင်ဆင်ထားပြီးဖြစ်ပေမယ့် ထုတ်လွှင့်မယ့်အချိန်နဲ့ အစီအစဉ်ကိုတော့ လက်ရှိအချိန်အထိ ထုတ်ဖော်ပြောကြားခြင်း မရှိသေးဘူးလို့လည်း သိရပါတယ်။

**အေးပြည့်- စုစည်းသည်**


နေ့စဉ် သတင်းမှန်၊ အမြင်မှန်၊ တကယ်အချက်အလက်မှန်များကို
မှန်မှန် မြန်မြန် သိလိုပါသလား ?
မြန်မာ့အလင်း
Myanma Alinn Daily
ကြေးမုံ
The Mirror Daily
THE GLOBAL NEW LIGHT OF MYANMAR
ဖတ်ရှုနိုင်ပါပြီ။
ဆက်သွယ် မှာယူနိုင်ပါသည်-
မြန်မာ့အလင်း 01 - 9544 317, 09 - 4480 422 14
ကြေးမုံ 01 - 8292 830, 09 - 4500 255 70
The Global New Light of Myanmar
01 - 8604 532, 09 - 9839 249 91

# မတ်လ (၁) ရက်နေ့မှ (၃၁) ရက်နေ့အထိ (၁၅၀)ယူနစ်အား ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့်(အခမဲ့)ကို ထပ်မံပေးသွားမည်

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်**
**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**
**ပြည်သူသို့ အသိပေးတင်ပြချက်**
၁၃၈၂ ခုနှစ်၊ တပေါင်းလဆန်း ၁၃ ရက်
( ၂၀၂၁ ခုနှစ်၊ မတ်လ ၂၅ ရက်)

၁။ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ ကုသရေး ဗဟိုကော်မတီမှ (COVID–19)ရောဂါပိုးကူးစက်ပျံ့နှံ့မှုကို ဆက်လက်ထိန်းချုပ်ဆောင်ရွက်ရန် လိုအပ်ပါသဖြင့် ပြည်ထောင်စုအဆင့်အဖွဲ့အစည်းများ၊ ပြည်ထောင်စုဝန်ကြီးဌာနများမှ Coronavirus Disease 2019 (COVID–19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် (၂၈–၂–၂၀၂၁) ရက်နေ့အထိ ထုတ်ပြန်ထားသော ပြည်သူသို့ ပန်ကြားချက်၊ အမိန့်၊ အမိန့်ကြော်ငြာစာ၊ ညွှန်ကြားချက်များ(ဖြေလျှော့ပေးသည့် ကိစ္စရပ်များမပါ)အား (၃၁–၃–၂၀၂၁) ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်ဆောင်ရွက်ထားပါကြောင်း ၂၆–၂–၂၀၂၁ ရက်နေ့တွင် အသိပေးကြေညာခဲ့ပါသည်။

၂။ လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် COVID–19 ဖေဖော်ဝါရီလ (၁) ရက်နေ့မှ ဖေဖော်ဝါရီလ(၂၈) ရက်နေ့အထိ (၁၅၀) ယူနစ်အား ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့် (အခမဲ့) ပေးသွားမည်ဖြစ်ပါကြောင်း ၂၀၂၁ ခုနှစ်၊ ဖေဖော်ဝါရီလ (၁၈)ရက်နေ့တွင် သတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်ပါသည်။

၃။ ယခုအခါ Coronavirus Disease 2019 (COVID – 19) ကာကွယ်၊ ထိန်းချုပ်၊ တားဆီးရေးအတွက် (၂၈–၂–၂၀၂၁) ရက်နေ့အထိ ရက်တိုးမြှင့်သတ်မှတ်သည့်အတွက် မတ်လ(၁)ရက်နေ့မှ မတ်လ(၃၁)ရက်နေ့အထိ (၁၅၀)ယူနစ်အား ဓာတ်အားခကျသင့်ငွေ ကင်းလွတ်ခွင့်(အခမဲ့)ကို ထပ်မံပေးသွားမည်ဖြစ်ပါသည်။

၄။ ထို့ကြောင့် ၂၀၂၁ ခုနှစ်၊ မတ်လ (၁) ရက်နေ့မှ (၃၁)ရက်နေ့အထိ ပြည်သူများ၊ ဘာသာရေးအဖွဲ့အစည်းများနှင့် ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများ(သံရုံးများ၊ ကုလသမဂ္ဂနှင့် နိုင်ငံတကာအဖွဲ့အစည်းများ (မပါ))အတွက် အိမ်သုံးအမျိုးအစား လျှပ်စစ်ဓာတ်အားသုံးစွဲမှု ၁ ယူနစ်မှ ၁၅၀ ယူနစ်ထိ စုစုပေါင်း(၁၅၀)ယူနစ်ကို ငွေကြေးကောက်ခံမှု ကင်းလွတ်ခွင့်(အခမဲ့) ရရှိမည်ဖြစ်ပါသည်။

၅။ သို့ပါ၍ သုံးစွဲခဲ့သော လျှပ်စစ်ဓာတ်အားသုံးစွဲမှုယူနစ်များ အနက်မှ လျှပ်စစ်ဓာတ်အားသုံးစွဲမှု (၁)ယူနစ်မှ (၁၅၀)ယူနစ်အထိ သုံးစွဲသူများကို သုံးစွဲယူနစ်အလိုက် ဓာတ်အားခကျသင့်ငွေနှင့် မီတာဝန်ဆောင်ခအပါအဝင် ကင်းလွတ်ခွင့် (အခမဲ့)ရရှိမည်ဖြစ်ပြီး (၁၅၁) ယူနစ်နှင့်အထက် သုံးစွဲသူများကို ယူနစ် (၁၅၀)အတွက် ဓာတ်အားခကျသင့်ငွေ (၁၁၅၅၀/–) ကင်းလွတ်ခွင့်(အခမဲ့)ရရှိမည် ဖြစ်ပါသည်။

၆။ အိမ်သုံးအမျိုးအစား၌ လျှပ်စစ်မီးသုံးစွဲသူများမှ (၁၅၁) ယူနစ်နှင့်အထက် သုံးစွဲမှုများအား အလွှာလိုက်သတ်မှတ်ချက်နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။ အထူးကိစ္စတစ်ရပ်အနေဖြင့် ကင်းလွတ်ခွင့်ပြုခဲ့သော အိမ်သုံးမဟုတ်သည့် အမျိုးအစားတွင် ပါဝင်သည့် အစိုးရမဟုတ်သော အဖွဲ့အစည်းများအုပ်စုမှ ပြည်တွင်းလူမှုရေးအဖွဲ့အစည်းများမှအပ ကျန်သုံးစွဲသူများအားလုံးသည် ယခင်သတ်မှတ်နှုန်းထားများအတိုင်း ပေးဆောင်ရမည်ဖြစ်ပါသည်။

**လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန**

ကြေးမုံ ယနေ့ ဖတ်စရာ


**လာအိုနိုင်ငံ၌ ကိုဗစ်-၁၉ ရောဂါဆိုင်ရာ ကျန်းမာရေးစည်းမျဉ်းများနှင့်အညီ နှစ်သစ်ကူးပွဲတော် ကျင်းပမည်**
စာမျက်နှာ » ၁၃

**ရန်ကုန်မြို့အတွင်းရှိ လမ်းမကြီးများပေါ်၌ ခရီးသွားပြည်သူများ၊ မော်တော်ယာဉ်များ ပုံမှန်နီးပါး စည်ကားများပြား**
စာမျက်နှာ » ၁၇

**ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်၏ သတင်းထုတ်ပြန်ချက်**
စာမျက်နှာ » ၁၈

**ပါတီနှင့်တူသော ပါတီများဖြစ်ရန် လိုအပ်သည်**
စာမျက်နှာ » ၂၀




# မြန်မာ့မီးရထားမှ နေပြည်တော်–မန္တလေးလမ်းပိုင်း၌ ခရီးသည်များ သွားလာမှုအဆင်ပြေစေရန် လူစီးရထားပြေးဆွဲ

နေပြည်တော် မတ် ၂၅

လမ်းပန်းဆက်သွယ်ရေးလုပ်ငန်းများ ချောမွေ့အဆင်ပြေစွာ သွားလာနိုင်ရေးအတွက် မြန်မာ့မီးရထားသည် မတ် ၂၃ ရက်တွင် RBE (၂)တွဲပါ လူစီးရထားတွဲဆိုင်းဖြင့် နေပြည်တော်–သာစည်–မန္တလေးခရီးစဉ်ကို ခရီးသွားပြည်သူများ အဆင်ပြေစွာ သွားလာနိုင်ရန် စီစဉ်ပြေးဆွဲပေးခဲ့သည်။

နေပြည်တော်–မန္တလေးလမ်းပိုင်းတစ်လျှောက်ရှိ တပ်ကုန်း၊ ရမည်းသင်း၊ ပျော်ဘွယ်၊ သာစည်၊ ဟံဇား၊ သဲတော၊ မြစ်သား၊ ကျောက်ဆည် စသည့်ဘူတာများ၌ ရပ်တန့်၍ ခရီးသည် တင်/ချမှုကို ဆောင်ရွက်ပေးခဲ့ပြီး မွန်းလွဲ ၂ နာရီ ၂၅ မိနစ်တွင် မန္တလေးဘူတာသို့ ဆိုက်ရောက်ခဲ့သည်။

**စာမျက်နှာ ၂၈ ကော်လံ ၁ သို့ ❖**

# ဒီဘရိုင်းနဲ့ လူကာကူတို့ရဲ့ သွင်းဂိုးတွေနဲ့ ဝေးလ်အသင်းကို ဘယ်လ်ဂျီယံအသင်း အနိုင်ရရှိ



၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲ ခြေစစ်ပွဲစဉ်အဖြစ် မတ် ၂၄ ရက်ညပိုင်းက ယှဉ်ပြိုင်ကစားခဲ့တဲ့ ဘယ်လ်ဂျီယံအသင်းနဲ့ ဝေးလ်အသင်းတို့ရဲ့ ပွဲစဉ်မှာ နည်းပြမာတီနက်ဇ်ရဲ့ ဘယ်လ်ဂျီယံအသင်းဟာ ဒီဘရိုင်း၊ လူကာကူတို့ရဲ့ သွင်းဂိုးတွေအပါအဝင် သုံးဂိုး–တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့ပါတယ်။

ဘယ်လ်ဂျီယံအသင်းနဲ့ ဝေးလ်အသင်းတို့ရဲ့ ခြေစစ်ပွဲစဉ်မှာ ဝေးလ်အသင်းက ဝီလ်ဆင်ရဲ့ ပွဲကစားချိန် ၁၀ မိနစ်မှာ သွင်းယူခဲ့တဲ့ သွင်းဂိုးနဲ့ ဦးဆောင်ဂိုး စတင်ရရှိခဲ့ပေမယ့် ဘယ်လ်ဂျီယံအသင်းက ပွဲကစားချိန် ၂၂ မိနစ်မှာ ဒီဘရိုင်းရဲ့ သွင်းဂိုး၊ ပွဲကစားချိန် ၂၈ မိနစ်မှာ သော်ဂန်ဟာဇက်ရဲ့သွင်းဂိုးနဲ့ ပွဲကစားချိန် ၇၃ မိနစ်မှာ လူကာကူရဲ့ ပင်နယ်တီသွင်းဂိုးတွေရရှိခဲ့တာကြောင့် ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်ရဲ့ အဖွင့်ပွဲစဉ်မှာ အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။

ဘယ်လ်ဂျီယံအသင်းဟာ ၂၀၂၂ ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ချန်ပီယံအသင်းဖြစ်ဖို့ ရေပန်းစားနေတဲ့အသင်းဖြစ်ပြီး လက်ရှိ ဘယ်လ်ဂျီယံအသင်းနည်းပြရောဘတ်တိုမာတီနက်ဇ်လက်ထက်မှာ ဘယ်လ်ဂျီယံအသင်း ယှဉ်ပြိုင်ကစားခဲ့တဲ့ နိုင်ငံတကာပွဲစဉ် ၅၁ ပွဲမှာ သွင်းဂိုးစုစုပေါင်း ၁၅၃ ဂိုးအထိ သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဘယ်လ်ဂျီယံအသင်းဟာ ဝေးလ်အသင်းကို အနိုင်ရရှိခဲ့ပြီးနောက် လာမယ့်ပွဲစဉ်တွေအဖြစ် မတ် ၂၇ ရက်မှာ ချက်အသင်းနဲ့ မတ် ၃၀ ရက်မှာ ဘီလာရုစ်အသင်းတို့နဲ့ ယှဉ်ပြိုင်ကစားရမှာဖြစ်ပြီး ဝေးလ်အသင်းကတော့ မတ် ၂၇ ရက်မှာ နိုင်ငံတကာချစ်ကြည်ရေးပွဲစဉ်အဖြစ် မက္ကဆီကိုအသင်းနဲ့ လည်းကောင်း၊ မတ် ၃၀ ရက်မှာ ၂၀၂၂ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်အဖြစ် ချက်အသင်းနဲ့လည်းကောင်း ယှဉ်ပြိုင်ကစားရမှာဖြစ်ပါတယ်။